# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပေါင်းလပြည့်ကျော်(၇)ရက် ၊ ကြာသပတေးနေ့ ၊ (20-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၂၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် မတ် ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိစစ်သည်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

စာမျက်နှာ ၁၆ ကော်လံ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိစစ်သည်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ကြည့်ရှုအားပေးစကားပြောကြားစဉ်။




ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင် Exhibition Venue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် ရတနာပုံ ခန်းမ

ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

(၇၈)လမ်းနှင့် (၃၈)လမ်းထောင့်၊မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉-၆၆၇၈၉၉၉၉၁၊ ၀၉-၆၆၇၈၉၉၉၉၂

ရတနာပုံ
၂၀၂၅ ခုနှစ် မတ် ၂၀ ရက်

**အယ်ဒီတာ့အာဘော်**

# ယဉ်ကျေးလိမ္မာအောင် ပြုစုပျိုးထောင်

လူမျိုးတိုင်းတွင် သက်ဆိုင်ရာယုံကြည်ကိုးကွယ်မှုများ၊ ဘာသာတရား၏အဆုံးအမများရှိကြသည်။ ဘာသာတရား၏ အဆုံးအမများအတိုင်း လိုက်နာကျင့်သုံးနေထိုင်ကြမည်ဆိုလျှင် ယဉ်ကျေးလိမ္မာသောသူများဖြစ်၍ အေးချမ်းသာယာသော လူမှုဘဝကို တည်ထောင်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်း၌ နွေရာသီ ကျောင်းပိတ်ရက်ကာလများတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များကို ယဉ်ကျေးလိမ္မာသူများဖြစ်စေရန် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှုများရှိသကဲ့သို့ မြန်မာတို့တွင်လည်း ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးစံများရှိခဲ့သည်မှာ နှစ်ပေါင်းထောင်ချီနေပြီဖြစ်သည်။ ဗုဒ္ဓဘာသာမြန်မာတို့သည် သဘာဝတရား၏ အဆုံးအမအောက်တွင် မင်္ဂလာတရား၊ သင်္ဂဟတရား၊ ဗြဟ္မစိုရ်တရားများနှင့် ဟီရိဩတ္တပ္ပတရားအပေါ်တွင်အခြေခံလျက် မောင်နှင့်နှမ၊ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ ဧည့်သည်နှင့်အိမ်ရှင်၊ ခင်ပွန်းနှင့်ဇနီး၊ မိတ်ဆွေအချင်းချင်းကြား မျှတညီညွတ်စွာ ပြုမူဆက်ဆံမှု၊ အပြန်အလှန်လေးစားမှု၊ ရိုင်းပင်းကူညီမှု၊ မေတ္တာတရားထားရှိမှု၊ စာနာထောက်ထားမှု၊ ခွင့်လွှတ်သည်းခံမှုတည်းဟူသော မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့် ကြီးပြင်းလာကြပါသည်။

ထိုမြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာများကို ရှေးဘိုးဘွားတို့အမွေပေးခဲ့သည်ဖြစ်ရာ အတုယူလိုက်နာပြီး တန်ဖိုးကျဆင်းသွားခြင်း၊ မေးမှိန်သွားခြင်းမရှိအောင် အမွေခံလူငယ်မောင်မယ်များက ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံအနာဂတ်မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူအရွယ်လူငယ်မောင်မယ်များအတွက် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်ကို အကျိုးရှိစေမည့်ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးသည်။ အဆိုပါသင်တန်းများကို ကိုးကွယ်ယုံကြည်မှုနှင့်စပ်လျဉ်းပြီး သိသင့်သိထိုက်သည့် ဘုရားရှိခိုးခြင်း၊ သီလဆောက်တည်ခြင်း၊ ဗုဒ္ဓမြတ်စွာဘုရားနှင့်ပတ်သက်သည့် သမိုင်းကြောင်းဆိုင်ရာဗုဒ္ဓဝင်နှင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူများ လက်ကိုင်ထားကျင့်သုံးရမည့် မင်္ဂလာသုတ်တော်အပါအဝင် ဘာသာရေးဗဟုသုတများကို လေ့လာသင်ယူပြီး သိရှိလိုက်နာကာ ယဉ်ကျေးသိမ်မွေ့သောမျိုးဆက်သစ်လူငယ်မောင်မယ်များဖြစ်စေရန်၊ တိုင်းစစ်ဌာနချုပ်အသီးသီးတွင် တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်မောင်မယ် များကို သင်ကြားပျိုးထောင်ပေးလျက်ရှိသည်မှာ အလွန်မွန်မြတ်၍ မင်္ဂလာရှိသောလုပ်ဆောင်မှုတစ်ခုဖြစ်ပေသည်။

ကျောင်းသား၊ ကျောင်းသူ၊ လူငယ်မောင်မယ်အရွယ်မှပင် ယဉ်ကျေးသိမ်မွေ့စေရန် ယဉ်ကျေးလိမ္မာသင်တန်းများက အရေးကြီးသည့်နည်းတူ လက်ဦးဆရာဖြစ်သော မိဘနှစ်ပါး၏သင်ပြဆုံးမမှုသည်လည်း အရေးကြီးလှပါသည်။ လူငယ်တစ်ယောက်သည် တော်နေ၊ တတ်နေရုံနှင့် မပြည့်စုံပေ။ ယဉ်ကျေးလိမ္မာရန်လည်း လိုအပ်သည်။ ငယ်စဉ်ကတည်းက ယဉ်ကျေးသိမ်မွေ့လာပါက အရွယ်ရောက်သောအခါတွင်လည်း ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံး ယဉ်ကျေးသိမ်မွေ့ပြီး လူအများ၏ချစ်ခင်မှုကို ရရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ လူငယ်များသည် အနာဂတ်တွင်ကြီးမားသောတာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်စကားအတိုင်း လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ကြရသူများဖြစ်သည်။ ထိုသို့ထမ်းဆောင်ရာတွင်လည်းကောင်း၊ လူအချင်းချင်းဆက်ဆံရာတွင်လည်းကောင်း ယဉ်ကျေးလိမ္မာမှုရှိသောသူတစ်ယောက်ဖြစ်စေရန် အထူးအရေးပါလှသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များကို ယဉ်ကျေးလိမ္မာအောင် သင်ကြားပျိုးထောင်ပေးခြင်းဖြင့် ပြည်သူတို့၏လူမှုဘဝများ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သောအနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစားတော်ပဲဧက ၁၇၈၀ ထိ ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၆ ဒသမ ၅၂ တင်း ထွက်ရှိ



**ပွင့်ဖြူ မတ် ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စားတော်ပဲဧက ၁၇၈၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၅၂ တင်း ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၃၃၁၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစားတော်ပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၁၇၈၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ စားတော်ပဲ ၃၃၁၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစားတော်ပဲ စိုက်ခင်းတွေကို ဖေဖော်ဝါရီလကစပြီး ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ စားတော်ပဲစိုက်ဧက ၁၇၈၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စားတော်ပဲသီးနှံရိတ်သိမ်းတာနဲ့ ပတ်သက်ပြီး လေလွင့်ဆုံးရှုံးမှုတွေ မဖြစ်အောင် စနစ်တကျ ရိတ်သိမ်းကြဖို့နဲ့ လိုအပ်တဲ့ ရိတ်သိမ်းခြွေလှေ့နည်းစနစ်တွေကို ကွင်းဆင်းဆောင်ရွက်ပေးပါတယ်။ ရိတ်သိမ်းပြီး သီးနှံတွေကိုလဲ အမိုးအကာအောက်မှာ သေချာစွာ သိမ်းဆည်းနိုင်အောင် လိုအပ်တာတွေ ကူညီဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ စားတော်ပဲသီးနှံစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်စေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ မြေဩဇာနှင့် သွင်းအားစုများ မှန်မှန်ကန်ကန် သုံးစွဲတတ်စေရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် စားတော်ပဲ၊ ကုလားပဲ၊ မတ်ပဲ၊ ထောပတ်ပဲ၊ ပဲယဉ်း၊ ပဲကြီး၊ ပဲလွမ်း စသည့်ပဲများကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် သီးသန့်စိုက်ပျိုးကြသကဲ့သို့ အခြားသီးနှံများနှင့် ရောနှော၍ သီးထပ်သီးညှပ်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးပိမျိုးစုံပိဿာချိန် ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးပိမျိုးစုံပိဿာချိန် ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးပိ၊ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ဒေသထွက် ငါးပိမျိုးစုံ ပိဿာချိန် ၇၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ငါးပိမျိုးစုံ ပိဿာချိန် ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေခြင်းကြောင့် တင်ပို့မှုကောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဖေဖော်ဝါရီလအတွင်း ငါးပိမျိုးစုံပိဿာချိန် အများအပြား တင်ပို့ ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်း မြို့နယ်ကနေ ထုတ်လုပ်ထွက်ရှိတဲ့ ငါးပိတွေ၊ ငါးခြောက်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ဒေသထွက် ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုလို အရောင်း အဝယ်ကောင်းလာလို့ ငါးပိလုပ်ငန်းလုပ်တဲ့သူတွေအားလုံး အလုပ်အကိုင် အခွင့်အလမ်းကောင်းနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးပိမျိုးစုံ တင်ပို့ရောင်းချရာတွင် ငါးရံ့ငါးပိ၊ ငါးခုံးမငါးပိ၊ ဂျပန်ငါးပိ၊ ငါးပနော်ငါးပိ၊ ငါးပြေမငါးပိ စသည့်ရေချိုငါးပိများ အများဆုံးတင်ပို့ရောင်းချခဲ့ကြောင်း၊ အဆိုပါ ငါးပိများမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ မှ ၄၅၀၀၀ ထိ အမျိုးအစားလိုက် ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရေကြည်မြို့နယ် ဖန်ခါးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေကြည် မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများတိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ ဖန်ခါးပင်ကျေးရွာအုပ်စု ဖန်ခါးပင်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၁၈ ရက်က အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသူ၊ အသင်းသားများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်း ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဖန်ခါးပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၈ ဦးကို ငွေကျပ်၃၅ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၆ ဒသမ ၈သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကိုငွေကျပ် ၄ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၆ ဦးကို ငွေကျပ် ၄၇ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သံသာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၅၆ အေလမ်း၊ ၁၀၄ x ၁၀၅ လမ်းကြား၊ ၈၈ ၄/၆၄ နေ ကျန်ရစ်သူမိသားစုက ဦးရဲငွေအား ရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် သိန်း ၂၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်က လက်ခံရယူစဉ်။

# ကသာခရိုင်တွင် မတ်ပဲကေအားလုံး ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၈ ဒသမ ၄၅ တင်းထွက်ရှိ



**ကသာ မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် မတ်ပဲကေအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၄၅ တင်းထွက်ရှိကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၅၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကသာမြို့နယ်တွင် ၄၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် ဧက ၁၀၁၀ စုစုပေါင်း ၁၀၅၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲ ၁၀၅၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှား ရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားလုံးမှု လုံလောက်စေမည့်အပြင် ပိုလျှံမှုကိုပါ ပြည်ပသို့ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်သောကြောင့် မတ်ပဲကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။ (၂၀၆)

# မလှိုင်မြို့နယ် ဒဟတ်ပင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**မလှိုင် မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ချစေရန် ရည်ရွယ်၍ ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို မတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဒဟတ်ပင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၄၁ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ကို ငွေကျပ် ၁၁ ဒသမ ၇၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၈၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၅၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မြောင်းမြခရိုင်တွင် စပါးကေအားလုံး စိုက်ပျိုးပြီးစီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**မြောင်းမြ မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် စပါးကေအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၁၆၃၀၇ ဧကကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်က စတင်၍ လျာထားစိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၃၂၅၀၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စပါး ၃၂၅၀၅၈ ဧကကို မြောင်းမြမြို့နယ်တွင် ၁၂၀၂၅၂ ဧက၊ အိမ်မဲမြို့နယ်တွင် ၇၆၆၆၇ ဧက၊ ဝါးခယ်မမြို့နယ်တွင် ၁၂၈၁၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြောင်းမြခရိုင်မှာစပါးဧက ၃၀၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ စပါးတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေကို လိုအပ်တဲ့သွင်းအားစုတွေနဲ့ စိုက်ပျိုးရေးနည်းပညာတွေကို အားဖြည့်ကူညီလုပ်ဆောင်ပေးခဲ့ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် သီးထပ်ရင်၊ ရက် ၉၀၊ GW-1၊ နှစ်လခွဲ၊ GW-3၊ ထိုင်းဘေးကျား စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက် ပျိုးထားကြောင်း၊ အဆိုပါနွေစပါးများ အခက်အခဲမရှိ စနစ်တကျရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနစသည့် ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဒေသမရွေး စပါးကို တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ထံမှ သိရသည်။

**ကျော်ကျော်လင်း**



# မုံတိုင်ပင်ဆရာတော်(အပိုင်း-၇)

ဗိုလ်ရှိတ်(ရတနာပူရ)

**၄၅၀ ဝါဆိုစဥ်ဘုရားရှိခိုးကျမ်း**

မုံတိုင်ပင်ဆရာတော်ကြီး ပြုစုခဲ့သော ၄၅၀ ဝါဆိုစဥ်ဘုရားရှိခိုးကျမ်းတွင် ၁၉လုံးအက္ခရာတံဆိပ်ကို ဘကြီးတော်စစ်ကိုင်းမင်းကပေးခဲ့ကြောင်း တိတိကျကျသိနိုင်သည့် အထောက်အထားကို တွေ့ရသည်။ ထိုကျမ်းနိဂုံး၌ "သက္ကရာဇ် ၁၁၉၇ ခုနှစ်တွင် ဒီပဲယင်းမြို့မြောက်လက် မုံတိုင်ဂိုဏ်းအုပ်၊ ရွှေမြို့တော်ပြာသာဒ်တိုက်အုပ်၊ သီပေါမင်းသား ဆရာဝံသာဘိလင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်သည် ရတနာပူရအင်းဝမြို့တော် ကလာကျသတ္တဌာန၊ အဋ္ဌဌာန၊ နဝဌာန စသော သီတင်းသုံးတော်မူရာကိုလည်းကောင်း၊ လေးဆယ့်ငါးဝါကာလပတ်လုံး သီတင်းသုံးတော်မူရာကိုလည်းကောင်း၊ သုံးဆယ့်သုံးရပ်အုဌ်ပြာသာဒ်ကျောင်းတော်၊ စေတီတော်တို့ကို ဆွေညာ တပည့်တကာတို့နှင့်တကွ တည်ထားကိုးကွယ်တော်မူသည်" ဟူ၍ရေးသားထားသည်။ ၁၁၉၇ ခုနှစ်တွင် ၁၉လုံးအက္ခရာတံဆိပ် ရရှိပြီးခဲ့ကြောင်းထင်ရှားသည်။ ၁၁၉၇ ခုနှစ်သည် ဘကြီးတော်မင်း လက်ထက်သာရှိသေးသည်။ သာယာဝတီမင်း လက်ထက်မဟုတ်ပေ။

အထက်တွင် ဖော်ပြခဲ့သော သုံးပုံအိတ်ထောင့်ကျမ်း၊ ပစာယနကျမ်း၊ ၄၅၀ ဝါဆိုစဥ်ဘုရားရှိခိုးကျမ်း အထောက်အထားများအရ ၁၉လုံးအက္ခရာ ဘွဲ့တံဆိပ်တော်သည် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်တွင် ရရှိခဲ့ကြောင်း ထင်ရှားလှသည်။ ၁၉လုံးအက္ခရာတံဆိပ်သည် ၁၆လုံးအက္ခရာတံဆိပ်ကဲ့သို့ မည်သည့်ခုနှစ်တွင် ရခဲ့သည်ကို တိတိကျကျမသိရသော်လည်း ဘကြီးတော်လက်ထက်ရခဲ့ကြောင်းကား တိတိကျကျသိရသည်။ တံဆိပ်နှစ်ထပ်အကြောင်းကို သုံးပုံအိတ်ထောင့်ကျမ်းတွင် ထည့်သွင်းအသုံးပြုရေးထားခြင်းကြောင့် သုံးပုံအိတ်ထောင့်ကျမ်းပြီးနှစ် ၁၁၉၁ ခုနှစ်မတိုင်မီကတည်းက ရခဲ့သည်ဟုခန့်မှန်းနိုင်သည်။ သို့ဖြစ်သောကြောင့် အက္ခရာ၁၉လုံး ဒုတိယတံဆိပ်တော်ကို သာယာဝတီမင်းကပေးခဲ့သည်ဟု ရေးသားခဲ့ခြင်းသည် မှားယွင်းနေပါသည်။ ဘကြီးတော်စစ်ကိုင်းမင်းကပေးခဲ့ခြင်းသာအမှန်ဖြစ်သည်။ အက္ခရာ၁၆လုံး ပထမတံဆိပ်တော်၊ အက္ခရာ၁၉လုံး ဒုတိယတံဆိပ်တော်နှစ်ခုစလုံးကို ဘကြီးတော်စစ်ကိုင်းမင်းက ပေးခဲ့ကြောင်းတိတိကျကျ မှတ်သားရခြင်းဖြစ်သည်။

**တံဆိပ်တော်နှစ်ခု၏အဆင့်အတန်း**

မြန်မာမင်းများလက်ထက်က ဆရာတော်၊ သံဃာတော်များကို အပ်နှင်းသော တံဆိပ်တော်များသည် သူ့အဆင့်အတန်းနှင့်သူ ရှိပေသည်။ တံဆိပ်တော် အက္ခရာအလုံးအရေအတွက် ကွာ၏။ မုံတိုင်ပင်ဆရာတော်ကြီးတို့ လက်ထက်အခါက၊ တစ်နည်း အမရပူရခေတ်အခါက ဆရာတော်များအား ဆက်ကပ်သောဘွဲ့တံဆိပ်ကို အဆင့်အတန်းလေးမျိုး ခွဲထားသည်။ ထိုလေးမျိုးမှာ–

၁။ ဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု

၂။ ဓဇမဟာဓမ္မရာဇာဓိရာဇဂုရု

၃။ ဓဇမဟာဓမ္မရာဇဂုရု

၄။ ဓဇမဟာရာဇဂုရု ဟူ၍ဖြစ်သည်။ထိုတံဆိပ်တော်လေးမျိုးတွင် ပထမတံဆိပ်သည် အဆင့်အမြင့်ဆုံးဖြစ်သည်။ သာသနာပိုင်အားကပ်လှူသည့် တံဆိပ်ဖြစ်သည်။ ဒုတိယတံဆိပ်မှာ စာကြည့်ဆရာတော်ကို ကပ်လှူသောတံဆိပ်ဖြစ်သည်။ တတိယတံဆိပ်သည် စာတည်းဆရာတော်အဆင့်၊ စတုတ္ထတံဆိပ်သည် ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်နှင့် အဝေးနယ်သို့စေလွှတ်သော သာသနာပြုဆရာတော်တို့ကို ပေးလှူသည့် တံဆိပ်ဖြစ်သည်။

မုံတိုင်ပင်ဆရာတော်ကြီး ပထမဆုံးရရှိခဲ့သော တံဆိပ်သည် တတိယအဆင့်ရှိ စာတည်းဆရာတော်တို့ကို ပေးလှူသည့် တံဆိပ်ဖြစ်သည်။ ဒုတိယမြောက်ရရှိခဲ့သောတံဆိပ်သည် စာကြည့်ဆရာတော်တို့ကိုပေးလှူသည့် တံဆိပ်ဖြစ်သည်။ မုံတိုင်ပင်ဆရာတော်သည် စာကြည့်ဆရာတော်၊ စာတည်းဆရာတော်တို့ကို ပေးအပ်သည့် တံဆိပ်နှစ်ခုစလုံးကို ရရှိခဲ့ခြင်းဖြစ်သည်။ မုံတိုင်ပင်ဆရာတော်ကြီး ရရှိခဲ့သော တံဆိပ်အထက်တွင် သာသနာပိုင်ဆရာတော်အား ကပ်လှူသည့် တံဆိပ်သာရှိတော့သည်။

ရှင်ဘုရင်သည် ဆရာတော်တို့အား ထိုအဆင့်လေးဆင့်ရှိ တံဆိပ်ကိုကပ်လှူရာတွင် အောက်ပါအချက်လေးချက်နှင့် ပြည့်စုံမှ ကပ်လှူခြင်းဖြစ်သည်။

၁။ ပါဠိအဋ္ဌကထာကျမ်းဂန်များမှစ၍ အထူးထူးသောကျမ်းဂန်တို့ကို တတ်သိလေ့လာတော်မူခြင်း။

၂။ မြို့တော်တွင် ကျောင်းဆောက်ကိုးကွယ်ခံရခြင်း။

၃။ ဂုဏ်ကြီးခြင်း။

၄။ အသက်အရွယ်အားဖြင့်ကြီးခြင်းတို့ဖြစ်သည်။

ထိုလေးချက်နှင့်ပြည့်စုံမှ တံဆိပ်တော်လေးဆင့်ကိုဆက်ကပ်သည်။ မုံတိုင်ပင်ဆရာတော်သည် ထို

> **❖တံဆိပ်တော်လေးမျိုးတွင် ပထမတံဆိပ်သည် အဆင့်အမြင့်ဆုံးဖြစ်သည်။ သာသနာပိုင်အားကပ်လှူသည့် တံဆိပ်ဖြစ်သည်။ ဒုတိယတံဆိပ်မှာ စာကြည့်ဆရာတော်ကို ကပ်လှူသောတံဆိပ်ဖြစ်သည်။ တတိယတံဆိပ်သည် စာတည်းဆရာတော်အဆင့်၊ စတုတ္ထတံဆိပ်သည် ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်နှင့် အဝေးနယ်သို့စေလွှတ်သောသာသနာပြုဆရာတော်တို့ကိုပေးလှူသည့် တံဆိပ်ဖြစ်သည်။ မုံတိုင်ပင်ဆရာတော်ကြီး ပထမဆုံးရရှိခဲ့သော တံဆိပ်သည် တတိယအဆင့်ရှိ စာတည်းဆရာတော်တို့ကိုပေးလှူသည့် တံဆိပ်ဖြစ်သည်။ ဒုတိယမြောက်ရရှိခဲ့သောတံဆိပ်သည် စာကြည့်ဆရာတော်တို့ကိုပေးလှူသည့် တံဆိပ်ဖြစ်သည်။❖**

အချက်လေးချက်နှင့် ပြည့်စုံသောကြောင့် တံဆိပ်တော်နှစ်ခုကို ဆက်ကပ်ခံရခြင်းဖြစ်သည်။

**အင်းဝမှအမရပူရသို့**

ဘကြီးတော်စစ်ကိုင်းမင်း လက်ထက်တွင် နေပြည်တော်ကို အမရပူရမှအင်းဝမြို့သို့ ပြောင်းရွှေ့ခဲ့သော်လည်း ညီတော်သာယာဝတီမင်း လက်ထက်တွင် အင်းဝမြို့၌ နေတော်မမူပေ။ အမရပူရမြို့ကို ၁၂၀၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၁ ရက် (၁၈၃၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ရက်) တွင် ပန္နက်ချ၍ စတင်တည်ကာ အင်းဝမှ အမရပူရမြို့သို့ ပြောင်းရွှေ့ခဲ့ပြန်သည်။ ထို့ကြောင့် အင်းဝမြို့သည် နေပြည်တော်အဖြစ်မှ လျော့ကျခဲ့ပြီး အမရပူရသည် မင်းနေပြည်အဖြစ် ပြန်လည်စည်ကားခဲ့ပြန်သည်။

**သီပေါမင်းသားကျောင်းဆောက်လှူဒါန်း**

အမရပူရမြို့သို့ပြောင်းရွှေ့သောအခါတွင် သီပေါမင်းသားသည် အမရပူရမြို့ အနောက်မျက်နှာရှိ ဈေးချိုတော်ထိပ်ဦးတွင် ကျောင်းကြီးတစ်ကျောင်း ဆောက်၍ထားသည်။ ဈေးချိုတိုက်ဟု အမည်တွင်သည်။သီပေါမြို့စားမင်းသားသည် ထိုဈေးချိုတိုက်ကို သူ၏ဆရာ မုံတိုင်ပင်ဆရာတော်ကို ပင့်ဆောင်၍ တင်လှူခဲ့သည်။ ထို့ကြောင့် မုံတိုင်ပင်ဆရာတော်သည် သာယာဝတီမင်းလက်ထက်တွင် သီပေါမင်းသား ဆောက်လုပ်လှူဒါန်းသော ဈေးချိုတိုက်၌ သီတင်းသုံးခဲ့ပြီး စာပေပို့ချခြင်းများကိုဆောင်ရွက်ခဲ့သည်။ထိုအချိန်ကဈေးချိုတိုက်တွင် စာသင်သား ၄၀၀ ကျော် ၅၀၀ ထိ ရှိသည်ဟုသိရသည်။ထိုကဲ့သို့ သီပေါမင်းသားက ဈေးချိုတိုက်ကို တည်ဆောက်၍လှူဒါန်းခဲ့ကြောင်းကို မုံတိုင်ပင်ဆရာတော်က သုံးပုံတံတားကျမ်း နိဂုံး၌ "မဟာအမရ၊ နဂရ၏ ၊ ပစ္ဆိမဒိသာ၊ နောက်မျက်နှာ၌ သာယာဆန်းထူး၊ ဈေးထိပ်ဦးတွင်၊ ကြည်နူးဖွယ်ရာ၊ လေးဖြာလူထု၊ အမြဲစု၍၊ ရောင်းမှုဝယ်တာ၊ လွယ်သည့်တာကြောင်း၊ ဥစ္စာခနေ၊ ပြည့်စုံကြ၍၊ သုံးဝရတနာ၊ ဆယ်ဖြာကုသလ၊ စိုက်ပျိုးကြလျက်၊ များလှဗိုလ်လူ၊ သောင်းသောင်းအုံ့မျှ၊ ဆုယူအမြိုက်၊ ဈေးချိုတိုက်ဟု၊ သမိုက်ခေါ်တွင်၊ တိုက်သာခွင်၌၊ တိုက်ရှင်ဒါယကာ၊ သဒ္ဓါညွတ်တွား၊ ထင်ရှားကျော်စော၊ သီပေါမင်းသား၊ လှူပြောတုံရှောင်း၊ မြတ်သည့်ကျောင်းဝယ်"ဟူ၍ရေးဖွဲ့ထားသည်။

**ဈေးချိုတိုက်နှင့်တောင်တွင်းတိုက်**

အမရပူရမြို့တော်တွင် မုံတိုင်ပင်ဆရာတော်ကြီး သီတင်းသုံးခဲ့သောကျောင်းကို ဈေးချိုတိုက်ဟူ၍လည်းကောင်း၊ တောင်တွင်းတိုက်ဟူ၍လည်းကောင်း သုံးနှုန်းရေးသားကြသည်။ မုံတိုင်ပင်ဆရာတော်ကြီး ကိုယ်တိုင်ရေးသားပြုစုခဲ့သောကျမ်းများတွင်ပင် တစ်ခါတစ်ရံ ဈေးချိုတိုက်ဟုရေးသလို၊ တစ်ခါတစ်ရံ တောင်တွင်းတိုက်ဟု ရေးသည်ကိုတွေ့ရသည်။ သုံးပုံတံတားကျမ်း၌ "ဈေးချိုတိုက်ဟု၊ သမိုက်ခေါ်တွင်၊ တိုက်သာခွင်၌" ဟူ၍ရေးသားထားသလို ဓမ္မသူရိယကျမ်းပေမူဏား၊ ကျောတွင် " တပဲ့ယင်မြောက်လက်၊ မုံတိုင်ပင်ဂိုဏ်းအုပ်၊ ရတနာပူရအဝမြို့တော်ပြာသာဒ်တိုက်အုပ်၊ အမရပူရမြို့တော် တောင်တွင်းတိုက်အုပ်" ဟူ၍ရေးသားထားသည်။ ကျမ်းနှစ်ကျမ်းစလုံးသည် ဆရာတော်ကြီး ကိုယ်တိုင်ရေးသားထားသောကျမ်းများဖြစ်သဖြင့် မှားယွင်းစရာမရှိပေ။ ဈေးချိုတိုက်လား၊ တောင်တွင်းတိုက်လား ကွဲပြားရန်သာလိုသည်။

မုံတိုင်ပင်သာသနာဝင်ကျမ်းပြုစုသူ အရှင်စာရိန္ဒသဘက မုံတိုင်ပင်သာသနာဝင်အကျဉ်းကျမ်းတွင် "ပေစာများ၊ပရပိုက်များတွင် ဈေးချိုတိုက်အုပ်ဆရာတော်ဟူသော အသုံးအနှုန်းများမတွေ့ရ၊ တောင်တွင်းတိုက်အုပ်ဆရာတော်ဟုသာ တွေ့ရှိဖတ်ရှုရသည်။ သို့သော် ဤလင်္ကာတွင်(သုံးပုံတံတားကျမ်းနိဂုံးလင်္ကာကိုဆိုခြင်းဖြစ်သည်) ဈေးချိုတိုက်ဟု အတိအကျဆိုထားသောကြောင့် ဈေးချိုတိုက်အုပ်ဆရာတော် ဟု ရေးသားလိုက်ရခြင်းဖြစ်ပေသည်။" ဟူ၍ ဈေးချိုတိုက်ဖြစ်မည်၊ တောင်တွင်းတိုက်ဖြစ်မည် မဆုံးဖြတ်ဘဲ သာမန်အားဖြင့်သာရေးထားသည်။

ကျွန်တော့်အယူအဆမှာ ဈေးချိုတိုက်၊ တောင်တွင်းတိုက် ဟူသောအမည်ကို မုံတိုင်ပင်ဆရာတော်ကြီးကိုယ်တိုင် သုံးနှုန်းရေးသားထားခြင်းဖြစ်သည်။ ထို့ကြောင့် မှားစရာမရှိပေ။ ဈေးချိုတိုက်ဟူ၍လည်း ခေါ်ကြသလို တောင်တွင်းတိုက်ဟူ၍လည်းခေါ်ကြဟန်တူသည်။ အမည်နှစ်မျိုးတွင်သောကြောင့် ဆရာတော်ကြီးသည် အမည်နှစ်မျိုးစလုံးသုံးနှုန်းရေးသားခြင်းဖြစ်နိုင်သည်။ ဈေးချိုတိုက်ဟူသောအမည်သည် အမရပူရမြို့ ဈေးချိုတော်ဦးတွင်ရှိသောကြောင့် ဈေးချိုတိုက်ဟု အများကခေါ်ခြင်း ဖြစ်နိုင်သည်။ တောင်တွင်းတိုက်အမည်သာ မူလအမည်ဖြစ်ဟန်ရှိသည်။ ထိုကဲ့သို့ အမည်နှစ်မျိုးရှိသောကြောင့် မုံတိုင်ပင်ဆရာတော် အမည်နှစ်မျိုးစလုံးသုံးခဲ့ခြင်း ဖြစ်ကြောင်းယူဆမိသည်။

ထိုအချက်ကို ထောက်ခံသော မှတ်တမ်းတစ်ခုကို တွေ့ရသည်။ တတိယမုံတိုင်ပင်ဆရာတော် ဦးကန်ကုရေးသားသော "လူမျိုး ၁၀၁ပါးအဖြေ" ပေမူတွင် "ရတနာပူရ အင်းဝမြို့တော်ပြာသာဒ်တိုက်အုပ်၊ အမရပူရရွှေမြို့တော်ဈေးချို တောင်တွင်းတိုက်အုပ်၊ ဝံသာဘိလင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ် နာမတော်ရှိသော အထက်မုံတိုင်ပင်ဆရာတော်ဘုရားကြီး"ဟူ၍ရေးသားထားသည်။ အထက်ပါရေးသားချက်သည် ဈေးချိုတိုက်နှင့် တောင်တွင်းတိုက်မှာ အတူတူဖြစ်ကြောင်း ထင်ရှားလှသည်။ ထို့ကြောင့် ဈေးချိုတိုက်၊ တောင်တွင်းတိုက်ဟု အမည်နှစ်မျိုးရေးသော်လည်း ကျောင်းတိုက်မှာ တစ်တိုက်တည်းသာဖြစ်သည်ဟု ယူဆရပါသည်။

သို့သော်လည်း အမရပူရမြို့တည်နေရာပြပုရပိုက်မြေပုံတစ်ခုတွင် တောင်တွင်းတိုက်သည် အမရပူရမြို့ အနောက်မျက်နှာ၌မရှိဘဲ အမရပူရမြို့ အရှေ့တောင်ထောင့်တွင် တည်ရှိကြောင်းပြဆိုထားသည်။ ထိုမြေပုံအရဆိုလျှင် ဈေးချိုတိုက်နှင့် တောင်တွင်းတိုက်မှာ မတူဟုယူဆရသည်။ ဈေးချိုတိုက်သည် အမရပူရမြို့ အနောက်မျက်နှာ၌ရှိသည်မှာ မုံတိုင်ပင်ဆရာတော်၏ စာများအရထင်ရှားသည်။ ထို့ကြောင့် ဈေးချိုတိုက်နှင့် တောင်တွင်းတိုက်မတူဟု ယူဆပါကလည်း ယူဆနိုင်သည်။ ထိုသို့ ယူဆလျှင် မုံတိုင်ပင်ဆရာတော်သည် ဈေးချိုတိုက်၊ တောင်တွင်းတိုက် နှစ်တိုက်စလုံးကို အုပ်ချုပ်ရသောဆရာတော်ဟု ယူဆရန်သာရှိသည်။ ထိုသို့မဟုတ်လျှင်လည်း မြို့အရှေ့တောင်ထောင့်ရှိ တောင်တွင်းတိုက်သည် နောက်မှခွဲထွက်ထားသော တောင်တွင်းတိုက်ဖြစ်မည်လော စဉ်းစားရပေသည်။ အဖြေတိတိကျကျ မပေးနိုင်သေးပါ။ သေချာသည်မှာ မုံတိုင်ပင်ဆရာတော်သည် ဈေးချိုတိုက်၊ တောင်တွင်းတိုက်အုပ်ဆရာတော် ဖြစ်ကြောင်းကားထင်ရှားပေသည်။ သို့ဖြစ်သောကြောင့် ဈေးချိုတိုက်နှင့် တောင်တွင်းတိုက်တူသည်ဟုလည်း ယူဆနိုင်သလို၊ တစ်တိုက်စီဟူ၍လည်းယူဆနိုင်သည်။

**ကျောင်းဒါယကာ သီပေါမင်းသား**

အမရပူရမြို့ဈေးချိုတိုက် သို့မဟုတ် တောင်တွင်းတိုက်ကြီးကို တည်ဆောက်လှူဒါန်းခဲ့သူမှာ သီပေါမင်းသားဖြစ်သည်။ သီပေါမင်းသားသည် မုံတိုင်ပင်ဆရာတော်ကို ကျောင်းဆောက်လှူဒါန်းခဲ့သည့် ဒါယကာဖြစ်သလို မုံတိုင်ပင်ဆရာတော်၏ တပည့်လည်းဖြစ်သည်။ ဆရာတော်သည် သူ၏ ဒါယကာမှာ သီပေါမင်းသားဖြစ်ကြောင်းကို အလျဉ်းသင့်သလို သူ၏ကျမ်းများတွင် ထည့်သွင်းရေးသားထားသည်ကိုတွေ့ရသည်။ သီပေါမင်းသားအကြောင်း ထည့်သွင်းရေးသားထားသည်များကို ထုတ်နုတ်ပြပါဦးမည်။

"ဈေးချိုတိုက်ဟု၊ သမိုက်ခေါ်တွင်၊
တိုက်သာခွင်၌၊ တိုက်ရှင်ဒါယကာ၊
သဒ္ဓါညွတ်ထွား၊ ထင်ရှားကျော်စော၊
သီပေါမင်းသား၊ လှူပြောတုံရှောင်း၊
ယာယီကျောင်းဝယ်"

သုံးပုံတံတားကျမ်း

စာမျက်နှာ ၅ သို့ ➤

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ကြက်သွန်နီဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး

**ဘုတလင် မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောကြက်သွန်နီ ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၃၃၆၀ ထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်း ပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၁၇၁ ဒသမ ၂၆ ပိဿာထွက်ရှိကြောင်း သိရသည်။

"ဘုတလင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ ဧက ၃၃၆၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ကြက်သွန်နီခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံးရာနှုန်းပြည့်နုတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီ စိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီတွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးထားပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီစိုက်တောင်သူများ ကြက်သွန်နီ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာ ထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့်စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီများထွက်ရှိစေရန်အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြက်သွန်စိုက်တောင်သူများအနေဖြင့် ကြက်သွန် တစ်ဧကစိုက်ပျိုးလျှင် ငွေကျပ် ၁၈ သိန်းခန့် ကုန်ကျစရိတ်ရှိပြီး တစ်ဧကအထွက်နှုန်းမှာ ပိဿာချိန် ၅၀၀၀ ခန့်ရှိ ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

---

➤ စာမျက်နှာ ၄ မှအဆက်

"ဤကား သီပေါမင်းသား ဆရာဝံသာဘိလင်္ကာရဓဇ မဟာဓမ္မရာဇဂုရု ဆရာတော်ဝါပေါင်း စကားရပ်မှတ်ဘွယ်တည်း"

သုံးပုံဟင်းလေးကျမ်း

" ဤကား စာစီရင်သော တပရင်း မြောက်လက်မုံတိုင်ပင်ရွာ သီပေါမင်းသားဆရာဝံသာဘိလင်္ကာရ ဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်"

သုံးပုံကူးတို့ကျမ်း

"တပဲ့ယင်မြောက်လက် မုံတိုင်ပင်ဂိုဏ်းအုပ်၊ ရတနာပူရအဝမြို့တော် ပြာသဒ်တိုက်အုပ်၊ အမရပူရရွှေမြို့တော် တောင်တွင်းတိုက်အုပ် သီပေါမင်းသားဆရာ"

ဓမ္မသူရိယကျမ်း

အထက်တွင် ဖော်ပြခဲ့သည့် အထောက်အထားများအရ မုံတိုင်ပင်ဆရာတော်၏ ကျောင်းဒါယကာသည် သီပေါမင်းသားဖြစ်ကြောင်း ယုံမှားဖွယ်မရှိချေ။

**သီပေါမင်းသား မည်သူနည်း**

ကျောင်းဒါယကာမှာ သီပေါမင်းသားဖြစ်မှန်းသိရသော်လည်း ထိုသီပေါမင်းသားဆိုသည်မှာ မည်သူ၏သား၊ မည်သည့်အမျိုးအနွယ်ဖြစ်မှန်း မသိရချေ။ မုံတိုင်ပင်ဆရာတော်ကြီးကလည်း သီပေါမင်းသားဆရာဟူ၍သာ ရေးသားထားသဖြင့် သီပေါမင်းသားဆိုသည်မှာ မည်သူဖြစ်မှန်း တိတိကျကျမသိရပေ။ မုံတိုင်ပင်ဆရာတော်ကြီး အနေဖြင့်လည်း သူ့ခေတ်၊ သူ့အခါက သီပေါမင်းသားဟု သာမန်မျှရေးသားရုံဖြင့် သီပေါမင်းသားဆိုသည်မှာမည်သူကိုဆိုကြောင်း သိကြမည်ဖြစ်သော်လည်း ယခုခေတ်အနေဖြင့်မူ သီပေါမင်းသားဆိုသည်မှာသိရန်မလွယ်ကူပေ။

သီပေါမြို့ကိုစားခဲ့ရသော သီပေါမင်းသားတို့မှာ အဆက်ဆက်ရှိခဲ့မည်သာဖြစ်သည်။ ဥပမာအားဖြင့် မင်းတုန်းမင်း၏သားတော် သီပေါမင်းသည်လည်း သီပေါမြို့စား၊ သီပေါမင်းသားပင်ဖြစ်သည်။ သို့သော် မင်းတုန်းမင်း၏သားတော် သီပေါမင်းသားသည် မုံတိုင်ပင်ဆရာတော်၏ ကျောင်းဒါယကာသီပေါမင်းသားမဟုတ်ပေ။ မင်းတုန်းမင်းသားတော် သီပေါမင်းသားသည် လောင်းရှည်မိဖုရားမှ ၁၂၂၀ ပြည့်နှစ်၊ နတ်တော်လတွင် ဖွားမြင်သူဖြစ်သည်။ မုံတိုင်ပင်ဆရာတော်သည် သုံးပုံတံတားကျမ်းကို တောင်တွင်းကျောင်းတိုက်၌ သီတင်းသုံးစဉ် ၁၂၀၄ ခုနှစ်၌ ပြုစုပြီးစီးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က မင်းတုန်းမင်းပင်ရှင်ဘုရင်မဖြစ်သေးပေ။ သီပေါမင်းလည်း မမွေးသေးပေ။ ထို့ကြောင့် မုံတိုင်ပင်ဆရာတော်၏ ကျောင်းဒါယကာသည် မင်းတုန်းမင်းသားတော် သီပေါမင်း မဟုတ်ကြောင်း ထင်ရှားသည်။ မုံတိုင်ပင်သာသနာဝင်အကျဉ်းချုပ်တွင်လည်း ကျောင်းဒါယကာ သီပေါမင်းသားမှာ မည်သူဖြစ်မှန်းဖော်ထုတ်တင်ပြနိုင်ခြင်းမရှိပေ။ ထို့ကြောင့် ကျောင်းဒါယကာသီပေါမင်းသားမှာ မည်သူဖြစ်သည်ကို ဖော်ထုတ်ရန်လိုအပ်လာပါသည်။

**ပဋ္ဌာန်းရာသီစုကျမ်းမှအစပြု၍**

မုံတိုင်ပင်ဆရာတော်၏ ကျောင်းဒါယကာသီပေါမင်းသားကို မည်သူဖြစ်မှန်းရှာဖွေလိုသော်လည်း ဆရာတော်၏မှတ်တမ်း၌ သီပေါမင်းသားဟုသာဆိုထားပြီး ဘွဲ့အမည်တစ်စုံတစ်ရာမပါသဖြင့် ရှာဖွေရခက်ပါသည်။ သီပေါမင်းသားဟုပြောရုံဖြင့် မလုံလောက်ပေ။ သို့သော် ကံကောင်းသည်ဟု ပြောရပါမည်။ ၂၀၁၈ ခုနှစ်လောက်က ကျွန်တော်သည် မုံတိုင်ပင်ကျောင်းမှ ပေ၊ ပုရပိုက်များကို ရှာဖွေကူးယူခဲ့ဖူးပါသည်။ ထိုသို့ရှာဖွေစဉ် ပဋ္ဌာန်းရာသီစုကျမ်းကို တွေ့ခဲ့ရသည်။ ထိုကျမ်းတွင် သီပေါမင်းသား၏ ဘွဲ့အမည်အပြည့်အစုံကို တွေ့ရပါသည်။ ပဋ္ဌာန်းရာသီစုကျမ်း၌ တွေ့ရသော သီပေါမင်းသားဘွဲ့အမည်မှာ ပဋ္ဌာန်းရာသီစု၊ မုံတိုင်ပင်ဆရာတော်စာ၊ သီပေါမြို့စား သုသီရိမဟာဓမ္မရာဇာသွီးမောင်နှံကောင်းမှု" ဟူ၍ဖြစ်သည်။ ပဋ္ဌာန်းရာသီစုကျမ်းတွင် တွေ့ရသော သီပေါမင်းသား၏ဘွဲ့အမည်သည်သီပေါမင်းသား၏အမျိုးအနွယ်ကိုရှာရန်လမ်းစပင်ဖြစ်တော့သည်။ ထိုပေအရ မုံတိုင်ပင်ဆရာတော်၏ ကျောင်းဒါယကာ သီပေါမင်းသားသည် သုသီရိမဟာဓမ္မရာဇာဖြစ်ကြောင်း သိရပေသည်။

## ထိန်းသိမ်းစေချင် သစ်တောသစ်ပင်

- သစ်တောသစ်ပင် အကျိုးတွေ
  တွေးရှုအိုအဆွေ၊
  ကမ္ဘာမြေကြီးစိမ်းစိုမြ
  သာယာကာလှပ။

- ဇီဝမျိုးစုံမျိုးကွဲတွေ
  ရှင်သန်တည်မြဲစေ၊
  ဂေဟစနစ်ကောင်းမွန်မှု
  အထောက်အကူပြု။

- ကမ္ဘာ့လေထုသန့်ရှင်းရာ
  အညစ်အကြေးဖယ်ခွာ၊
  သဘာဝဘေးအဝဝ
  လျော့ပါးစေသည်ပ။

- ရာသီမျှတ ဥတုသာ
  အပူလျော့နည်းကာ၊
  မြေဆီလွှာ ရေတိုက်စားခြင်း
  ကာကွယ်မှုဆောင်ကြဉ်း။

- ထင်းမီးသွေးနှင့်သစ်ဝါးတွေ
  ထွက်ရှိကာမသွေ၊
  မြေအောက်ရေလွှာ မခန်းရေး
  အကျိုးပြုပြန်သေး။

- သစ်ပင်လေးတွေ သစ်တောတွေ
  တန်ဖိုးကြီးလှပေ၊
  မြတ်နိုးစွာလေ စိုက်ပျိုးပေး
  ထိန်းသိမ်းကြစို့လေး။ ။

အင်ကြင်းသူ(နေပြည်တော်)

# နိုင်ငံတကာ သတင်းများ

## နိုင်ဂျီးရီးယားနိုင်ငံ ရေးဗားစ်ပြည်နယ်၌ အရေးပေါ်အခြေအနေ ကြေညာ

**အဘူဂျာ မတ် ၁၉**

ရေနံပိုက်လိုင်းများတိုက်ခိုက်ဖျက်ဆီးခံရမှုပြဿနာကြောင့် နိုင်ဂျီးရီးယားသမ္မတ ဘိုလာတီနူဘူသည် ရေးဗားစ်ပြည်နယ်ကို မတ် ၁၈ ရက်က အရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်း သိရသည်။

ထို့ပြင် သမ္မတ တီနူဘူသည် ရေးဗားစ်ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယအုပ်ချုပ်ရေးမှူးနှင့် ပြည်နယ်လွှတ်တော် အမတ်အားလုံးကိုလည်း တာဝန်မှရပ်ဆိုင်းထားကြောင်း သိရသည်။

ရေးဗားစ်ပြည်နယ်အတွင်းရှိ ရေနံပိုက်လိုင်းများကို စစ်သွေးကြွများက တိုက်ခိုက်ဖျက်ဆီးနေသော်လည်း ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကိုင်တွယ်အရေးယူမှုမရှိခဲ့ကြောင်း သမ္မတ တီနူဘူက မတ် ၁၈ ရက် ရုပ်သံမိန့်ခွန်းတွင်ပြောကြားခဲ့သည်။

နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသ၌ တည်ရှိသည့် ရေးဗားစ်ပြည်နယ်သည် ရေနံအဓိကထုတ်လုပ်သည့် နိုင်ဂျီးရီးယားနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်သည်။

ရှေးယခင်ကလည်းရေးဗားစ်ပြည်နယ်ရှိ စစ်သွေးကြွအုပ်စုများသည် ရေနံပိုက်လိုင်းများကိုဖောက်ခွဲဖျက်ဆီး၍ ရေနံထုတ်လုပ်မှုလုပ်ငန်းများကို အနှောင့်အယှက်ပေးခဲ့ကြသည်။

လက်ရှိအချိန်၌ နိုင်ဂျီးရီးယားသမ္မတ တီနူဘူသည် ရေးဗားစ်ပြည်နယ်ကို အုပ်ချုပ်ရေးအတွက် ယာယီ အုပ်ချုပ်ရေးမှူးအဖြစ် အငြိမ်းစားရေကြောင်း ဗိုလ်ချုပ်ကြီးတစ်ဦးကို အမည်စာရင်းပေးသွင်းထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ပိုလန်၊ လစ်သူယေးနီးယား၊ လတ်ဗီးယားနှင့် အက်စတိုးနီးယားနိုင်ငံတို့ အော့တဝါ ကွန်ဗင်းရှင်းမှနုတ်ထွက်ရန်ပြင်ဆင်



**ဝါဆော မတ် ၁၉**

ပိုလန်နှင့် ဘောလ်တစ်ဒေသနိုင်ငံများဖြစ်သည့် လစ်သူယေးနီးယား၊ လတ်ဗီးယားနှင့် အက်စတိုးနီးယားနိုင်ငံတို့သည် ၁၉၉၇ ခုနှစ် အော့တဝါကွန်ဗင်းရှင်းမှ နုတ်ထွက်ရန် စီစဉ်ထားကြောင်း မတ် ၁၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

၁၉၉၇ ခုနှစ်တွင် စတင်အာဏာသက်ဝင်ခဲ့သည့် အော့တဝါကွန်ဗင်းရှင်းသည် လူသားများကို ပစ်မှတ်ထားထုတ်လုပ်ထားသည့် မြေမြှုပ်မိုင်းများ အသုံးပြုမှုပိတ်ပင်ထားသည့် ကွန်ဗင်းရှင်းဖြစ်သည်။

ရုရှားနှင့် ဘီလာရုစ်တို့၏ စစ်ရေးခြိမ်းခြောက်မှုများ အားကောင်းလာမှုကြောင့် ၁၉၉၇ ခုနှစ် အော့တဝါကွန်ဗင်းရှင်းမှ နုတ်ထွက်မည်ဖြစ်ကြောင်း ပိုလန်၊ လစ်သူယေးနီးယား၊ လတ်ဗီးယားနှင့် အက်စတိုးနီးယား ကာကွယ်ရေးဝန်ကြီးများက ပူးတွဲကြေညာချက်ထုတ်ပြန်ထားသည်။

အော့တဝါ ကွန်ဗင်းရှင်းသည် နိုင်ငံပေါင်း ၁၆၀ ကျော်ပါဝင်လက်မှတ်ရေးထိုးထားသည့် မြေမြှုပ်မိုင်းပိတ်ပင်ရေး နိုင်ငံတကာကွန်ဗင်းရှင်းဖြစ်သည်။

၎င်းကွန်ဗင်းရှင်းမှ နုတ်ထွက်ခဲ့ပါက ပိုလန်၊ လစ်သူယေးနီးယား၊ လတ်ဗီးယားနှင့် အက်စတိုးနီးယားနိုင်ငံတို့အနေဖြင့် မြေမြှုပ်မိုင်းများကို စုဆောင်းသိုလှောင်မှုနှင့် အသုံးပြုမှုများ ပြန်လည်ပြုလုပ်နိုင်မည်ဖြစ်သည်။

အော့တဝါ ကွန်ဗင်းရှင်းတွင် အမေရိကန်နိုင်ငံ၊ ရုရှား၊ တရုတ်၊ မြောက်ကိုရီးယားစသည့် နိုင်ငံများ ပါဝင်ခြင်းမရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

## ရုရှားသမ္မတနှင့် အမေရိကန်သမ္မတတို့ နှစ်နာရီကြာဖုန်းခေါ်ဆိုဆွေးနွေး၊ ယူကရိန်းစွမ်းအင်ကဏ္ဍ အခြေခံအဆောက်အအုံများအား တိုက်ခိုက်မှု ရက် ၃၀ ကြာ ရပ်ဆိုင်းပေးရန် သဘောတူခဲ့



**မော်စကို မတ် ၁၉**

ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရန့်တို့သည် မတ် ၁၈ ရက်တွင် နှစ်နာရီကြာဖုန်းခေါ်ဆို၍ ယူကရိန်းစစ်ပွဲ အပစ်အခတ်ရပ်စဲရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ရုရှားသမ္မတပူတင်သည် ယူကရိန်းစွမ်းအင်ကဏ္ဍ အခြေခံအဆောက်အအုံများအား တိုက်ခိုက်မှုကို ရက် ၃၀ ကြာ ရပ်ဆိုင်းပေးရန် သဘောတူခဲ့ကြကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သို့ရာတွင် သမ္မတပူတင်သည် အမေရိကန်သမ္မတဒေါ်နယ်ထရန့် အဆိုပြုထားသည့် ယူကရိန်းစစ်ပွဲ ရက် ၃၀ အပြည့်အဝ အပစ်အခတ်ရပ်စဲရေး အစီအစဉ်ကို ငြင်းပယ်ခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးပြီးနောက် ယူကရိန်းစွမ်းအင်ကဏ္ဍ အခြေခံ အဆောက်အုံများအား တိုက်ခိုက်မှုရပ်ဆိုင်းရန် သမ္မတပူတင်က ရုရှားတပ်များကို ညွှန်ကြားထားကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ ယူကရိန်းစစ်ပွဲ ရက် ၃၀ အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်ကို ယူကရိန်းအစိုးရက လက်ခံထားပြီးဖြစ်သည်။

သို့ရာတွင် စွမ်းအင်ကဏ္ဍ အခြေခံအဆောက်အအုံများအား တိုက်ခိုက်မှု ရက် ၃၀ ရပ်ထားရေး အစီအစဉ်ကို ထောက်ခံမည်ဖြစ်ကြောင်း ယူကရိန်းသမ္မတဇီလန်စကီးက ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဆွစ်ဇာလန်နိုင်ငံအရှေ့ပိုင်း ဂရူးဘူအန်ဒန်ပြည်နယ်၌ လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လူသုံးဦးသေဆုံး

**စတော့ဟုမ်း မတ် ၁၉**

ဆွစ်ဇာလန်နိုင်ငံ အရှေ့ပိုင်း ဂရူးဘူအန်ဒန် ပြည်နယ်၌ မတ် ၁၈ ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လူ သုံးဦးသေဆုံးခဲ့ရကြောင်း ဆွစ်ဇာလန်တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိအချိန်တွင် လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ရသူများမှာမည်သူမည်ဝါဟူ၍ ခွဲခြားနိုင်မှု မရှိသေးကြောင်း ဆွစ်ဇာလန် ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါလေယာဉ်သည် မတ် ၁၃ ရက်က ဒိန်းမတ်နိုင်ငံမှ ဆွစ်ဇာလန်နိုင်ငံသို့ ရောက်ရှိလာသည့် လေယာဉ်ဖြစ်ပြီး ဒိန်းမတ်နိုင်ငံသို့ အပြန်ခရီးစဉ်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

၎င်းလေယာဉ်ငယ်သည် ကျေးရွာတစ်ရွာအနီး ပျက်ကျခဲ့ခြင်းဖြစ်ပြီး ပျက်ကျခဲ့ပြီးနောက် လေယာဉ်တစ်စင်းလုံးမှာ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။



ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိချိန်၌ လေယာဉ်တစ်စင်းလုံးမှာ မီးလောင်ကျွမ်းနေပြီဖြစ်ကြောင်း ဆွစ်ဇာလန်ရဲတပ်ဖွဲ့က ပြောကြားထားသည်။

အဆိုပါလေယာဉ်ပျက်ကျခဲ့ရာ နေရာသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်မီတာ ၁၇၀၀ တွင် တည်ရှိသည့် ကုန်းမြင့်ဒေသဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အကျဉ်းထောင်လူပြည့်မှုပြဿနာကြောင့် ရဲစခန်းရှိ အချုပ်ခန်းများကို ဗြိတိန်အသုံးပြုမည်

**လန်ဒန် မတ် ၁၉**

အကျဉ်းထောင်များ၌ အကျဉ်းသားအရေအတွက် လွန်ကဲနေမှုပြဿနာကို ဖြေရှင်းရန်အတွက် ယာယီအားဖြင့် ရဲစခန်းရှိအချုပ်ခန်းများကိုသုံး၍ အကျဉ်းသားများကို ထိန်းသိမ်းထားရန် ဗြိတိန်အစိုးရက စီစဉ်ထားကြောင်း မတ် ၁၈ ရက်သတင်းများတွင် ဖော်ပြထားသည်။

ဗြိတိန်အစိုးရ၏ အဆိုပါ အရေးပေါ်အစီအစဉ်အရ အကျဉ်းထောင်များ၌ သတ်မှတ်အကျဉ်းသားဦးရေ ပြည့်သွားချိန် ပို့လျှံနေသော အကျဉ်းသားများကို ရဲစခန်းအချုပ်ထောင်များ၌ ဖမ်းဆီးထားခွင့်ရှိမည်ဖြစ်သည်။



အင်္ဂလန်နှင့် ဝေးလ်တို့ရှိ အကျဉ်းသားဦးရေမှာ ပြီးခဲ့သည့် နှစ် ၃၀ အတွင်း နှစ်ဆတိုးလာခဲ့ကြောင်း ဗြိတိန်အစိုးရ တရားဝင်ကိန်းဂဏန်းများအရသိရသည်။

အကျဉ်းထောင် အသစ်များကို အင်္ဂလန်နှင့် ဝေးလ်တို့၌ ဆောက်လုပ်ထားသော်လည်း ပို၍တိုးပွားလာသည့် အကျဉ်းသားဦးရေကို လိုက်မီမှုမရှိခဲ့ကြောင်း ဗြိတိန်တာဝန်ရှိသူများက ပြောကြားထားသည်။


လက်ရှိအချိန်တွင် အင်္ဂလန်နှင့် ဝေးလ်တို့ရှိအကျဉ်းထောင်များမှာ ၉၉ ရာခိုင်နှုန်းကျော်ထိ လူပြည့်နေပြီဖြစ်ကြောင်း ဗြိတိန်အစိုးရတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

အင်္ဂလန်နှင့် ဝေးလ်နယ်များ၌ လူဦးရေ ၁၀၀၀၀၀ လျှင် အကျဉ်းသား ၁၄၁ ဦးနှုန်းရှိရာ ကျန်ဥရောပနိုင်ငံများထက် မြင့်မားလျက်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ISS ၌ ကိုးလကျော်ကြာ သောင်တင်နေသော နာဆာ၏ အာကာသယာဉ်မှူးနှစ်ဦး ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့



**ဝါရှင်တန် မတ် ၁၉**

နိုင်ငံတကာ အာကာသစခန်း (ISS)၌ ကိုးလကျော်ကြာ သောင်တင်နေသော အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အာကာသယာဉ်မှူး နှစ်ဦးမှာ မတ် ၁၈ ရက်တွင် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

နာဆာ အာကာသယာဉ်မှူး ဘက်ချ်ဝီလျံနှင့် ဆွန်နီဝီလျံတို့သည် ပြီးခဲ့သည့်နှစ် ဇွန်လအတွင်း ဘိုးရင်းကုမ္ပဏီ၏ Starliner အာကာသလူသယ်ယာဉ်ဖြင့် နိုင်ငံတကာအာကာသစခန်းသို့ စတင်ရောက်ရှိခဲ့ကြသည်။

သို့ရာတွင် Starliner အာကာသလူသယ်ယာဉ်၏ နည်းပညာပိုင်းဆိုင်ရာ ပြဿနာများကြောင့် ဘက်ချ်ဝီလျံနှင့် ဆွန်နီဝီလျံတို့မှာ နိုင်ငံတကာအာကာသစခန်းယာဉ်ပေါ်၌ ကိုးလကျော်ကြာ သောင်တင်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

သို့သော် မတ် ၁၈ ရက်တွင် Starliner အာကာသယာဉ်မှူး နှစ်ဦးနှင့် နိုင်ငံတကာအာကာသစခန်းတာဝန်ပြီးဆုံးခဲ့သော အခြား အာကာသယာဉ်မှူးနှစ်ဦးတို့သည် Space–X ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ်ဖြင့် ကမ္ဘာမြေပေါ် ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

အထက်ပါအာကာသယာဉ်မှူး လေးဦးလိုက်ပါလာသည့် Crew Dragon အာကာသလူသယ်ယာဉ်သည် ဖလော်ရီဒါပြည်နယ် ကမ်းရိုးတန်းကမ်းလွန် ရေပြင်အတွင်း မတ် ၁၈ ရက်တွင် ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

Crew Dragon အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းယာဉ်မှ မတ် ၁၈ ရက် နံနက် ၁ နာရီ ငါးမိနစ်တွင် စတင်ခွာထွက်ခဲ့ပြီး ထိုနေ့ညနေ ၅ နာရီ ၅၇ မိနစ်တွင် မက္ကဆီကို ပင်လယ်ကွေ့၌ ဆင်းသက်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## အင်္ဂါဂြိုဟ်မျက်နှာပြင် မြေအောက်အနက် ၁၀ မိုင်အကွာတွင် သက်ရှိများရှင်သန်နေနိုင်

**တိုကျို မတ် ၁၉**

အင်္ဂါဂြိုဟ်မျက်နှာပြင် မြေအောက်အနက် ၁၀ မိုင်အကွာတွင် သက်ရှိများ ရှင်သန်နေနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက မတ် ၁၈ ရက်တွင် ပြောကြားသည်။

ဂျပန်နိုင်ငံ ဟီရိုရှီးမား တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ အင်္ဂါဂြိုဟ်မြေမျက်နှာပြင်အောက် ခြောက်မိုင်နှင့် ၁၀ မိုင်ကြားတွင်ရေခဲတော်အမြောက်အမြား တည်ရှိနေကြောင်း သိရသည်။

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ Insight အင်္ဂါဂြိုဟ်ဆင်းယာဉ်မှရရှိသော အင်္ဂါဂြိုဟ်ဘူမိလှုပ်ရှားမှု အချက်အလက်များအရ အင်္ဂါဂြိုဟ်မြေအောက် ခြောက်မိုင်နှင့် ၁၀ မိုင်ကြား၌ ကြီးမားကျယ်ပြန့်သော ရေထု တည်ရှိနေနိုင်ကြောင်း ဂျပန် သိပ္ပံပညာရှင်များက ပြောကြားသည်။



အင်္ဂါဂြိုဟ်မြေအောက်ရှိ အဆိုပါ ရေထုကြီးသည် အနည်းဆုံးအားဖြင့် အဏုဇီဝသက်ရှိများရှင်သန်ရေးအတွက် အထောက်အပံ့ပြုနိုင်ကြောင်း ဂျပန်သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

ဂျပန်သိပ္ပံပညာရှင်များသည် Insight အင်္ဂါဂြိုဟ်ဆင်းယာဉ်က ၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်ကြား ကာလအတွင်း ရယူပေးထားသည့် အင်္ဂါဂြိုဟ်မြေအောက်လှုပ်ရှားမှုများဆိုင်ရာ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Insight အင်္ဂါဂြိုဟ်ဆင်းယာဉ်သည် အင်္ဂါဂြိုဟ်မြေအောက် လှုပ်ရှားမှုများနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ရယူပေးခဲ့သည့် ပထမဆုံးအာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဗီရာစီရူဘင်ရေဒီယိုတယ်လီစကုပ်၌ ကမ္ဘာ့အကြီးဆုံး LSST ဒစ်ဂျစ်တယ်ကင်မရာစနစ်ကို အမေရိကန်သိပ္ပံပညာရှင်များ တပ်ဆင်ခဲ့

**ဝါရှင်တန် မတ် ၁၉**

ဗီရာစီရူဘင် ရေဒီယိုတယ်လီစကုပ်၌ ကမ္ဘာ့အကြီးဆုံး LSST အမည်ရှိ ဒစ်ဂျစ်တယ်ကင်မရာစနစ်ကို အမေရိကန်သိပ္ပံပညာရှင်များက တပ်ဆင်ခဲ့ကြကြောင်း မတ် ၁၈ ရက် သတင်းများအရ သိရသည်။

LSST ဒစ်ဂျစ်တယ်ကင်မရာစနစ်သည် လက်ရှိတည်ဆောက်မှုလုပ်ငန်းများ ပြီးစီးလုနီးရှိပြီဖြစ်သည့် ဗီရာစီရူဘင်ရေဒီယိုတယ်လီစကုပ်၌ နောက်ဆုံးတပ်ဆင်ပေးခဲ့ရသည့် အစိတ်အပိုင်းဖြစ်ကြောင်း သိရသည်။

ဗီရာစီရူဘင်ရေဒီယိုတယ်လီစကုပ်ကို ချီလီနိုင်ငံ ဆာရိုပါသွန်ဒေသ၌ အမေရိကန်သိပ္ပံပညာရှင်များက တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဗီရာစီရူဘင်ရေဒီယိုတယ်လီစကုပ်၌ တပ်ဆင်ပြီးနောက် LSST ဒစ်ဂျစ်တယ် ကင်မရာစနစ်ကို လာမည့် သီတင်းပတ်များအတွင်း စမ်းသပ်မည်ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် တောင်ယဉ်စွန်းတန်းကောင်းကင်ယံကို ဓာတ်ပုံများ အသေးစိတ်ရိုက်ကူးရာတွင် LSST ဒစ်ဂျစ်တယ် ကင်မရာစနစ်ကို အသုံးပြုရန် စီစဉ်ထားသည်။

ဗီရာစီရူဘင်ရေဒီယိုတယ်လီစကုပ်စနစ်သည် ယခုနှစ်အတွင်းမှာပင် အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းများ စတင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## အလွန်သေးငယ်သည့် ပလတ်စတစ်အမှုန်အမွှားများက အကြောဆေးများမှတစ်ဆင့် လူ့ကိုယ်တွင်းသို့ရောက်ရှိနိုင်

**ပေကျင်း မတ် ၁၉**

အလွန်သေးငယ်သည့် ပလတ်စတစ်အမှုန်အမွှားများသည် ဆေးရုံတက်လူနာများအတွက် အသုံးပြုသည့် အကြောဆေးများမှတစ်ဆင့် လူ့ကိုယ်တွင်းသို့ ရောက်ရှိသွားနိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၁၈ ရက်တွင် ပြောကြားသည်။

နိုင်ငံတကာ ဆေးပညာရှင်များ အနေဖြင့် ပလတ်စတစ်ပစ္စည်းများမှပေါ်ထွက်လာသည့် ပလတ်စတစ်အမှုန်များကို လူသားတို့၏ ဦးနှောက်၊ အသည်း၊ နှလုံးနှင့် မိခင်နို့ရည်များမှာပင် စစ်ဆေးတွေ့ရှိခဲ့ကြပြီးဖြစ်သည်။

လူ့ကိုယ်တွင်းသို့ရောက်ရှိသွားသည့် ၎င်းပလတ်စတစ်အမှုန်များသည် ကင်ဆာရောဂါများ၊ နှလုံးရောဂါများနှင့် အူမကြီးရောင်ရမ်းမှုရောဂါအပါအဝင် ရောဂါဆိုးများ ဖြစ်ပွားမှုနှင့် ဆက်စပ်နိုင်ကြောင်းလည်း သုတေသနပညာရှင်များက လက်ခံထားသည်။

တရုတ်နိုင်ငံ ဖူထန်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပလတ်စတစ်အမှုန်များသည် ပလတ်စတစ် အကြောဆေးအိတ်များအသုံးပြုရသည့် အကြောဆေးထိုးနှံမှုများမှလည်း လူ့ကိုယ်တွင်းသို့ရောက်ရှိသွားနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ပလတ်စတစ်အကြောဆေးအိတ်တစ်လုံးထဲတွင် ပလတ်စတစ်အမှုန် ၇၅၀၀ ထိ ပါဝင်နေတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO

## လေထုညစ်ညမ်းမှုက ပါကင်ဆန်ရောဂါဖြစ်ပွားရခြင်း၏ အဓိကနောက်ခံအကြောင်းတရားတစ်ရပ်ဖြစ်လာနိုင်

**နယူးယောက် မတ် ၁၉**

လေထုညစ်ညမ်းမှုပြဿနာသည် ပါကင်ဆန်ရောဂါဖြစ်ပွားရခြင်း၏အဓိကနောက်ခံအကြောင်းတရားတစ်ရပ်ဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၁၈ ရက်တွင် ပြောကြားသည်။

လေထုညစ်ညမ်းမှုပြဿနာဖြင့် အကြီးအကျယ်ရင်ဆိုင်နေရသော မြို့တော်ကြီးများ၌ နေထိုင်သူများတွင် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် မြင့်မားနေတတ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူဦးရေ ၃၀၀၀ ကျော်တို့၏ လေထုညစ်ညမ်းမှုပြဿနာအတိုင်းအဆနှင့် ကျန်းမာရေးအခြေအနေများကို အချိန်ယူစောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ မော်တော်ယာဉ်များနှင့် ဆက်စပ်နေသည့် လေထုညစ်ညမ်းမှု ပြဿနာကို ရင်ဆိုင်နေရသူများ၌ ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၂၈ ရာခိုင်နှုန်း မြင့်တက်နေတတ်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။


သို့ဖြစ်ရာ လေထုညစ်ညမ်းမှု ပြဿနာကိုလျှော့ချခြင်းဖြင့် မြို့ပြပြည်သူများကြား ပါကင်ဆန်ရောဂါဖြစ်ပွားနိုင်ခြေကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက သုံးသပ်ထားသည်။

လေထုညစ်ညမ်းမှုနှင့်ဆက်စပ်နေသော ကျန်းမာရေးပြဿနာများကြောင့် ကမ္ဘာတစ်ဝန်းလုံး၌ နှစ်စဉ် လူပေါင်းခုနစ်သန်း အသက်ဆုံးရှုံးနေရကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





နိုင်ငံတကာ
## အားကစားသတင်းများ

# ခံစစ်ကစားသမား ဟာမိုဆို ဘောလုံးရာသီကုန်ထိ အနားယူရမည်ဖြစ်ကြောင်း လေဗာကူဆင်အသင်း ကြေညာ

ဘာလင် မတ် ၁၉

လေဗာကူဆင် အသင်းသည် ခံစစ်ကစားသမား ဟာမိုဆို၏ ဒဏ်ရာကို စကန်ဖတ်စစ်ဆေးမှု ပြုလုပ်ခဲ့ရာ အရွတ်ထိခိုက်မှုကြောင့် ခွဲစိတ်ကုသမှုခံယူခဲ့သဖြင့် ဘောလုံးရာသီကုန်ထိ အနားယူရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဟာမိုဆိုသည် ဇန်နဝါရီ အပြောင်းအရွှေ့ကာလက ရီးမားအသင်းမှ လေဗာကူဆင်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်းခံစစ်ပိုင်းတွင် ခုနစ်ပွဲသာ ပါဝင်ကစားခဲ့ရသော်လည်း မတ် ၁၂ ရက်က ကစားခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ပွဲကစားချိန် ၃၈ မိနစ် အရောက်တွင် ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ရသဖြင့် စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ အရွတ်ထိခိုက်မှုကြောင့် ခွဲစိတ်မှုခံယူရမည်ဖြစ်၍ ယခုနှစ်ဘောလုံးရာသီ လက်ကျန်ပွဲစဉ်များကို ပါဝင်ကစားရန် မဖြစ်နိုင်တော့ကြောင်း သိရသည်။

ခံစစ်ကစားသမား ဟာမိုဆို အနေဖြင့် ဒဏ်ရာခွဲစိတ်ကုသမှုကို မက်ဒရစ်မြို့တွင် ပြုလုပ်ခဲ့ပြီး ခွဲစိတ်ကုသမှု အောင်မြင်ခဲ့သော်လည်း ကာလရှည်အနားယူရမည်ဖြစ်ကြောင်း လေဗာကူဆင်အသင်းက ထုတ်ပြန်ခဲ့ပြီး အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း သိရသည်။

အသက် ၂၉ နှစ်ရှိ ခံစစ်ကစားသမားသည် ပရော်ဖက်ရှင်စာချုပ်ကို ၂၀၁၅ ခုနှစ်က ဗယ်လာဒိုးလစ်အသင်းနှင့် ချုပ်ဆိုခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်တွင် ရီးရဲလ်မက်ဒရစ်လူငယ်အသင်းသို့ လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် အက်စ်ပန်ညိုအသင်း၊ ၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ အေတီကိုအသင်း၊ ၂၀၂၄ ခုနှစ် စက်တင်ဘာတွင် ရီးမားအသင်း၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် လေဗာကူဆင်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ကြောင်း သိရသည်။

Ref : Bulinews.com

Trs : ML



## အားကစားသတင်းအတိုအထွာများ

❑ မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်း ၁၆ လ ကျန်ရှိနေသေးသည့် ဂိုးသမား အော်တီဂါက အသင်းနှင့် အကောင်းဆုံး စွမ်းဆောင်ပြနိုင်သော်လည်း ဂိုးသမား အီဒါဆန်နောက်တွင် ဒုတိယဦးစားပေးဂိုးသမားအဖြစ်သာ ပါဝင်ကစားနေရသောကြောင့် လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာနိုင်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

❑ ဂိုးသမား ဆက်ဇနီသည် တာစတီဂန် ဒဏ်ရာရနေသည့်အချိန်တွင် ဘာစီလိုနာအသင်း ဂိုးပေါက်ကို အကောင်းဆုံးကာကွယ်မှု ပြုလုပ်နိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက နောက်ထပ်တစ်နှစ် သက်တမ်းတိုးရန်စီစဉ်နေပြီး ဆစ်ဇနီအနေဖြင့်လည်း ဘာစီလိုနာအသင်းတွင် ဆက်လက်ကစားရန် ဆုံးဖြတ်ထားသဖြင့် မကြာမီ သက်တမ်းတိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

❑ အသက် ၃၉ နှစ်ရှိ ကွင်းလယ်ကစားသမားမိုဒရစ်သည် လာမည့်နွေရာသီတွင် စာချုပ်ကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းအတွက် ပြိုင်ပွဲစုံ ၄၄ ပွဲတွင် သွင်းဂိုးလေးဂိုးနှင့် ဂိုးဖန်တီးမှု ခုနစ်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သဖြင့် အသင်းအနေဖြင့် တစ်နှစ် သက်တမ်းတိုးရန် ဆန္ဒရှိနေကြောင်း သိရသည်။ ML

# WBO စူပါဖယ်သာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် နာဗာရက်တီက ဆွာရက်ဇ်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်




မက္ကဆီကိုစီးတီး မတ် ၁၉

WBO စူပါဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား နာဗာရက်တီသည် ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် စိန်ခေါ်သူ ဖိလစ်ပိုင်လက်ဝှေ့သမား ဆွာရက်ဇ်နှင့် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆွာရက်ဇ်သည် WBO International ဖယ်သာဝိတ်တန်း၏ ချန်ပီယံဖြစ်ကာ ရှုံးပွဲမရှိသေးသည့်အပြင် ကမ္ဘာ့ချန်ပီယံအား စိန်ခေါ်နိုင်ခွင့်ရှိသည့်အတွက် ကမ္ဘာ့ချန်ပီယံအား စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

နာဗာရက်တီသည် စိန်ခေါ်ပွဲပေါင်း ၄၂ ပွဲအထိ ထိုးသတ်ထားပြီး ရှုံးပွဲနှစ်ပွဲသာရှိသေးသည့် လက်ဝှေ့သမားဖြစ်ပြီး လိုက်ဝိတ်တန်းသို့ပြောင်းရွှေ့ကာ WBO လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ၂၀၂၄ ခုနှစ် မေလ ၂၄ ရက်က ယူကရိန်းလက်ဝှေ့သမား ဘီရင်ချော့ခ်နှင့် ထိုးသတ်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့သည့်အတွက် စူပါဖယ်သာဝိတ်တန်းသို့ ပြန်လည်ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

စူပါဖယ်သာဝိတ်တန်းသို့ ပြန်လည် ပြောင်းရွှေ့လာခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က မက္ကဆီကိုလက်ဝှေ့သမား အော်စကာနှင့် ထိုးသတ်ခဲ့ပြီး အနိုင်ရရှိခဲ့သည့်အတွက် WBO စူပါဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အား ဆွတ်ခူးရရှိခဲ့သူဖြစ်သည်။

နာဗာရက်တီက "လိုက်ဝိတ်တန်းကို ပြောင်းရွှေ့ခဲ့ပေမဲ့ ကျွန်တော့်အနေနဲ့ လိုက်ဝိတ်တန်းအတွက် အဆင်သင့်မဖြစ်သေးဘူး။ လိုက်ဝိတ်တန်းမှာ ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ခဲ့ပေမဲ့ ခက်ခဲတဲ့ စိန်ခေါ်ပွဲဖြစ်ခဲ့တယ်။ ဒါကြောင့် စူပါဖယ်သာဝိတ်တန်းကို ပြန်လည်ပြောင်းရွှေ့လာခဲ့ပြီး ကမ္ဘာ့ချန်ပီယံခါးပတ်ကို ပြန်လည်ရရှိခဲ့ပါတယ်။ လက်ရှိချန်ပီယံကို ကာကွယ်ရမဲ့ အချိန်ရောက်လာလို့ ဆွာရက်ဇ်ရဲ့ စိန်ခေါ်မှုကို လက်ခံခဲ့ခြင်းဖြစ်ပါတယ်။ ဆွာရက်ဇ်ဟာ ကျွန်တော့်အတွက် ခက်ခဲတဲ့ ပြိုင်ဘက်ဖြစ်လာမှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# စီးရီးအေဘောလုံးအဖွဲ့ချုပ်က ဖီအိုရင်တီးနားအသင်းကို ယူရို ၅၀၀၀၀ ပြစ်ဒဏ်ချမှတ်

ရောမ မတ် ၁၉

ဖီအိုရင်တီးနား အသင်းက ဂျူဗင်တပ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဖီအိုရင်တီးနားအသင်းအနေဖြင့် ပရိသတ်များကို ထိန်းသိမ်းရန် ပျက်ကွက်ခဲ့မှုကြောင့် စီးရီးအေဘောလုံးအဖွဲ့ချုပ်က ဒဏ်ငွေ ယူရို ၅၀၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဖီအိုရင်တီးနားအသင်း ပရိသတ်များက ပွဲမစခင်ကတည်းက ဂျူဗီဆိုသည့်စာလုံးကို ပုံဖော်၍ပြိုင်ဘက်ကစားသမားများကို သံပြိုင်ဟစ်အော်လှောင်ပြောင်မှုများ ပြုလုပ်ခဲ့သည့်အပြင် ပြိုင်ဘက်ပရိသတ်များရှိရာ ကွင်းဘက်သို့ မီးခိုးဗုံး သုံးလုံး ပစ်ဖောက်ခဲ့မှုကြောင့် စီးရီးအေဘောလုံးအဖွဲ့ချုပ်က ဖီအိုရင်တီးနားအသင်းကို သတိပေးမှုပြုလုပ်၍ ဒဏ်ငွေချမှတ်ခဲ့ခြင်းဖြစ်သည်။




ဖီအိုရင်တီးနား အသင်းနှင့် ဂျူဗင်တပ်အသင်းတို့ ပွဲစဉ်တွင် ဖီအိုရင်တီးနားအသင်းက ဘောလုံးပိုင်ဆိုင်မှု အသာမရခဲ့သော်လည်း တန်ပြန်တိုက်စစ်ကစားပုံ ကောင်းမွန်မှုကြောင့် ပွဲချိန် ၁၅ မိနစ်တွင် ဂိုဆန်၊ ပွဲချိန် ၁၈ မိနစ်တွင် မန်ဒရာဂိုရာနှင့် ပွဲချိန် ၅၃ မိနစ်တို့တွင် ဂတ်မန်ဆန်တို့၏ သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဂျူဗင်တပ်အသင်းအနေဖြင့် ချေပဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် သုံးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သည်။

ထို့ကြောင့် ဖီအိုရင်တီးနားအသင်းသည် ၂၉ ပွဲကစားအပြီးတွင် ရမှတ် ၄၈ မှတ် ရယူနိုင်ခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၈)သို့ တက်ရောက် နိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် နီးစပ်လာခဲ့ကြောင်း သိရသည်။

Ref : Daily mail

Trs : ML

# Amgen Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဟာရင်တန်နှင့် ပါဝါတို့ ပါဝင်ယှဉ်ပြိုင်မည်

ဒပ်ဗ်လင် မတ် ၁၉

အိုင်ယာလန်နိုင်ငံ K Club တွင် ကျင်းပမည့် Amgen Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိမ်ရှင်ဂေါက်သီးရိုက် ကစားသမားများဖြစ်သည့် ဟာရင်တန်နှင့် ပါဝါတို့က ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

အဓိကဆုဖလား သုံးလုံး ဆွတ်ခူးရရှိထားသည့် အသက် ၅၂ နှစ်အရွယ် ဟာရင်တန်အနေဖြင့် အသက်အရွယ်အရ ပြိုင်ပွဲတချို့၌သာ ပါဝင်ယှဉ်ပြိုင်လျက်ရှိသော်လည်း မွေးရပ်မြေတွင်ကျင်းပမည့် Amgen Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မဖြစ်မနေ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟာရင်တန်က "ကျွန်တော့်အနေနဲ့ အသက်အရွယ်ကြောင့် ပြိုင်ပွဲတိုင်း ဝင်မပြိုင်နိုင်တော့ဘူး။ အကန့်အသတ်နဲ့ပဲ ပြိုင်ပွဲဝင်နေတယ်။ Amgen Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာတော့ မဖြစ်မနေ ပါဝင်ယှဉ်ပြိုင်နိုင်အောင် ကြိုးစားသွားမယ်။ ပြိုင်ပွဲကအချိန်အများကြီး ကျန်သေးတဲ့အတွက် ပြင်ဆင်ချိန်လည်း အများကြီးရပါသေးတယ်။ Amgen Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲဟာ ကျွန်တော့်အတွက်တော့ ကြီးကျယ်ခမ်းနားတဲ့ပြိုင်ပွဲပါ။ အိုင်ယာလန် ပရိသတ်တွေအတွက်လည်း ဒီပြိုင်ပွဲဟာ ဂုဏ်ယူစရာ ပြိုင်ပွဲဖြစ်ပါတယ်။ အိုင်ယာလန် ဂေါက်သီးရိုက် ကစားသမားတွေအတွက်ကတော့ အိုင်ယာလန် ပရိသတ်တွေ ရှေ့မှောက်မှာ ယှဉ်ပြိုင်ရမဲ့ အခွင့်အရေးကို လက်လွှတ်မခံချင်ကြပါဘူး။ ပြိုင်ပွဲမှာလည်း တစ်ချက်ရိုက်တိုင်း ပရိသတ်တွေဆီက အားပေးသံက ခွန်အားဖြစ်စေပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# မြန်မာ့လက်ရွေးစင်ယူ-၂၂အသင်းနှင့် ဟောင်ကောင်ယူ-၂၂အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် မတ် ၁၉**

မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းသည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ဟောင်ကောင် ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲကစားခဲ့ရာ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။



မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း)နှင့် အာရှဖလားပြိုင်ပွဲ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည့်အတွက် ယခုနှစ်အတွင်း ပထမဆုံးခြေစမ်းပွဲစဉ်အဖြစ် ဟောင်ကောင်အသင်းနှင့် ကစားခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းသည် အသင်းခေါင်းဆောင် အာကာကျော်၊ ဂိုးသမား ဟိန်း ထက်စိုး၊ မြတ်ဖုန်းခန့်၊ မိုးဆွေ၊ သန်းတိုးအောင်၊ စောမျိုးဇော်၊ ဝေယံလင်းသူ၊ မာတီနို၊ ဝိုင်းလု၊ ဆခန့်ချောနှင့် ရဲရင့်ဖြိုး အစရှိသည့် အဓိက ကစားသမားအစုံ အလင်ဖြင့် ပွဲထွက်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ပွဲစကတည်းက အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ၏ အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့သည့်အတွက် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **STA**

# ဘာစီလိုနာအသင်းအနေဖြင့် အကယ်ဒမီ ကစားသမား ၁၀ ဦးထိ ဆုံးရှုံးနိုင်ဟုဆို



**မက်ဒရစ် မတ် ၁၉**

ဘာစီလိုနာအသင်း အကယ်ဒမီမှ လူငယ်ကစားသမား ၁၀ ဦးသည် လာမည့်နွေရာသီတွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သောကြောင့် အသင်းအနေဖြင့် စာချုပ်သက်တမ်းတိုးရန် အစီအစဉ်မရှိသဖြင့် ကစားသမားများကို လက်လွှတ်ဆုံးရှုံးနိုင်ကြောင်း သိရသည်။

အဆိုပါ လူငယ်ကစားသမားများသည် ယူ-၁၉ အသင်းတွင် ပါဝင်ကစားနေကြပြီး လာမည့် ဇွန် ၃၀ ရက်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ကာ အသင်းအနေဖြင့် သက်တမ်းတိုးနိုင်ခြင်းမရှိသောကြောင့် အလွတ်ပြောင်းရွှေ့ခွင့်ပြုရမည်ဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် နည်းပြဖလစ်သည် လူငယ်အကယ်ဒမီမှ ခံစစ်ကစားသမား ဟက်တာဘော့၊ ကျူဘာစီနှင့် ကွင်းလယ်ကစားသမား ဘာနယ်တို့ကို ပထမအသင်းကြီးသို့ ခေါ်ယူခဲ့ရာ ကျူဘာစီသည် ခြေစွမ်းပြကစားနိုင်သည့်အတွက် နည်းပြဖလစ်က ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်သော်လည်း ဖာရီနက်စ်၊ တောရန့်စ် ၊ အူနိုင်းဟာနန်ဒက်စ်၊ ဂျန်ရန့်၊ ရန်ဂယ်၊ ဂျေးလ်၊ မားကွက်စ်၊ ဝါတန်၊ ဒန်နီဖာရာ၊ ပါရီဂိုး စသည့် ကစားသမားများကို စာချုပ်သစ် ကမ်းလှမ်းမှုမရှိခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဘာစီလိုနာအသင်းအနေဖြင့် လူငယ်အကယ်ဒမီမှ ခြေစွမ်းပြကစားသမားများဖြစ်သည့် တောင်ပံကစားသမား ပရာဒက်စ်၊ တိုက်စစ်မှူး ဟူဂိုအလာဘာနှင့် ဗာဂျီလီတို့ သုံးဦးကိုသာ သက်တမ်းတိုးရန်ကြိုးပမ်းလျက်ရှိပြီး ကျန်ကစားသမားများကို စာချုပ်ကိစ္စ ဆွေးနွေးမှုမရှိသောကြောင့် ဆော်ဒီပရီလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းဖြစ်သည်။

ဘာစီလိုနာအသင်း လူငယ်အကယ်ဒမီသည် မက်ဆီ၊ ဇာဗီ၊ ဘက်စကွက်စ်၊ အင်နီယေစတာ၊ ပီကေး၊ ဖာဘရီဂတ်စ်၊ ယာမယ်၊ ကျူဘာစီစသည့် ထိပ်တန်းအဆင့်ကစားသမားများစွာ ထွက်ပေါ်ခဲ့သဖြင့် ဥရောပထိပ်သီးအသင်းများက ဘာစီလိုနာအကယ်ဒမီမှ ကစားသမားများကို အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် နာအိုမီက စထရာရိုဒက်စီဗာကို အနိုင်ရရှိ

**ဖလော်ရီဒါ မတ် ၁၉**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မိုင်ယာမီကမ်းခြေတွင်ကျင်းပနေသည့် မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဂျပန်တင်းနစ်မယ် နာအိုမီနှင့် ယူကရိန်းတင်းနစ်မယ် စထရာရိုဒက်စီဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နာအိုမီက (၃-၆၊ ၆-၄၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



နာအိုမီအနေဖြင့် စထရာရိုဒက်စီဗာနှင့်ပွဲစဉ်တွင် ပထမပွဲငယ်၌ ရှုံးနိမ့်ကာ ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

နာအိုမီက "ကျွန်မအနေနဲ့ အနိုင်ရခဲ့တယ်ဆိုပေမဲ့လဲ ပုံစံကောင်းမရခဲ့ဘူးဆိုတာ နားလည်ပါတယ်။ ဒါပေမဲ့ နောက်အဆင့်တွေမှာတော့ စွမ်းဆောင်ရည်ပိုင်း တိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။ မိုင်ယာမီမှာ ရလဒ်ကောင်းတွေ ရလေ့ရှိတဲ့အတွက်ကြောင့် မှတ်တမ်းကောင်းတွေကို ဆက်လက် ထိန်းသိမ်းနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့သည်။

နာအိုမီသည် ဒုတိယအဆင့်တွင် ရုရှားတင်းနစ်မယ် ဆမ်ဆိုနိုဗာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# အာဆီယံနိုင်ငံများ လက်ရွေးစင်အသင်းတန်ကြေး သတ်မှတ်ချက်တွင် မြန်မာအသင်း အဆင့်(၆)၌ရပ်တည်

**ရန်ကုန် မတ် ၁၉**

ဘောလုံး လောကတွင် အပြောင်းအရွှေ့ တန်ဖိုးများကို တွက်ချက် ဖော်ပြလျက်ရှိသည့် Transfer Market ၏ ဖော်ပြချက်များအရ အာဆီယံဒေသတွင်း နိုင်ငံများရှိ လက်ရွေးစင်အသင်းများ၏ တန်ဖိုးအဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင်အသင်းသည် အဆင့်(၆)နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

နောက်ပိုင်းနှစ်များတွင် မြန်မာ့လက်ရွေးစင်အသင်းတွင် ပါဝင်ကစားနေသည့် မောင်မောင်လွင်၊ ဟိန်းထက်အောင်၊ အောင်ကောင်းမာန် အစရှိသည့် ကစားသမားအများစုအနေဖြင့် ပြည်ပကလပ်အသင်းများတွင် သွားရောက်ကစားနေခဲ့သည့်အတွက် မြန်မာ့လက်ရွေးစင်အသင်း၏ ဈေးကွက်တန်ကြေးမှာလည်း မြင့်တက်လာခဲ့ပြီး စင်ကာပူအသင်းကို ကျော်ဖြတ်ကာ အဆင့်(၆)နေရာသို့ ရောက်ရှိလာခြင်းဖြစ်သည်။

အာဆီယံဒေသတွင်း တန်ကြေးအမြင့်ဆုံး အသင်းစာရင်းတွင် အင်ဒိုနီးရှားအသင်းက ယူရို ၃၆ ဒသမ ၅၃ သန်းဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး အင်ဒိုနီးရှားအသင်းနောက်တွင် ထိုင်းအသင်းက ၈ ဒသမ ၇၃ သန်းဖြင့် အဆင့်(၂)၊ မလေးရှားအသင်းက ၇ ဒသမ ၁၅ သန်းဖြင့် အဆင့်(၃)၊ ဗီယက်နမ်အသင်းက ၆ ဒသမ ၃၀ သန်းဖြင့် အဆင့်(၄)၊ ဖိလစ်ပိုင်အသင်းက ၅ ဒသမ ၀၅ သန်းဖြင့် အဆင့်(၅)၊ မြန်မာအသင်းက ၃ ဒသမ ၆၀ သန်းဖြင့် အဆင့်(၆)၊ စင်ကာပူအသင်းက ၃ ဒသမ ၂၀ သန်းဖြင့် အဆင့်(၇)၊ ကမ္ဘောဒီးယားအသင်းက ၃ ဒသမ ၉၅ သန်းဖြင့် အဆင့်(၈)၊ လာအိုအသင်းက ၁ ဒသမ ၉၈ သန်းဖြင့် အဆင့်(၉)၊ တီမောလက်စ်တေအသင်းက ၁ ဒသမ ၃၁ သန်းဖြင့် အဆင့်(၁၀)နှင့် ဘရူနိုင်းအသင်းက ၁ ဒသမ ၀၁ သန်းဖြင့် အဆင့်(၁၁)နေရာတွင် အသီးသီး ရပ်တည်လျက်ရှိကြောင်း သိရသည်။ **STA**

# မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲ အမှတ်ပေးဇယားကို TG United အသင်း ဆက်လက်ဦးဆောင်



**ရန်ကုန် မတ် ၁၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာဖူဆယ် လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၂၁)အပြီးတွင် TG United အသင်း အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၂၁) ပွဲစဉ်များအဖြစ် ယနေ့ နံနက် ၈ နာရီခွဲက 7 Brother FC အသင်းနှင့် KKY FC အသင်းတို့ ကစားခဲ့ရာ KKY FC အသင်းက သုံးဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ နံနက် ၁၀ နာရီက Gold Dream FC အသင်းနှင့် Maryar FC အသင်းတို့ကစားခဲ့ရာ Gold Dream FC အသင်းက ငါးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြပြီး နံနက် ၁၁ နာရီခွဲက JZ Young FC အသင်းနှင့် YCDC Marga Youth FC အသင်းတို့ ကစားခဲ့ရာ သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီက Let Wel Thone Nara FC အသင်းနှင့် Pacific Sun Far FC အသင်းတို့ ကစားခဲ့ရာ Pacific Sun Far FC အသင်းက ခုနစ်ဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲက TG United အသင်းနှင့် Shwe Pyi Thar United အသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကာ ညနေ ၄ နာရီက 7 Dragon FC အသင်းနှင့် Black Cross FC အသင်းတို့ ကစားခဲ့ရာ Black Cross FC အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၂၁)အပြီးတွင် TG United အသင်းက ၁၅ ပွဲနိုင် လေးပွဲသရေ နှစ်ပွဲရှုံး ရမှတ် ၄၉ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်လျက်ရှိကြောင်း သိရသည်။ **STA**

# ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ်ရပ်တည်နိုင်မည့် မြန်မာ့ပေါ်ဆန်းမွှေး

ကမ္ဘာပေါ်တွင် လူသားတို့အဓိကစားသောက်သည့် သီးနှံ ၁၀ မျိုးကို ဖော်ပြရမည်ဆိုပါက ထိပ်ဆုံးတွင် ပြောင်းဖြစ်ပြီး ဒုတိယမှာ ဂျုံနှင့် တတိယမှာဆန်ဖြစ်သည်။ ဆန်နောက်တွင် အာလူး၊ ဝဥ၊ ငှက်ပျော စသည်တို့ပါဝင်ကြသည်။ ဆန်စပါးအကြောင်းကိုကြည့်လျှင် ရှည်လျားသော သမိုင်းရှိပြီး ဆန်သည် အာရှတိုက်တွင် အဓိကစားသောက်သော အစားအစာဖြစ်သည်။ အာရှတိုက်တွင် လူဦးရေများပြားသော အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ကြောင့် ဆန်စားသုံးသော ကမ္ဘာ့လူဦးရေသန်း ၄၀၀၀ ခန့်ရှိမည်ဖြစ်သည်။ ထိုအထဲတွင် စားလည်းစား ရောင်းလည်းရောင်းသည့်နိုင်ငံများက များပြားသည်။ ဥရောပတိုက်တွင်လည်း ဆန်စားသုံးမှုအထိုက်အလျောက်ရှိသည်ကိုတွေ့ရသည်။ အီတလီနှင့် စပိန်တို့သည်လည်း ဆန်ကို ပြည်ပတင်ပို့သည်ထိ လုပ်ကိုင်ကြကြောင်း သိရသည်။ အီတလီကထုတ်လုပ်သည့် အာဘိုရီယိုဆန်သည်လည်းကောင်း၊ အမေရိကန်ကထုတ်လုပ်သည့် ကိုလီရိုစ်ဆန်သည်လည်းကောင်း ကမ္ဘာ့အကောင်းဆုံးဆန်စာရင်းဝင်များဖြစ်သည်။ ကမ္ဘာ့အကောင်းဆုံးဆန်များတွင် ထိုင်း၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့အပြင် မြန်မာ့ပေါ်ဆန်းမွှေးဆန်သည်လည်း ထိပ်ဆုံး၌ပါဝင်သည်။ ကမ္ဘာ့အကောင်းဆုံးဆန်အများစုသည် အာရှမှထွက်ရှိသည်ကိုတွေ့နိုင်သည်။

**မြန်မာ့ဆန်နှင့်ပေါ်ဆန်းမွှေး**

မြန်မာနိုင်ငံအတွက် ဆန်သည် အဓိကစားစရာဖြစ်သကဲ့သို့ လယ်ယာထွက်ကုန်သီးနှံများထဲတွင် သက်တမ်းအရှည်ကြာဆုံး ပြည်ပတင်ပို့နိုင်မှု၊ နိုင်ငံခြားဝင်ငွေရှာပေးနိုင်မှုတို့မှာလည်း နိုင်ငံအတွက် များစွာအားထားရသော အခြေအနေဖြစ်သည်။ မြန်မာနိုင်ငံလူဦးရေ ၅၄ သန်းသည် ဆန်တန်ချိန် ရှစ်သန်းကျော်စားသုံးကြသည်။ ထို့ကြောင့် တင်ပို့မှုတန်ချိန် နှစ်သန်းကျော်နှင့် အခြားစားသောက်ကုန်လုပ်ငန်းသုံးများနှင့်ပါ တွက်ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံတွင် ဆန်တန်ချိန် ၁၅ သန်းကျော်နှစ်စဉ် ထုတ်လုပ်နိုင်သည့်အခြေအနေမျိုးရှိသည်ဟုခန့်မှန်းနိုင်သည်။ မြန်မာ့လူဦးရေ လေး၊ ငါးသန်းခန့်သည် ပေါ်ဆန်းမွှေးအမျိုးအစားဆန်ကိုစားကြပြီး ကျန်လူဦးရေ သန်း ၅၀ ခန့်သည် ဧည့်မထနှင့်အခြားဆန်အမျိုးအစားများကို စားကြခြင်းဖြစ်သည်။ ထို့ကြောင့် ဆန်သည် ပြည်သူပြည်သားများ၏ အဓိက စားသောက်ကုန်ဖြစ်သကဲ့သို့ နိုင်ငံခြားဝင်ငွေလည်းရှာပေးနိုင်သောသီးနှံတစ်ခုဖြစ်သဖြင့် နောင်တွင်လည်း ဆန်စပါးအထွက်နှုန်းကောင်းရေး၊ ကြိတ်ခွဲထုတ်လုပ်မှုကောင်းမွန်ရေး၊ ပိုမိုပြည်ပတင်ပို့နိုင်ရေးတို့ကို ဆက်လက်ကြိုးစားကြရမည်မှာမလွဲကေန်ဖြစ်သည်။ ထိုအထဲတွင် ပြည်ပတင်ပို့မှု မရှိသလောက်ဖြစ်၍ ပြည်တွင်းတွင်ပင် စားမလောက်ဖြစ်နေသည့်ဆန်မှာ ပေါ်ဆန်းမွှေးဆန်ပင်ဖြစ်သည်။ ပြည်တွင်းတွင် လူဦးရေ ငါးသန်းခန့်စားသည်ဆိုပါက လက်ရှိလူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်ထိ စားသုံးသည်ဖြစ်၍ အလေးထားစိုက်ပျိုးထုတ်လုပ်ရမည့်ဆန်စပါးအမျိုးအစားဖြစ်သည်။

**အကောင်းဆုံးဆန်ပေါ်ဆန်းမွှေး**

ပေါ်ဆန်းမွှေးဆန်သည် ပြည်တွင်းတွင် အများအပြားစားသုံးကြသော်လည်း ပြည်ပသို့ တင်ပို့မှု မရှိသေးသည်ကိုတွေ့နိုင်သည်။ ထိုသို့ဖြစ်ရသည်မှာ ပြည်တွင်းစားသုံးမှုတွင်ပင် ဖူလုံရန်လိုအပ်နေသေးခြင်းနှင့် ထုတ်လုပ်မှုစရိတ်ကြီးမြင့်နေခြင်းတို့ကြောင့်လည်း ပြည်ပတင်ပို့နိုင်မှု နည်းပါးနေသေးသည်ဟု သုံးသပ်မိသည်။ မည်သို့ပင်ဆိုစေကာမူ ပေါ်ဆန်းမွှေးဆန်၏အရည်အသွေးကို ပြည်ပနိုင်ငံများကပင် အသိအမှတ်ပြုကြရသည်။ ပုလဲလုံးကလေးများစီထားသကဲ့သို့ လုံးဝန်းလှပသော ဆန်သားများဖြင့် မချက်မီဆွဲဆောင်နိုင်သကဲ့သို့ ချက်ပြုတ်လိုက်သည်နှင့် မွှေးကြိုင်သောရနံ့ဖြင့် အဝေးမှ လူကိုဆွဲဆောင်နိုင်ပြီး ချက်ထားသော ထမင်းသည် ဖြူဖွေးရှည်လျားလှပသည့် မိန်းမပျို၏ လက်ချောင်းလေးများကဲ့သို့ ဖြစ်သည်ကိုတွေ့နိုင်သည်။ အိုးတက်သဖြင့် ချက်နေကျထက်လျှော့ချက်ရန်လိုသည်မှာလည်း ပေါ်ဆန်းမွှေးဆန်ဖြစ်သည်။ စားကြည့်သည့်အခါတွင်လည်း နူးညံ့သည့် အရသာကို ရရှိနိုင်သည်။ “ပေါ်ဆန်းထမင်းလေးကို နှမ်းဆီလေးဆမ်းပြီး စားလိုက်ရရင် ဟင်းမပါလဲ မြိန်တာပါပဲ”ဟု ပြောလေ့ရှိသည့် အမေ့ကိုပင် သတိရမိသည်။ ပေါ်ဆန်းမွှေးဆန်သည် ၂၀၁၁ ခုနှစ်က ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်တွင် ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာဆန်စပါးညီလာခံတွင် ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ်ယှဉ်ပြိုင်သည့် အခြားဆန်များကို ကျော်လွှားရရှိခဲ့သည်။ ကမ္ဘာတွင် အကောင်းဆုံးဆိုသော ထိုင်းမှ ဟုမ်မလီခေါ် ဂျပ်စ်မင်ဆန်၊ အိန္ဒိယမှ ဘာစမာတီ၊ ဗီယက်နမ်မှ အက်စ်တီ ၂၄၊ ကမ္ဘောဒီးယားမှ အင်ကာမာလီ စသောဆန်များအားလုံးကို ပေါ်ဆန်းမွှေးဆန်က အဘက်ဘက်တွင်ယှဉ်ပြိုင်နိုင်သည်။

**စီးပွားရေးဦးတည်ချက်နှင့်ပေါ်ဆန်းမွှေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်တွင် စီးပွားရေးဦးတည်ချက် သုံးရပ်ပါဝင်ပြီး ပထမဆုံးစီးပွားရေးဦးတည်ချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးဖြစ်သည်။ ထိုအချက်နှင့်အညီ စိုက်ပျိုးမွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်ထုတ်လုပ်ရာတွင် ပြည်တွင်းဖူလုံရုံဖြင့် မလုံလောက်ဘဲ နိုင်ငံ့စီးပွားရေးအတွက်လည်း ပြည်ပသို့လယ်ယာထွက်ကုန်များ တင်ပို့နိုင်ရေးသည် အရေးပါသောလုပ်ငန်းတစ်ခုဖြစ်သည်။ ထိုအထဲတွင် ဆန်၊ ဆန်ကွဲတင်ပို့မှုသည် နိုင်ငံခြားငွေ အများဆုံးရှာပေးနိုင်သော လယ်ယာထွက်ကုန်တစ်ခုဖြစ်သည်။ ထို့ကြောင့် ဆန်စပါးများ ထုတ်လုပ်မှုတွင် ပြည်ပတင်ပို့နိုင်သည့်ဆန်များကို အရေအတွက် တိုးတက်အောင် စိုက်ပျိုးထုတ်လုပ်ရန်သာမက ပြည်ပတင်ပို့နိုင်သည့် ဆန်အမျိုးအစားများလည်း တိုးတက်လာရန်လိုအပ်သည်။ ပြည်ပတင်ပို့နိုင်သည့် ဆန်အမျိုးအစားများ တိုးတက်အောင်ဆောင်ရွက်မည်ဆိုပါက မြန်မာ့ပုလဲ ပေါ်ဆန်းသို့မဟုတ် ပေါ်ဆန်းမွှေးဆန်သည် ပြည်ပသို့ အရည်အသွေးမြင့်ဆန်အဖြစ်တင်ပို့ရန် အသင့်တော်ဆုံးထဲတွင် တစ်ခုအဖြစ်ပါဝင်သည်။ လက်ရှိအခြေအနေတွင်မူ ပေါ်ဆန်းမွှေးဆန်သည် ပြည်တွင်းလိုအပ်ချက်ကိုပင် ပြည့်မီအောင်ထုတ်လုပ်နိုင်ခြင်း မရှိသေးသည့်အပြင် ကောက်ကြီးစပါးမျိုးဖြစ်ကာ သက်တမ်းရှည်သည့်အတွက် ထုတ်လုပ်မှုစရိတ်မြင့်မားသည်။

ထုတ်လုပ်မှုစရိတ်ကျဆင်းရေးမှာ အထွက်နှုန်းကောင်းရေးပေါ်တွင်လည်းတည်မှီနေသည်။ ထို့ပြင် ပေါ်ဆန်းမွှေးများကို ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ပျိုးထုတ်လုပ်ပြီး ရေမြေရာသီဥတုကိုက်ညီသည့် ရွှေဘိုခရိုင်တွင်လည်း အများအပြားစိုက်ပျိုးအောင်မြင်လျက်ရှိသည်။ တစ်ဖက်တွင်လည်း ကိုဗစ်ရောဂါမဖြစ်မီက ရွှေဘိုပေါ်ဆန်းမွှေးအဖြစ် Geographical Indication-GI လက်မှတ်ရရှိရေးအတွက် ၂၀၁၅ ခုနှစ်ခန့်မှစတင်ပြီး ကြိုးစားဆောင်ရွက်လျက်ရှိသည်။ အဆိုပါလက်မှတ်သည် နေရာဒေသတစ်ခုတွင် ထူးထူးခြားခြားကောင်းမွန်သည့် သီးနှံများကို သီးသန့်အရည်အသွေးများဖြင့် ထုတ်လုပ်နိုင်ခြင်းကို အသိအမှတ်ပြုသည့် လက်မှတ်ဖြစ်သည်။ ထိုလက်မှတ်ရရှိပါက ပြည်ပတင်ပို့လျှင် ဈေးနှုန်းအနေဖြင့် သုံးဆမျှရရှိလာနိုင်သည်။

**ပေါ်ဆန်းမွှေး ကမ္ဘာ့အလယ် ပိုမိုတင့်တယ်ဝင့်ကြွားနိုင်ရေး**

ပေါ်ဆန်းမွှေးဆန်သည် ၂၀၁၁ ခုနှစ်ကတည်းက ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် ဆုရရှိပြီးဖြစ်သော်လည်း ကမ္ဘာ့ဈေးကွက်တွင် ပေါ်ဆန်းမွှေးကို လူသိမများကြကြောင်းတွေ့နိုင်သည်။ ထို့ကြောင့် ပေါ်ဆန်းမွှေးကို ကမ္ဘာ့အလယ်တွင် ပိုမိုထင်ပေါ်လာစေရေးအတွက် ပြည်ပသို့ တိုးတက်တင်ပို့နိုင်ရန် လိုအပ်သည်။ ပြည်ပတင်ပို့နိုင်ရေးတွင် အခြေခံအားဖြင့် ပြည်တွင်းစားသုံးရန်လိုအပ်ချက်ထက် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုအပ်သည်။ အထူးသဖြင့် နေရာဒေသအသစ်များတွင် စိုက်ပျိုးနိုင်ရန် မျိုးများရှာဖွေထုတ်လုပ်ခြင်းကို ၂၀၁၈ ခုနှစ်က ပြုလုပ်သည့် မြန်မာ့ပေါ်ဆန်းမွှေးဖိုရမ်တွင် ကြားသိခဲ့ရသည်။ ထို့ပြင် အထွက်နှုန်းမြင့်ရေးကိုဆောင်ရွက်နိုင်ရန်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုအပ်သည်။ ထို့ပြင် တစ်ဖက်ကလည်း ပေါ်ဆန်းမွှေးကို ဈေးကွက်ရှာရန်အတွက် အမျိုးသားပို့ကုန် မဟာဗျူဟာကဲ့သို့ ပို့ကုန်တိုးမြှင့်ရေးအတွက် ချမှတ်ထားသည့်မဟာဗျူဟာများကို အသုံးချပြီး ပြည်ပတင်ပို့ရေးကို လုပ်ကိုင်မည်ဆိုပါက ပေါ်ဆန်းမွှေးသည် ကမ္ဘာ့အကောင်းဆုံးဆန်ဖြစ်သည်ဟုလက်မထောင်ကာ ကမ္ဘာ့အလယ်တွင် ပိုမိုဝင့်ကြွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။



**မျိုးသူ(ကုန်သွယ်မြှင့်)**

# မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၁၂၆၀၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**မအူပင် မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၁၂၆၀၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မအူပင်မြို့နယ်တွင် ဖူစားပြောင်း ၂၅၆၅၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် ဖူးစားပြောင်းများကို ယခုနှစ် ဖေဖော်ဝါရီလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဖူးစားပြောင်း ၁၂၆၀၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉၈၉၁ ဖူးထိထွက်ရှိကြောင်း သိရသည်။

''မအူပင်မြို့နယ်မှာ ဖူးစားပြောင်း ဧက ၂၅၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ဖူးစားပြောင်းတွေကို ပြန်လည်ရိတ်သိမ်းနေတာ လက်ရှိမှာ ဧက ၁၂၀၀၀ ကျော်ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်းတွေစိုက်ပျိုးရာမှာ ဆောလျင်စွာပြီးစီးရေး၊ လျာထားချက်ပြည့်မီစေရေးနဲ့ အခက်အခဲမရှိစိုက်ပျိုးနိုင်ရေးလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆောင်းသီးနှံတွေ အထွက်နှုန်းကောင်းစေဖို့နဲ့ ပိုးမွှား အန္တရာယ် ကျရောက်မှုမရှိစေဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပါတယ်''ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ဖူးစားပြောင်းကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# လွန်း ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်း မိတ်ဆက်ပွဲ ပြုလုပ်




**ရန်ကုန် မတ် ၁၉**

CANAL+ ZAT LENN ရုပ်သံလိုင်းတွင် မတ် ၂၄ ရက်မှစတင်ကာ ထုတ်လွှင့်သွားမည့် လွန်း ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်း မိတ်ဆက်ပွဲကို မတ် ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် Kantharyar Center၊ Rangoon Cineplex ၌ ပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် သားညီက ပြောပြ၍ သိရသည်။

အဆိုပါ CANAL+ ZAT LENN မူပိုင်ဖန်တီးမှုဖြစ်သည့် လွန်းရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို EVREN က ရေးသားထားပြီး ဟေမာန်ဟိန်း၊ ရည်မွန်ထက်နှင့် ညိုသွေးတို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ပြည့်ဖြိုးနိုင် (PPN) က CANAL+ ရုပ်သံလိုင်းအတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ သဘာဝလွန်ဖြစ်ရပ်ဆန်းကြယ် ဇာတ်လမ်းတွဲဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ ကျွန်တော့်အတွက် အမှတ်တရတွေအများကြီးပါ။ ဇာတ်လမ်းတွဲတွေ ပြန်ရိုက်တဲ့အချိန်မှာ ဇာတ်ကောင်စရိုက် ပီပီပြင်ပြင်နဲ့ ဇာတ်ဝင်ခန်းအများကြီးနဲ့ ပထမဆုံးရိုက်ရတဲ့ ဇာတ်လမ်းတွဲတစ်ခုဖြစ်ပါတယ်။ ဇာတ်လမ်းက ထူးခြားဆန်းကြယ်သလို ဇာတ်အိမ်ကလဲကြီးတဲ့အတွက် တော်တော်လေး ဂရုစိုက် ထားပါတယ်။ အထူးသဖြင့် အချို့ဇာတ်ဝင်ခန်းတွေမှာ ဦးကျော် (မင်းသားကြီးကျော်ဟိန်း) အိုက်တင်တွေကို အသေးစိတ်လေး လုပ်ပေးရတာတော့ ကျွန်တော့်အတွက် အမှတ်တရပါ"ဟု သရုပ်ဆောင် သားညီက ပြောပြသည်။

လွန်း ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အောင်ရေချမ်း၊ နေ့သစ်အေးအောင်၊ သားညီ၊ မင်းသူ၊ လင်းလပြည့်ထက်၊ လင်းဇာနည်ဇော်၊ ခင်မို့မို့အေး၊ သာသာ၊ မြတ်သူကို၊ ဝန်းရံခ၊ ဒေါ်လုံးတင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Mr.Irrelevant ဇာတ်ကား၌ မင်းသမီး အစ္စဘဲမေ ပါဝင်ဖွယ်ရှိ

**နယူးယောက် မတ် ၁၉**

Skydance Sports ၏ Mr. Irrelevant အမည်ရှိ အားကစားလောကနောက်ခံ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး အစ္စဘဲမေ ပါဝင်ဖွယ်ရှိကြောင်း မတ် ၁၈ ရက် သတင်း များအရ သိရသည်။

လက်ရှိတွင် မင်းသမီး အစ္စဘဲမေသည် Mr. Irrelevant ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် Skydance Sports ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ် သဘောတူညီချက်ရရှိခဲ့ပါက Mr. Irrelevant ဇာတ်ကား၌ Superman မင်းသား ဒေးဗစ်ကိုရန်စဝပ်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Mr. Irrelevant ဇာတ်ကားသည် အမေရိကန်ဘောလုံး အားကစားသမား ဂျွန်တပ်ဂဲ၏ ဘဝကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Mr. Irrelevant ဇာတ်ကားကို ဒါရိုက်တာ ဂျိုနာသန်လီဗင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို စာရေးဆရာ နစ်မန်တိုရာက ရေးသားထားကြောင်း သိရသည်။

လက်ရှိတွင် Mr. Irrelevant ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်ကို မသိရသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# တေးသံရှင် ဖြိုးပြည့်စုံ၊ ဂျူဝယ်တို့၏ တေးဂီတဖျော်ဖြေပွဲကို တောင်ဥက္ကလာပမြို့နယ် Transporter Bar ၌ ပြုလုပ်မည်ဖြစ်




**မန္တလေး မတ် ၁၉**

တေးသံရှင် ဖြိုးပြည့်စုံ၊ တေးသံရှင် ဂျူဝယ်တို့၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ မတ် ၂၃ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဖြိုးပြည့်စုံက ပြောပြ၍ သိရသည်။

အဆိုပါ တေးသံရှင် ဖြိုးပြည့်စုံနှင့် ဂျူဝယ်တို့၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် နှစ်ဦးနှင့်အတူ Transporter Music Band တေးဂီတအဖွဲ့ကလည်း အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ မတ် ၂၃ Sunday Night မှာ ကျွန်တော်နဲ့ ဂျူဝယ် ရှိပါ့မယ်။ ကျွန်တော်တို့နဲ့အတူ အသံပါဝါကောင်းကောင်းနဲ့ ပံ့ပိုးသီဆိုပေးမဲ့ Transporter ရဲ့ ပင်တိုင်အဆိုရှင်တွေအပြင် ဒီဂျေတွေရဲ့ အလန်းစား Live Performance တွေကို မြင်ရအုံးမှာမို့ အရောက်လှမ်းခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ဖြိုးပြည့်စုံက ပြောပြသည်။

တေးသံရှင် ဖြိုးပြည့်စုံ၊ ဂျူဝယ် တို့၏ တေးဂီတဖျော်ဖြေပွဲကို မတ် ၂၃ ရက်တွင် Sunday Night တေးဂီတဖျော်ဖြေမှု အဖြစ် ည ၇ နာရီတွင် စတင်ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Avengers:Doomsday ဇာတ်ကားကို ယခုလကုန်ပိုင်းတွင် စတင်ရိုက်ကူးမည်

**နယူးယောက် မတ် ၁၉**

Avengers:Doomsday စူပါဟီးရိုး ရုပ်ရှင်ဇာတ်ကားသစ်ကို ယခုလကုန်ပိုင်းတွင် စတင်ရိုက်ကူးရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း မတ် ၁၈ ရက် သတင်းများအရ သိရသည်။

Avengers:Doomsday ဇာတ်ကားကို ဒါရိုက်တာ အန်တိုနီရုပ်ဆိုးနှင့် ဂျိုးရုပ်ဆိုးညီအစ်ကိုတို့က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ယခုလကုန်ပိုင်းတွင် ဗြိတိန်နိုင်ငံ ပိုင်းဝုစတူဒီယို၌ စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ခရစ်အီဗန်၊ တွမ်ဟော်လန်း၊ ရောဘတ်ဒေါ်နေးဂျူနီယာ၊ ပက်ဒရိုပါစကယ်နှင့် မင်းသမီး မင်နက်ဆာကာဘီတို့ ပါဝင်မည်ဖြစ်သည်။

Avengers:Doomsday ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျက်ကာဘီနှင့် စတန်းလီတို့က ရေးသားထားကြောင်း သိရသည်။

Avengers:Doomsday ဇာတ်ကားကို ၂၀၂၆ ခုနှစ် မေ ၁ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# ပဲခူးမြို့ရှိ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်၏ ၂၆၀၇ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ပဲခူး မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်၏ ၂၆၀၇ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေမော်ဓောစေတီတော်မြတ် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးရွှေသိန်းက ပြောပြ၍ သိရသည်။

အဆိုပါ ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်၏ ၂၆၀၇ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို တန်ခူးလဆန်း ၁၀ ရက်မှ တန်ခူးလဆုတ် ၄ ရက်ထိ ၁၀ ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို တန်ခူးလဆန်း ၁၀ ရက် ညနေပိုင်းတွင် ရွှေမော်ဓောစေတီတော်မြတ်၏ရင်ပြင်တော်ရှိ ရွှေကျောင်းတော်ကျောက်ပန်းတောင်း ဓမ္မာရုံ၌ ကျင်းပပြုလုပ်မည် ဖြစ်ကြောင်း သိရသည်။

"ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ရဲ့ ၂၆၀၇ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်း အစီအစဉ်တွေ၊ ကုန်ပစ္စည်းတွေ ရောင်းဝယ်ရေး အစီအစဉ်တွေ ပျော်ပွဲရွှင်ပွဲ အစီအစဉ်တွေနဲ့ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ တန်ခူးလပြည့်နေ့မှာတော့ ဘုရားအမှူးပြုတဲ့ သံဃာတော်အရှင်သူမြတ် အပါး ၅၀၀ ကို ဆွမ်းဆန်စိမ်းနဲ့ အခြားလှူဖွယ်ပစ္စည်းတွေ လောင်းလှူပူဇော်သွားမှာ ဖြစ်ပါတယ်"ဟု ရွှေမော်ဓောစေတီတော်မြတ် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးရွှေသိန်းက ပြောပြသည်။

ရွှေမော်ဓောစေတီတော်မြတ်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဂေါပကအဖွဲ့မှဦးဆောင်ပြီး အစဉ်အလာမပျက် ကျင်းပမည်ဖြစ်ပြီး ဘုရားပွဲတော်တွင် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာပွဲများ၊ မြန်မာ့ရိုးရာကုန်ပစ္စည်းပြပွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စက်ရုံ၊ အလုပ်ရုံများမှထွက်ရှိသည့် လူသုံးကုန်၊ အလှကုန်၊ အိမ်သုံးကုန်ပစ္စည်းများ ရောင်းချခြင်း အစီအစဉ်များနှင့် ပျော်ပွဲရွှင်ပွဲများ ထည့်သွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win visits patients receiving treatment at military hospital in Aungban Town



Vice-Senior General Soe Win views medical records of a patient.



Vice-Senior General Soe Win views medical records of a patient.



Daw Than Than Nwe provides cash assistance for a patient.



Vice-Senior General Soe Win presents cash rewards for hospital staff.

**Nay Pyi Taw March 19**

Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by Shan State Chief Minister U Aung Aung, senior military officers from the Office of the Commander-in-Chief, the Commander of the Eastern Command, and other responsible officials, visited and delivered words of encouragement to officers, soldiers, and members of the People's Militia (Local) who are receiving treatment at the military hospital in Aungban Town, Shan State (South), this morning.

First, the Vice-Senior General and party arrived at the local military hospital in Aungban Town, where they were welcomed and greeted by the hospital commandant, military medical officers, and responsible officials.

Subsequently, the commandant briefed the Vice-Senior General on the current healthcare services provided to officers, soldiers, members of the People's Militia (Local), and local civilians, as well as other necessary requirements, in the hospital's conference hall. The Vice-Senior General provided guidance and addressed the necessary needs.

Following this, the Vice-Senior General and his entourage individually inquired about the health conditions of the officers, soldiers, and members of the People's Militia (Local) who were injured while performing national defence and security duties and are now receiving treatment at the hospital. They offered words of encouragement and provided food.

Similarly, the wife of the Vice-Senior General, Daw Than Than Nwe, and her entourage visited the women and children's ward, where they met with patients receiving treatment, offered words of encouragement, and distributed food.

Later, the Vice-Senior General presented gifts and cash rewards to the healthcare staff serving at the hospital, which were received by the responsible officials. 100

# Letter from Mideast: Fallujah's hidden wounds -- uncovering lingering legacy of depleted uranium

**Baghdad March 19**

At first glance, the sun-baked city of Fallujah hums with the rhythms of ordinary life. Vendors barter in bustling markets, children chase soccer balls down dusty alleys, and the sluggish breeze from the Euphrates offers fleeting relief from the desert heat.

Yet, beneath this veneer of normalcy, the city located 50 km west of Baghdad bears scars that extend beyond its bullet-pocked walls and skeletal ruins.

"The wounds of this city aren't the ones you see," said Hassan, a local journalist who guided me through its labyrinthine streets. "They're buried in the earth -- and in us." Speaking under an alias for fear of reprisal, he points to the quiet crisis gripping Fallujah: a surge in birth defects, cancers and rare illnesses that many residents and medical professionals attribute to the U.S. military's use of depleted uranium (DU) munitions during the 2004 offensive.

More than two decades after U.S. forces waged one of the Iraq War's most devastating battles here, markets and mosques have been rebuilt. Yet, beneath the surface of reconstruction, the long-term consequences of war persist.

Xinhua

# Merchants send 74,000 bags of Manawthukha rice to Yangon market


Rice being put into bags.

**Kyaiklat March 19**

Daw Ei Ei Moe, a rice and paddy trading business owner in Kyaiklat Township of Ayeyawady Region, said that up to 74,000 sacks of 24-basket Manawthukha rice were sent to the Yangon market from Kyaiklat Township in February.

In comparison, only 55,000 sacks of the same rice variety were supplied to Yangon in January. In February, the volume of rice increased to 74,000 sacks. This type of rice falls under the category of non-premium rice.

"Over the past month, we have sold a significant amount of Manawthukha rice to the Yangon market. Kyaiklat Township is one of the largest suppliers of agricultural products from Ayeyawady Region to Yangon. There is still strong demand for Manawthukha rice in the Yangon market this month, with ongoing purchase arrangements. Compared to other rice varieties, the trade volume of this type has increased over the past month. We mainly transport and sell the rice via land routes," said Daw Ei Ei Moe.

During the past month, the price of a 24-basket sack of Manawthukha rice transported from Kyaiklat to Yangon fetched K92,500 per bag. Due to the strong trade activity, farmers, traders, transport workers, and truck rental businesses have benefited from increased job opportunities.

Kyaw Kyaw Lin

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers in Wetlet Township harvest more than 4,000 acres of sunflower

**Wetlet March 19**

Statistics of Wetlet Township Department of Agriculture stated that the sunflower crops planted during the winter growing season have been fully harvested, covering a total of 4,440 acres in Wetlet Township of Shwebo District, Sagaing Region.

During the winter growing season, sunflower crops were cultivated on 4,440 acres in Wetlet Township. The harvesting process began in January this year, and as of today, 100 per cent of the cultivated area has been harvested, yielding an average of 27.89 baskets per acre.

Daw Kyin San, the head of the Wetlet Township Department of Agriculture, disclosed: "The total sunflower cultivation area in Wetlet Township during the winter growing season reached 4,440 acres. At present, the entire cultivated area has been fully harvested. The cultivated area exceeded initial projections. Sunflowers are being promoted to reduce the import of palm oil from foreign countries, as sunflowers produce more oil per acre compared to other oil crops like peanuts and sesame. Farmers prioritize sunflower cultivation in the winter rather than the monsoon season."

To expand sunflower cultivation in Wetlet Township, the Department of Agriculture raised farmer awareness for enhancement of capacity of local farmers and agricultural staff so as to grow sunflower successfully.

Moreover, efforts have been made to support sunflower farmers by providing quality seeds, selling fertilizers at affordable prices, and distributing newly developed sunflower varieties through a farmer-to-farmer exchange system.

206


Farmers harvesting sunflower.

# More than 6,000 acres of peanut harvested in Katha Township

**Katha March 19**

According to statistics from the Katha Township Agriculture Department, a total of 6,720 acres of peanuts cultivated during the winter crop season have been harvested in Katha Township, Sagaing Region.

In Katha Township, a total of 31,884 acres of peanuts were cultivated during the winter crop season. The harvesting of these peanut plantations began in January this year, and as of today, 6,720 acres have been completely harvested, yielding an average of 62.95 baskets per acre.

U Ko Lay, the head of the Katha Township Agriculture Department, said: "The total peanut cultivation in Katha Township during this winter crop season reached 31,884 acres, and all the cultivated fields have now been fully harvested. The cultivated acreage exceeded expectations, and as an oil crop, it has been successful. Peanut farming in the township has been steadily improving year by year."

In Katha Township, peanut cultivation requires approximately 1.5 baskets of seeds per acre. The total cost, including seed expenses, labor wages, fertilizers, and pesticides, exceeds K200,000 per acre. On average, each acre yields over 50 baskets of peanuts.

To ensure successful peanut cultivation in Katha Township, prevent pest infestations, and keep the fields free of weeds, staff from the Township Agriculture Department have been conducting field inspections and keeping monitoring records.

206

# More than 9,000 acres of sunflower planted in Mingin Township

**Mingin March 19**

According to records from the Agriculture Department of Mingin Township of Sagaing Region, a total of 9,349 acres of sunflowers planted during the winter crop season have already been harvested.

In Mingin Township, a total of 16,337 acres of sunflowers were cultivated during the winter crop season. The harvesting of these sunflower fields began in January of this year, and as of today, 9,349 acres have been harvested. The yield per acre is reported to be 30.07 baskets.

"The total area of sunflower cultivation in Mingin Township during the winter crop season reached 16,337 acres. At present, the harvesting process is ongoing, with 9,349 acres already harvested. To reduce reliance on imported palm oil, efforts are being made to expand sunflower cultivation as an alternative oil crop. Sunflowers produce more oil per acre compared to other oilseeds such as peanuts and sesame. That is why sunflower cultivation mainly takes place during the winter season," said Daw Hayman Kyaw Win, the head of the Mingin Township Agriculture Department.

To promote the expansion of sunflower cultivation in Mingin Township, the Agriculture Department has conducted training programmes for farmers. These programmes aim to enhance the skills and capabilities of both agricultural staff and sunflower growers.

Moreover, support measures have been implemented for farmers, including the provision of quality seeds, the sale of fertilizers at affordable prices, and the establishment of a seed exchange system that allows farmers to share and distribute sunflower varieties among themselves.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပင်တဂွန်က တစ်လမ်းမောင်းဒရုန်းများကို တီထွင်ထုတ်လုပ်ရန် အမေရိကန်ကုမ္ပဏီလေးခုကို ရွေးချယ်



ပင်တဂွန်စစ်ဌာနချုပ် ကာကွယ်ရေး တီထွင်ဆန်းသစ်မှုတပ်ဖွဲ့(DIU)သည် Artemis အစီအစဉ်အောက်တွင် တာဝေး ပျံသန်းစစ်ဆင်နိုင်မည့် တစ်လမ်းမောင်း ဒရုန်းများကို တီထွင်ထုတ်လုပ်ရန်အတွက် အမေရိကန်နိုင်ငံ ကုမ္ပဏီလေးခုကို ရွေးချယ်ထားကြောင်း The Defense Post သတင်းဌာနက မတ် ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းတို့အနက် ကုမ္ပဏီနှစ်ခုမှာ ယူကရိန်းနိုင်ငံကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကုမ္ပဏီများဖြစ်သည်။ Aero Vironment၊ Dragoon၊ Swan နှင့် Auterion ကုမ္ပဏီတို့သည် ကနဦးလုပ်ငန်းလည်ပတ်မှု အကဲဖြတ်ဆန်းစစ်နိုင်ရန်အတွက် Artemis အစီအစဉ်အောက်ရှိ ဒရုန်းရှေ့ပြေးပုံစံများကို ထုတ်လုပ်ရန်အတွက် စာချုပ်များပေးအပ်နိုင်ခဲ့ပြီဖြစ်သည်။ Swan နှင့် Auterion ကုမ္ပဏီတို့သည် အမည်နာမဖော်ပြထားခြင်းမရှိသော ယူကရိန်းနိုင်ငံရှိ ဒရုန်းထုတ်လုပ်ရေးကုမ္ပဏီနှစ်ခုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

Artemis အစီအစဉ်၏ အဓိကရည်မှန်းချက်မှာ လျှပ်စစ်သံလိုက်လှိုင်းနှုန်းများ ပြိုင်ဆိုင်မှုပြင်းထန်သော အီလက်ထရွန်နစ်စစ်ဆင်ရေး ပတ်ဝန်းကျင်အခြေအနေမျိုးတွင် ပျံသန်းလုပ်ဆောင်နိုင်မည့် လိုက်လျောညီထွေရှိနိုင်သော Loitering Munition တိုက်ခိုက်ရေးဒရုန်းများကို တီထွင်ထုတ်လုပ်ရန်ဖြစ်ကြောင်း DIU ၏ အဆိုအရ သိရသည်။

ဒရုန်းများကို အကြီးစားထုတ်လုပ်ခြင်းနှင့် ဖြန့်ကြက်အသုံးပြုခြင်းတို့အတွက် ကုန်ကျစရိတ်သက်သာရမည်ဟု သတ်မှတ်ပေးထားသည်။ အဆိုပြုချက် ၁၆၅ ခုကို ကျယ်ကျယ်ပြန့်ပြန့် အကဲဖြတ်ဆန်းစစ်ခြင်းများပါဝင်သည့် တင်ဒါပြိုင်ဆိုင်မှုလုပ်ငန်းစဉ်အပြီးတွင် ကုမ္ပဏီလေးခုကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ Artemis အစီအစဉ် ဒရုန်းရှေ့ပြေးပုံစံများကို ယခုဘဏ္ဍာနှစ် နှစ်ကုန်ပိုင်းလောက်တွင် တင်သွင်းရန် မျှော်မှန်းလုပ်ဆောင်နေသည်။

Artemis အစီအစဉ်အရ တီထွင်ထုတ်လုပ်မည့်ဒရုန်းသည် မြေပြင်မှ လွှတ်တင်ရမည်ဖြစ်ပြီး အကွာအဝေး ကီလိုမီတာ ၅၀ နှင့် ကီလိုမီတာ ၃၀၀ ကြား ပျံသန်းစစ်ဆင်နိုင်စွမ်းရှိရမည်ဟု သတ်မှတ်ပေးထားသည်။ ဒရုန်းသည် လျင်မြန်စွာလွှတ်တင်နိုင်ခြင်း၊ အနိမ့်ပျံသန်းစစ်ဆင်နိုင်ခြင်းနှင့် Payload အမျိုးမျိုးကို တင်ဆောင်တိုက်ပွဲဝင်နိုင်စွမ်း ရှိရမည်ဖြစ်သည်။ ထို့ပြင် ဒရုန်းသည် ဆက်သွယ်ရေးလှိုင်းနှုန်း၊ ချိတ်ဆက်မှုပြတ်တောက်နေသော လှိုင်းနှုန်းနည်း/ နိမ့်ပါးသောအခြေအနေမျိုးနှင့် GPS မရရှိနိုင်သော ပတ်ဝန်းကျင်များတွင် ပျံသန်းတာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်သည်။ DIU တပ်ဖွဲ့သည်ပေါ်ပေါက်လာသောခြိမ်းခြောက်မှုများနှင့် နည်းပညာဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများကို တုံ့ပြန်ဆောင်ရွက်ရာတွင် Artemis ဒရုန်းစနစ်ကို လျင်မြန်စွာအဆင့်မြှင့်တင်နိုင်မည့် ဖွဲ့စည်းပုံမျိုးလိုအပ်မည်ဖြစ်သည်။ Artemis ဒရုန်းအစီအစဉ်၏ ရည်မှန်းချက်များသည် လက်တွေ့ကမ္ဘာ့ပဋိပက္ခ၊ တိုက်ပွဲအခြေအနေများကို စောင့်ကြည့်လေ့လာမှုများအပြင် ကမ္ဘာတစ်ဝန်းရှိ လက်ရည်တူပြိုင်ဘက်များထံမှ ခြိမ်းခြောက်လာနိုင်မှုများကိုရင်ဆိုင်ရန် ဤနယ်ပယ်အတွင်း လိုအပ်နိုင်သည့်စွမ်းရည်များနှင့်ပတ်သက်၍ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏အသုံးပြုသူတပ်ဖွဲ့ဝင်များထံမှ အကြံပြုချက်များနှင့် တိုက်ရိုက်သက်ဆိုင်နေသည်ဟု DIU တပ်ဖွဲ့က မှတ်ချက်ပြုခဲ့သည်။

ယခုနှစ်နှောင်းပိုင်းတွင် ပြုလုပ်ရန် စီစဉ်ထားသည့် ဒရုန်းနမူနာပုံစံများ စမ်းသပ်ခြင်းနှင့်သရုပ်ပြခြင်းများ အပြင်းအထန်ပြုလုပ်ပြီးနောက် အစီအစဉ်၏ နောက်တစ်ဆင့်သို့ မည်သည့်ကုမ္ပဏီများ အောင်မြင်စွာ တက်လှမ်းနိုင်မည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရှိနိုင်သေးကြောင်း သိရသည်။

**US Selects Four Firms, Including Ukrainian Partners, for Artemis One-Way Drone Program ကို ဘာသာပြန်ဆိုထားပါသည်။**

## BlueHalo ကုမ္ပဏီက တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးဒုံးကျည်၏ တိုက်ရိုက်ပစ်ခတ်သရုပ်ပြမှုကို ပြုလုပ်နိုင်ခဲ့

BlueHalo ကုမ္ပဏီသည် အမေရိကန်ကြည်းတပ် စီမံကိန်းတစ်ခုအတွက် ၎င်း၏ တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေး ဒုံးကျည်၏ တိုက်ရိုက်ပစ်ခတ်သရုပ်ပြမှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက မတ် ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဇန်နဝါရီလတွင် BlueHalo ကုမ္ပဏီထုတ် Freedom Eagle-1 (FE-1)ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်စနစ်သည် အရီဇိုးနားပြည်နယ်ရှိ အမေရိကန်ကြည်းတပ်၏ Yuma စက်ပစ်ကွင်းတွင် ၎င်း၏ ပထမဆုံး Controlled Test Vehicle စမ်းသပ်မှုအတွင်း ဒုံးကျည်စမ်းသပ်ပျံသန်းမှု သုံးကြိမ်ပြုလုပ်ခဲ့သည်။ BlueHaloကုမ္ပဏီအနေဖြင့် ဒုံးကျည်လမ်းညွှန်ထိန်းကျောင်းမှု၊ လမ်းကြောင်းပြမှုနှင့် ထိန်းချုပ်မှုစနစ်များ၊ လေခွင်းအားတို့ကို ခွဲခြမ်းစိတ်ဖြာ၍ တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေး ဒုံးကျည်၏စွမ်းဆောင်ရည်အပေါ် ဗီဒီယို၊ အာရုံခံကိရိယာမှတ်တမ်းများ၊ ရေဒါလမ်းကြောင်းများနှင့် ရေဒီယိုလှိုင်းနှုန်းဆိုင်ရာဒေတာများကို ပြုစုနိုင်ခဲ့သည်။

"အရွေ့စွမ်းအင်သုံး ဒုံးကျည်အစီအစဉ်ရဲ့ တိုးတက်ဖွံ့ဖြိုးလုပ်ဆောင်မှုတွေအတွင်း ပထမဦးဆုံး ဒုံးကျည်သုံးစင်းနဲ့ သုံးကြိမ်ပစ်ခတ်စမ်းသပ်မှု အောင်မြင်စွာပြုလုပ်နိုင်ခဲ့တာဟာ ကျွန်တော်တို့အဖွဲ့အင်ဂျင်နီယာတွေရဲ့ အံ့မခန်းစွမ်းဆောင်နိုင်မှုတစ်ခုဖြစ်ပြီး ယုံကြည်စွာပုံအပ်ခဲ့မှုနဲ့ ကျွမ်းကျင်ပိုင်နိုင်မှုတို့ကို သက်သေပြချက်တစ်ရပ်လဲဖြစ်ပါတယ်"ဟု BlueHalo ကုမ္ပဏီ အကြီးတန်းအရာရှိ James Batt က ပြောကြားခဲ့သည်။

BlueHalo ကုမ္ပဏီသည် FE-1 ဒုံးကျည်စနစ်ကို ပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် သတ်မှတ်ထားသော အချိန်ကာလအတိုင်း လိုအပ်ချက်များအချိန်မီဖြည့်ဆည်းပေးနိုင်ရန် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်လုပ်ဆောင်နေကြောင်း၊ ရုရှားနှင့် ယူကရိန်းတို့သည် ဒရုန်းများအသုံးပြု၍ အပြန်အလှန်တိုက်ခိုက်မှုများမြင့်တက်လာနေသည့် ဥရောပရှိ ပဋိပက္ခများ၊ ပင်လယ်နီတွင် ဟူသီတို့ထံမှ ဒရုန်းခြိမ်းခြောက်မှုများ၊ တရုတ်(တိုင်ပေ)တစ်ဝိုက် ခြိမ်းခြောက်မှုများအစရှိသည့် နိုင်ငံတကာဖြစ်ရပ်များသည် တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးဒုံးကျည်စနစ်တိုးတက်ဖွံ့ဖြိုးမှုအပေါ် လွှမ်းမိုးထားသည့် အရေးပါသောအချက်များဖြစ်ကြောင်း BlueHalo ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Jonathan Moneymaker က ပြောကြားခဲ့သည်။



BlueHalo ကုမ္ပဏီသည် ၂၀၂၄ ခုနှစ် ဇွန်လတွင် FE-1 ဒုံးကျည်ကို အမေရိကန်ကြည်းတပ်၏ မျိုးဆက်သစ်တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးဒုံးကျည်(NGCM) အစီအစဉ်တွင် ပြိုင်ဘက်ကုမ္ပဏီနှစ်ခုထဲမှ ရွေးချယ်ခံခဲ့ရသည်။ NGCM အစီအစဉ်သည် အရွယ်အစားပိုမိုကြီးမားပြီး အဆင့်မြင့် မောင်းသူမဲ့လေယာဉ်စနစ် အုပ်စုသုံးခုနှင့်အထက်ကို တိုက်ခိုက်ချေမှုန်းနိုင်မည့်ခဲယမ်းများကို ရှာဖွေဝယ်ယူရန် ရည်ရွယ်လုပ်ဆောင်ခဲ့သည့် အစီအစဉ်တစ်ခုလည်းဖြစ်သည်။

ထို့နောက် တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးဒုံးကျည်သည် ဩဂုတ်လတွင် ၎င်း၏ Dual-thrust၊ အစိုင်အခဲဒုံးပျံမော်တာအပါအဝင် အောင်မြင်စွာပစ်ခတ်စမ်းသပ်မှုနှင့် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် ဒုံးကျည်ထိပ်ဖူး ဖောက်ခွဲစမ်းသပ်မှုများကို အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

BlueHalo ကုမ္ပဏီသည် ၂၀၂၅ ခုနှစ် တတိယသုံးလပတ်တွင် အသုံးပြုမည့်သူများအတွက် တိုက်ရိုက်ပစ်ခတ်သရုပ်ပြမှု ပြုလုပ်ပေးရန် စီစဉ်နေသည်။ ထို့ပြင် ဒရုန်းအန္တရာယ်များတန်ပြန်ရန် ကာကွယ်ရေးစွမ်းရည်သစ်များကို ဝယ်ယူဖြည့်တင်းခြင်းနှင့် နယ်ပယ်သစ်ချဲ့ထွင်ခြင်းတို့ကို အရှိန်မြှင့်တင်ဆောင်ရွက်ရန် အမေရိကန်အစိုးရ၏ရည်ရွယ်ချက်အပေါ် ကုမ္ပဏီအမှုဆောင် အရာရှိချုပ်က အသိအမှတ်ပြုခဲ့ကြောင်း သိရသည်။

**BlueHalo Counter-Drone Missile Completes Live-Fire Demo ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# စစ်ကိုင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၂၅၅၉၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပြောင်းခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၃၀၇၁ ဧက၊ တစ်ဧကလျှင် ၅၂ ဒသမ ၃၇ တင်း၊ ဖူးစားပြောင်း ၂၂၅၈ ဧက၊ တစ်ဧကလျှင်ပြောင်းဖူးရေ ၂၀၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၂၅၅၉၉ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ အခုလက်ရှိ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်း အောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းများကို အထွက်နှုန်းတိုးတက်အောင် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကင်းမွန်ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကင်းမွန်ပိသာချိန် ၇၃၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုမာက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ကင်းမွန်ပိသာချိန် ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ကင်းမွန်ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကင်းမွန်တစ်ပိသာလျှင် ငွေကျပ် ၂၄၀၀၀ မှ ၃၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"လပွတ္တာကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်တွေ ပုံမှန်တင်ပို့ ရောင်းချနေပါတယ်။ ဖေဖော်ဝါရီလက ကင်းမွန်ပိသာချိန် ၇၃၀၀၀ ထိတင်ပို့ရောင်းချခဲ့ရတယ်။ အခုလို ကင်းမွန်ပိသာချိန်များများ တင်ပို့ရောင်းချခဲ့ရတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်းကောင်းနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုမာက ပြောပြသည်။



အဆိုပါ ကင်းမွန်များကို ပွဲရုံပိုင်ရှင်များကဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ကင်းမွန်များကိုရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုမာက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် မတ် ၁၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုန်းတော်ပြည့်ကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက ဘုန်းတော်ပြည့် ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်များ၊ ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သန်း ၇၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဘုန်းတော်ပြည့်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၁၃၀ ကို ငွေကျပ်၁၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇၆ ဦးကိုငွေကျပ် ၅၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၀၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သန်း ၇၀ ထုတ်ချေးပေးခဲ့ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးထံမှ သိရသည်။

**ကိုညို**




## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၉-၃-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၅၀၀၀/၈၈၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၅၀၀၀/၇၈၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၀၀ |
| ခတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၅၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**


**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၂၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၄၁၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၇၃၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၇၉၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၉၆၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၂၅၀၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၂၅၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် အမျိုးသမီးနှင့် ကလေးကုသဆောင်တွင် တက်ရောက်ကုသလျက်ရှိသည့် လူနာများကိုလိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်စဉ်။

🏳 ရှေ့ဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အဖွဲ့ဝင်များသည် အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံတပ်မှူး၊ တပ်မတော်ပါရဂူများနှင့် ဆေးမှူးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)အား ဆေးရုံတပ်မှူးက ဆေးရုံအစည်းအဝေးခန်းမ၌ အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးထားမှုအခြေအနေများနှင့် အခြားလိုအပ်ချက်များကိုရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အရာရှိ၊စစ်သည်များနှင့်ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှုအခြေအနေများကို တစ်ဦးချင်းရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်သို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများကို လိုက်လံကြည့်ရှု အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီး ချုပ်(ကြည်း)သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၉**

အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှတာဝန်ရှိသူများ၊မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများအသင်း၊ မြန်မာနိုင်ငံအာမခံအသင်း၊ Myanmar Credit Bureau နှင့် Microfinance Credit Information Exchange(MCIX)တို့မှ တာဝန်ရှိသူများ၊ အသေးစားငွေရေးကြေးရေး ကုမ္ပဏီများ၊ ပုဂ္ဂလိကဘဏ်များနှင့် ပုဂ္ဂလိကအာမခံကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၅ ခုနှစ် ဇန်နဝါရီလစာရင်းများအရ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးကဏ္ဍတွင် အသေးစားငွေရေးကြေးရေးကုမ္ပဏီ ၁၇၇ ခုမှ ပြည်ထောင်စုနယ်မြေနေပြည်တော်၊တိုင်းဒေသကြီး၊ပြည်နယ် ၁၂ ခုရှိမြို့နယ် ၂၀၂ မြို့နယ်၊ ရပ်ကွက် ၁၉၀၉ ရပ်ကွက်၊ကျေးရွာအုပ်စု ၇၄၈၈ အုပ်စု၊ ကျေးရွာ ၂၄၃၁၇ ကျေးရွာ၊ အသင်းဝင်ဦးရေ ၂ ဒသမ ၈၅၅ သန်း၊ ထုတ်ချေးငွေလက်ကျန်ငွေကျပ် ၂၀၁၂ ဒသမ ၀၂၁ ဘီလီယံရှိကြောင်း၊ သို့ရာတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍ အတိုးတက်ဆုံးအခြေအနေဖြစ်သည့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလစာရင်းနှင့်နှိုင်းယှဉ်ပါက ပြည်နယ် နှစ်ခု၊ မြို့နယ် ၅၇ မြို့နယ်၊ ရပ်ကွက် ၃၄၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၁၇ အုပ်စု၊ ကျေးရွာ ၁၉၉၁ ကျေးရွာ၊ အသင်းဝင်ဦးရေ ၂ ဒသမ ၈၅၆ သန်း၊ ထုတ်ချေးငွေလက်ကျန် ငွေကျပ် ၇၇၁ ဒသမ ၀၁၅ ဘီလီယံ လျော့နည်းသွားကြောင်း အသေးစားငွေရေးကြေးရေးကုမ္ပဏီများက တင်ပြသည့်စာရင်းအရ တွေ့ရှိရကြောင်း။

ယင်းသို့ လျော့နည်းကျဆင်းရသည့် အခြေအနေကိုစိစစ်လေ့လာသုံးသပ်ရာတွင် အသေးစားငွေရေးကြေးရေး ကုမ္ပဏီများအနေဖြင့် လိုအပ်သည့် လည်ပတ်မတည်ငွေရင်းကို ပြည်တွင်း၊ပြည်ပငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ သင့်တင့်သောအတိုးနှုန်းဖြင့်ရယူနိုင်ရန်၊ နယ်မြေဒေသအခြေအနေများကြောင့် လုပ်ငန်းလည်ပတ်နိုင်မှုမရှိသည့် နယ်မြေဒေသများအတွက် ငွေကြေးဝန်ဆောင်မှုရရှိစေရေး နည်းလမ်းများဖော်ထုတ်ရန်၊ အသင်းဝင်များ၏ ချေးငွေနှင့်လူမှုစီးပွားဘဝကိုအကာအကွယ်ပေးရန်အတွက် ယင်းတို့နှင့်ကိုက်ညီသည့် အာမခံဝန်ဆောင်မှုများဆောင်ရွက်ပေးရန်၊ နိုင်ငံတော်က ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှဆောင်ရွက်နေသည့် ငွေကြေးဝန်ဆောင်မှုပေးခြင်းအစီအစဉ်များနှင့် ဟန်ချက်ညီစွာ ပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းမှ ကာကွယ်တားဆီးခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်သည့် ငွေကြေးအရင်းအမြစ်စိစစ်ခြင်း၊ အစွန်ပေးဆောင်ခြင်းအပါအဝင် ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များ လျင်မြန်ချောမွေ့စေရန်၊ အသင်းဝင်များကြုံတွေ့နိုင်သည့် အွန်လိုင်းလိမ်လည်မှု(Online Scams)၊ ငွေကြေးဆိုင်ရာ ရာဇဝတ်မှုများနှင့် အသင်းဝင်များ၏ သတင်းအချက်အလက်များကို တလွဲအသုံးပြုခြင်းမှကာကွယ်နိုင်ရန် ငွေကြေးဆိုင်ရာအသိပညာပေးခြင်းနှင့် Digitalအသိပညာများပေးခြင်းလုပ်ငန်းစဉ်များကို ဥပဒေ၊ နည်းဥပဒေပါသတ်မှတ်ချက်များနှင့် အညီလိုက်နာဆောင်ရွက်ရန်စသည့် လိုအပ်ချက်များရှိနေသည်ကို သုံးသပ်တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ယင်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းအဖြေရှာနိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

☆ **ကျောဖုံးမှအဆက်**

ဒေါက်တာမှူထန်၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ဦးလှမိုး၊ခွန်သန့်ဇော်ထူး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားသို့တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော





အာဇာနည်ခေါင်းဆောင်ကြီးများနှင့်ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သည့် ၂၀၂၅ ခုနှစ် ၅၁ နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးက ဖတ်ကြားသည်။

ယင်းနောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ၅၁ နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ်နှုတ်ခွန်းဆက်စကားပြောကြား၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ဆက်လက်၍နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပသည့် ၅၁ နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ကောင်စီအဖွဲ့ဝင်များက ပြည်နယ်ဂုဏ်ထူးဆောင်ထူးချွန်ဆုများဖြစ်ကြသည့် စီးပွားရေးထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊စိုက်ပျိုးရေးထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊ မွေးမြူရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ စက်မှုလက်မှုထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ စီမံခန့်ခွဲရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ ဝန်ဆောင်မှုထူးချွန်မှု ဂုဏ်ထူးဆောင်ဆုနှင့် လူမှုရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့ဝင်များသည် မုဒုံမြို့နယ် ဘဲရမ်းကျေးရွာသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက မွန်ပြည်နယ်အတွင်း မြေယာအသုံးချမှုအခြေအနေ၊၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အဓိကသီးနှံများစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ပြည်နယ်အတွင်းအခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် အောင်နိုင်တိုးစပါးမျိုးသစ်စိုက်ပျိုးထုတ်လုပ်ခြင်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့ဝင်များသည် ကျေးရွာအတွင်းရှိ ဧက ၁၀၀ စံပြစိုက်ခင်း၌အောင်နိုင်တိုးစပါးမျိုးသစ်များအောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုကြပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ကျောက်တန်းစက်ရုံစုနယ်မြေရှိ M Rubber စက်ရုံသို့ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက ရော်ဘာကုန်ကြမ်းများရရှိမှုနှင့်စနစ်တကျသိုလှောင်ထားရှိမှု၊ ရော်ဘာအဆင့်ဆင့်ထုတ်လုပ်ဆောင်ရွက်နေမှု၊စက်ရုံအတွက်လိုအပ်သည့်ရေနှင့်လျှပ်စစ်မီးရရှိမှု၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်ဆောင်ရွက်ထားရှိမှုနှင့်ပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့ဝင်များသည် စက်ရုံဝင်းအတွင်း ရော်ဘာကုန်ကြမ်းများကို စက်ယန္တရားများအသုံးပြု၍ အရည်အသွေးမြင့်ရော်ဘာများအဖြစ်အဆင့်ဆင့်ထုတ်လုပ်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်၌ကျင်းပသည့် မွန်ပြည်နယ်နေ့အထိမ်းအမှတ် မြိုင်ရတနာ ငါးထပ်ဈေး(Grand Mawlamyine Shopping Mall) ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ဈေးဖွင့်ပွဲအထိမ်းအမှတ်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဈေးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့သည် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာသို့ သွားရောက်၍ အိမ်တွင်းစက်မှုလက်မှုပစ္စည်းအရောင်းဆိုင်များ၊ MSME ဒေသထွက်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုနှင့် အိမ်တွင်းလက်မှုလုပ်ငန်းများလက်တွေ့ဆောင်ရွက်နေမှုများ



ကိုကြည့်ရှုအားပေးပြီး ရိုးရာလက်မှုလုပ်ငန်းများကို ယနေ့ထိ လက်ဆင့်ကမ်းထိန်းသိမ်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လက်မှုပညာရှင်ကြီးများကို ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့သည် သမိန်ဗရမ်း(ဘက်စုံသုံးကွင်း)၌ကျင်းပသည့် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်ချီးမြှင့်ကြသည်။

ဦးစွာ မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့များက ၅၁ နှစ်မြောက် မွန်ပြည်နယ်နေ့ဂုဏ်ပြုသီချင်းများဖြင့်ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက်မွန်ပြည်နယ်နေ့အထိမ်းအမှတ် သနပ်ခါးအလှမယ်ပြိုင်ပွဲ၌ ဆုရရှိသူများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မွန်ပြည်နယ်နေ့အထိမ်းအမှတ်ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ပြီး မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ရိုးရာအကအလှများနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကာ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

ဆက်လက်၍ မြန်မာနိုင်ငံအသေးစား ငွေရေးကြေးရေးလုပ်ငန်းများအသင်းဥက္ကဋ္ဌ ဦးကျင်ခန့်လျန်က အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုရှင်းလင်းတင်ပြပြီး အသင်း၏လုပ်ငန်းဆောင်ရွက်မှု Video Clipအား ပြသသည်။

ထို့နောက် သက်ဆိုင်ရာအစုအဖွဲ့ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရာ အသေးစားငွေရေးကြေးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံအသေးစား ငွေရေးကြေးရေးလုပ်ငန်းများအသင်းတို့မှ တာဝန်ရှိသူများကသက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## “၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာနိုင်မည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ ” ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၉**

နိုင်ငံရေးအပြောင်းအလဲနှင့်အတူ နိုင်ငံတော်၏ အခြေအနေမှန်ကို ကမ္ဘာကသိရှိစေပြီး မြန်မာနိုင်ငံအပေါ် နားလည်မှုစာနာမှုများဖြင့် ပူးပေါင်းဆောင်ရွက်လာစေရန်၊ မဟုတ်မမှန်စွပ်စွဲပြောဆိုမှုများကို တန်ပြန်ချေဖျက်၍ နိုင်ငံ့ပုံရိပ်မြှင့်တင်ရန်နှင့် ၂၀၂၅ ခုနှစ်အလွန် ပြောင်းလဲလာနေသည့် ကမ္ဘာ့အခင်းအကျင်းဖြစ်သော ဗဟုဝင်ရိုးကမ္ဘာ(Multipolar World) တွင် ပေါ်ပေါက်လာမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအားသိရှိပြီး ကြိုတင်ပြင်ဆင်နိုင်မည့် နည်းလမ်းများရရှိစေရန်ရည်ရွယ်ကျင်းပသည့် ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာနိုင်မည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲ၏ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက်(သောကြာနေ့) နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC(I)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၈ နာရီ ၁၅မိနစ်မှ စတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MRTV Parliament၊ MITV နှင့် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD HD Channel၊ MWD Variety HD Channel တို့မှ လည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FM များဖြစ်ကြသည့် ပတ္တမြား၊ ချယ်ရီ၊ ပဒ္မဝတီ၊ မန္တလေး၊ ရွှေ ပုဂံ တို့အပြင် မိတ်ဖက် FM များဖြစ်သည့် Star နှင့် သဇင် FM တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App: Radio App: နှင့် Online Media တို့မှလည်းကောင်း တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် ဆက်လက်ဖြေဆို














တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့တွင် သင်္ချာဘာသာရပ်ကို စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၁၉**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် တတိယနေ့အဖြစ် သင်္ချာဘာသာရပ်ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်၊ မမှန်စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။ယင်းသို့ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၃ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၀၄ ခု စာစစ်ဌာနစုစုပေါင်း ၈၁၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူ ဦးရေ စုစုပေါင်း ၂၂၀၈၄၃ ဦးရှိပြီး စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်လာရောက်ဖြေဆိုသူ စုစုပေါင်းဦးရေ ၂၀၈၅၈၀ ရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၄ ဒသမ ၄၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေသန့်ဘူးများနှင့် အချိုရည်ဘူးများ ပေးဝေခဲ့ကြကြောင်း သိရသည်။

"ကျွန်မက အထက(၂၂) အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်စာမေးပွဲအတွင်း ကြီးကြပ်ရေးမှူးအဖြစ် တာဝန်ယူ ဆောင်ရွက်နေတာပါရှင့်။ ကျောင်းသားကျောင်းသူဖြေဆိုတဲ့စာရင်းရှိတာက ၃၀၄ ဦးပါ။ တကယ်တမ်း ဖြေဆိုတာက ၂၈၃ ဦးပါ။ ကျောင်းသား၊ ကျောင်းသူ ဖြေဆိုတဲ့ရာခိုင်နှုန်းက ၉၃ ရာခိုင်နှုန်း





ရှိပါတယ်။ မြန်မာစာနေ့ကတော့ သူတို့ဖြေဆိုပြီးတဲ့အချိန်မှာ ရွှင်လန်းတက်ကြွပျော်ရွှင်စွာနဲ့ ဖြေဆိုနိုင်ကြတဲ့အကြောင်း ပြောပြီးပြီးသွားခဲ့ပါတယ်။ အင်္ဂလိပ်စာနေ့မှာ အချိန်မစေ့ခင် ထွက်တာလည်း မရှိဘဲ၊ ကြိုးစားပြီးတော့ ဖြေကြပါတယ်။ စနစ်သစ်နဲ့ စနစ်ဟောင်းမှာတော့ ကွာခြားချက်က စနစ်သစ်ရဲ့ သင်္ချာ၊ ရူပဗေဒနဲ့ ဓာတုဗေဒဘာသာတွေ၊ ဘာသာရပ်တွေအားလုံးသူတို့ရဲ့ သင်ရိုးညွှန်းတမ်းတွေကအစ အဆင့်မြင့်လာတာကို တွေ့ရပါတယ်။အဲဒီအတွက် ကလေးတွေလည်း ကျွမ်းကျင်မှု၊ တတ်မြောက်မှု နယ်ပယ်အသီးသီးမှာလည်း ပိုမိုမြင့်မားလာမှာပါရှင့်။ အခြေခံပညာအထက်တန်းအဆင့် Grade – 12 ပြီးဆုံးသွားတယ်ဆိုတာ ကိုယ့်ရဲ့သမိုင်းမှတ်တမ်းတစ်ခုဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူအားလုံးပဲ ကြိုးစားပြီး ဖြေဆိုကြပါ။ အောင်မြင်အောင်လည်း ဖြေဆိုကြပါ။ ဂုဏ်ထူးတွေရအောင်လည်း ဖြေဆိုကြပါလို့ အားပေးစကားပြောချင်ပါတယ်ရှင့်"ဟု ပြောသည်။

"မနေ့က အင်္ဂလိပ်စာဖြေခဲ့အခါမှာ အားရမှုရှိသလို အားမရမှုလည်း နည်းနည်းရှိပါတယ်ခင်ဗျာ့။ မေးခွန်းအားလုံးကိုလည်း ဖြေဆိုနိုင်တယ်လို့ မဟုတ်ပါဘူး။ တချို့တစ်ဝက်တွေက ကိုယ်ရဲ့ ဉာဏ်နဲ့ သိသလောက်တော့ ဖြေခဲ့ပါတယ်။ ဒီနေ့သင်္ချာမှာလည်း ကျွန်တော် ဂုဏ်ထူးတော့ မှန်းထားပါတယ်။ မြန်မာနဲ့ အင်္ဂလိပ်ကိုလည်း ဂုဏ်ထူးမှန်းထားပါတယ်။ ဖြေခဲ့တဲ့ဘာသာတွေအားလုံးကို အားရမှုရှိတယ်လို့လည်း ပြောလို့ရပါတယ်။ ကျွန်တော် အင်ဂျင်နီယာတစ်ယောက် ဖြစ်ချင်ပါတယ်"ဟု ပြောသည်။

(၅၀၁)

# ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့တွင် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ဦးရေ ၂၀၈၅၈၀ ရှိ

**နေပြည်တော် မတ် ၁၉**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတတိယနေ့ကို ယနေ့နံနက်ပိုင်းက စတင်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာန အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ဦးရေ၂၀၈၅၈၀ ရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၃ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၀၄ ခု စာစစ်ဌာနစုစုပေါင်း ၈၁၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေစုစုပေါင်း ၂၂၀၈၄၃ ဦးရှိပြီး စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်လာရောက်ဖြေဆိုသူစုစုပေါင်း ဦးရေ ၂၀၈၅၈၀၊ ပျက်ကွက် ၁၂၂၆၃ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၄၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

**မြန်မာနိုင်ငံစာစစ် ဦးစီးဌာန**

**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး၊ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း**

**ဘာသာရပ်- သင်္ချာ** **၁၉-၃-၂၀၂၅**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိဦးရေ | | | ဖြေဆိုဦးရေ | | | ပျက်ကွက်ဦးရေ | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၈၉၅ | ၆၀၇၈ | ၉၉၇၃ | ၃၃၃၆ | ၅၃၆၂ | ၈၆၉၈ | ၅၅၉ | ၇၁၆ | ၁၂၇၅ | ၈၇.၂၂% | ၁၂.၇၈% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၄၄ | ၉၇ | ၁၄၁ | ၄၂ | ၉၀ | ၁၃၂ | ၂ | ၇ | ၉ | ၉၃.၆၂% | ၆.၃၈% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၁၇၆ | ၂၃၆၈ | ၃၅၄၄ | ၁၀၇၆ | ၂၂၇၁ | ၃၃၄၇ | ၁၀၀ | ၉၇ | ၁၉၇ | ၉၄.၄၄% | ၅.၅၆% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၂၀၈ | ၃၄၈ | ၅၅၆ | ၁၄၈ | ၂၆၀ | ၄၀၈ | ၆၀ | ၈၈ | ၁၄၈ | ၇၃.၃၈% | ၂၆.၆၂% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၃၅ | ၄၁၃၁ | ၆၁၇၄ | ၁၀၃၀၅ | ၃၈၄၄ | ၆၀၂၀ | ၉၈၆၄ | ၂၈၇ | ၁၅၄ | ၄၄၁ | ၉၅.၇၂% | ၄.၂၈% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၆ | ၁၇၂၈ | ၃၀၂၉ | ၄၇၅၇ | ၁၆၂၁ | ၂၉၂၀ | ၄၅၄၁ | ၁၀၇ | ၁၀၉ | ၂၁၆ | ၉၅.၄၆% | ၄.၅၄% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၇ | ၅၁၉၅ | ၇၇၉၀ | ၁၂၉၈၅ | ၄၈၆၂ | ၇၅၂၆ | ၁၂၃၈၈ | ၃၃၃ | ၂၆၄ | ၅၉၇ | ၉၅.၄၀% | ၄.၆၀% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၄၄၀၂ | ၅၇၇၀ | ၁၀၁၇၂ | ၄၁၀၂ | ၅၅၇၀ | ၉၆၇၂ | ၃၀၀ | ၂၀၀ | ၅၀၀ | ၉၅.၀၈% | ၄.၉၂% | |
| ၉ | မကွေး | ၇ | ၂၂ | ၄၉ | ၇၈၆၁ | ၁၀၇၃၉ | ၁၈၆၀၀ | ၇၃၉၁ | ၁၀၄၅၀ | ၁၇၈၄၁ | ၄၇၀ | ၂၈၉ | ၇၅၉ | ၉၅.၉၂% | ၄.၀၈% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၈၉ | ၁၅၄၇၃ | ၂၀၀၂၇ | ၃၅၅၀၀ | ၁၄၆၇၈ | ၁၉၅၈၈ | ၃၄၂၆၆ | ၇၉၅ | ၄၃၉ | ၁၂၃၄ | ၉၆.၅၂% | ၃.၄၈% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၃၁၆၆ | ၆၁၈၄ | ၉၃၅၀ | ၃၀၀၄ | ၅၉၆၈ | ၈၉၇၂ | ၁၆၂ | ၂၁၆ | ၃၇၈ | ၉၅.၉၆% | ၄.၀၄% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၈ | ၁၄၁၇ | ၁၈၄၇ | ၃၂၆၄ | ၇၄၀ | ၈၂၃ | ၁၅၆၃ | ၆၇၇ | ၁၀၂၄ | ၁၇၀၁ | ၄၇.၈၉% | ၅၂.၁၁% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၉၁ | ၁၇၇၉၈ | ၂၁၄၆၅ | ၃၉၂၆၃ | ၁၆၆၉၁ | ၂၀၆၅၇ | ၃၇၃၄၈ | ၁၁၀၇ | ၈၀၈ | ၁၉၁၅ | ၉၅.၁၂% | ၄.၈၈% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၆ | ၄၈၄၂ | ၇၉၃၆ | ၁၂၇၇၈ | ၄၆၄၀ | ၇၇၅၈ | ၁၂၃၉၈ | ၂၀၂ | ၁၇၈ | ၃၈၀ | ၉၇.၀၃% | ၂.၉၇% | |
| ၁၅ | ရှမ်း(မြောက်) | ၂ | ၃ | ၄ | ၂၇၃ | ၄၁၆ | ၆၈၉ | ၂၅၄ | ၄၀၄ | ၆၅၈ | ၁၉ | ၁၂ | ၃၁ | ၉၅.၅၀% | ၄.၅၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၆၇၈ | ၁၀၆၇ | ၁၇၄၅ | ၆၅၀ | ၁၀၄၄ | ၁၆၉၄ | ၂၈ | ၂၃ | ၅၁ | ၉၇.၀၈% | ၂.၉၂% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၅ | ၁၄၈၇၆ | ၁၉၃၉၉ | ၃၄၂၇၅ | ၁၃၆၅၅ | ၁၈၅၈၀ | ၃၂၂၃၅ | ၁၂၂၁ | ၈၁၉ | ၂၀၄၀ | ၉၄.၀၅% | ၅.၉၅% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၇၃၀ | ၇၁၉၆ | ၁၂၉၂၆ | ၅၄၆၉ | ၇၀၆၆ | ၁၂၅၃၅ | ၂၆၁ | ၁၃၀ | ၃၉၁ | ၉၆.၉၈% | ၃.၀၂% | |
| ၁၉ | နိုင်ငံခြား | | | ၁၃ | ၁၁ | ၉ | ၂၀ | ၁၁ | ၉ | ၂၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၄ | ၂၅၁ | ၈၁၇ | ၉၂၉၀၄ | ၁၂၇၉၃၉ | ၂၂၀၈၄၃ | ၈၆၂၁၄ | ၁၂၂၃၆၆ | ၂၀၈၅၈၀ | ၆၆၉၀ | ၅၅၇၃ | ၁၂၂၆၃ | ၉၄.၄၅% | ၅.၅၅% | |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နန်းမြို့တွင်းရှိ နယ်မြေခံဆေးတပ်ရင်း၌ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်တို့ သွေးလှူရှင်များကို အာဟာရဖြည့် စားသောက်ဖွယ်ရာ များ ပေးအပ်စဉ်။

**နေပြည်တော် မတ် ၁၉**

၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးတပ်ရင်း၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စေတနာရှင် သွေးအလှူရှင် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ စေတနာရှင် သွေးအလှူရှင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သွေးအလှူရှင် စုစုပေါင်း ဦးရေ ၂၂၀ တို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးပြီး သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထို့သို့ သွေးလှူဒါန်းနေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။

အဆိုပါ သွေးအလှူရှင် စုစုပေါင်း ဦးရေ ၂၂၀ မှ လှူဒါန်းထားသောသွေးများကို တိုင်းမှူးက အထွေထွေရောဂါကုဆေးရုံကြီး(မန္တလေး)သို့ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လာရောက်သွေးလှူဒါန်းကြသည့် စေတနာရှင် သွေးအလှူရှင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနားမြို့ သီတာရပ်ကွက်နှင့် ဇေရာရပ်ကွက်ချင်းဆက် ဇော်ဂျွန်းလမ်းနိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ



ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး နှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာ လမ်းသစ်ဖွင့်ပွဲအထိမ်း အမှတ်မုခ်ဦးကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မတ် ၁၉**

၂၀၂၅ ခုနှစ် နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သီတာရပ်ကွက်နှင့် ဇေရာရပ်ကွက်တို့ကို ဆက်သွယ်ထားသည့် ဇော်ဂျွန်းလမ်းနိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါနေရာ၌ ကျင်းပပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရပ်ကွက်နေ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဇော်ဂျွန်းလမ်းနိုင်လွန်ကတ္တရာလမ်းသစ်အား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## ၂၀၂၅ ခုနှစ် မတ် ၁၉ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Marke Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၅၆၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ





## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## အမြင့်ဆုံးအပူချိန်များ ( ၁၉ - ၃ - ၂၀၂၅ )

| | | | | |
|---|---|---|---|---|
| ချောက် | ၄၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၂ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၂ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၀ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

## လှည်းကူးမြို့နယ် နှုတ်ခမ်းမွှေးသိုက်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**နေပြည်တော် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နှုတ်ခမ်းမွှေးသိုက်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အောင်ဇေယျာသိုက်တိုက်ကျောင်း ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်တစ်ပါးနှင့် ဒေသခံပြည်သူ ၁၁၁ ဦးတို့ကို အရိုးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါများနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## သာသနာတော်နှစ် ၂၅၆၈-၂၅၆၉ ခုနှစ် သက္ကရာဇ် ၁၃၈၆-၁၃၈၇ ခုနှစ် မဟာသင်္ကြန် အကျ-အကြတ်-အတက်- နှစ်ဆန်း ၁ ရက်နှင့် ဝါဆို-ဝါကပ်-လ-ရက်နှင့် နေ့များ

၁။ **မဟာသင်္ကြန် အကျရက်**

- ဇေယတု-မြန်မာသက္ကရာဇ်-၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်
- ရခိုင်သက္ကရာဇ်-၁၃၈၆ ခုနှစ် တာကူးလပြည့်ကျော် ၂ ရက်
- ခရစ်နှစ် ၂၀၂၅ ခုနှစ် ဧပြီ ၁၄ ရက် တနင်္လာနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နံနက်စက် ၆-နာရီ၊ ၃၇-မိနစ်၊ ၂၁-စက္ကန့် အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ **မဟာသင်္ကြန် အကြတ်ရက်**

- မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၆ ခုနှစ် တာကူးလပြည့်ကျော် ၃ ရက်
- ခရစ်နှစ် ၂၀၂၅ ခုနှစ် ဧပြီ ၁၅ ရက် အင်္ဂါနေ့သည် မဟာသင်္ကြန်အကြတ်ရက်ဖြစ်ပါသည်။

၃။ **မဟာသင်္ကြန် အတက်ရက်**

- မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၆ ခုနှစ် တာကူးလပြည့်ကျော် ၄ ရက်
- ခရစ်နှစ် ၂၀၂၅ ခုနှစ် ဧပြီ ၁၆ ရက် ဗုဒ္ဓဟူးနေ့ မြန်မာစံတော်ချိန် နံနက်စက် ၁၀-နာရီ၊ ၄၂-မိနစ်၊ ၃-စက္ကန့် အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

၄။ **မြန်မာ - ရခိုင် - နှစ်ဆန်း ၁ ရက်**

- မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၅ ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၇ ခုနှစ် တာကူးလပြည့်ကျော် ၅ ရက်
- ခရစ်နှစ် ၂၀၂၅ ခုနှစ် ဧပြီ ၁၇ ရက် ကြာသပတေးနေ့သည် မြန်မာ-ရခိုင် နှစ်ဆန်း ၁ ရက်နေ့ ဖြစ်ပါသည်။

၅။ **ရဟန်းတော်များအတွက် ဝါဆို-ဝါကပ်-လ-ရက်များ**

ဤ ၁၃၈၇ ခုနှစ်တွင် ဝါဆိုဝါကပ်လထပ်ရက်ငင်မရှိပါ၍ ဗုဒ္ဓဘာသာ သာသနာတော်ဝန်ထမ်း ရဟန်းတော်အရှင်သူမြတ်တို့မှာ မြန်မာသက္ကရာဇ်-၁၃၈၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက် ရခိုင်သက္ကရာဇ်-၁၃၈၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက် ခရစ်နှစ် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၀ရက် ကြာသပတေးနေ့တွင် ပထမပုရိမ ဝါကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

ဒုတိယပစ္ဆိမဝါကို မြန်မာရခိုင်သက္ကရာဇ် ၁၃၈၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့ ခရစ်နှစ် ၂၀၂၅ ခုနှစ် ဩဂုတ် ၉ ရက် စနေနေ့တွင် ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

---

# တပ်မတော်အတွင်းမှ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို ပြန်လည်နုတ်ထွက်ခွင့်ပြု၍ မိဘများထံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေး လုပ်ငန်းအဖွဲ့တို့၏ အစီအမံဖြင့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် အသေးစိတ်စိစစ်နုတ်ထွက်ခွင့်ပြုလျက်ရှိရာ အသက်မပြည့်စစ်သည် ၉၃ ဦး စစ်ဆေးတွေ့ရှိခဲ့ပြီး အဆိုပါစစ်သည်များအား ၎င်းတို့၏ မိဘများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရေးချုပ်ရုံး တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်ရဲရင့်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသော UNRCO၊ UNICEF၊ UNHCR၊ ILO တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြန်လည်နုတ်ထွက်ခွင့်ရအသက်မပြည့်စစ်သည် ၉၃ ဦးနှင့် ၎င်းတို့၏ မိဘများ၊ အုပ်ထိန်းသူများ တက်ရောက်ကြသည်။



တပ်မတော်အတွင်းမှ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို ပြန်လည်နုတ်ထွက်ခွင့်ပြု၍ မိဘများထံလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပစဉ်။

ဦးစွာ အရွယ်မရောက်သေးသူကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌကိုယ်စား ဗိုလ်မှူးချုပ်ရဲရင့်ဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် တပ်မတော်မှ နုတ်ထွက်ခွင့်ပြုသည့် လက်မှတ်နှင့် ၁၀ နှစ် မှ ၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်များကို တာဝန်ရှိသူတို့ကပေးအပ်ခဲ့ပြီး ကလေးများအား မိဘ (သို့မဟုတ်) အုပ်ထိန်းသူတို့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အခမ်းအနားအပြီးတွင် ကလေးများနှင့် မိဘများကို မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှစီစဉ်သောကြားကာလပြုစုစောင့်ရှောက်ရေးစခန်းသို့တပ်မတော်မှပို့ဆောင်ပေးခဲ့ပြီး ထိုစခန်းတွင် မိဘများနှင့်အဆက်အသွယ်မရရှိသေးပါက ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆေးဝါးကုသရန် လိုအပ်မှု ရှိမရှိစစ်ဆေး၍ လိုအပ်ပါက ဆေးဝါးကုသမှုခံယူစေခြင်း၊ ကျောင်းပြန်တက်ရန်ဆန္ဒရှိပါက ကျောင်းပြန်တက်ရန်၊ ကျောင်းပြင်ပပညာသင်ကြားရန်၊ အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိပါက မျှတသောအလုပ်အကိုင်ရရှိနိုင်ရန် လိုအပ်သည့်ကျွမ်းကျင်မှုများသင်ယူရန်ဖြစ်နိုင်ခြေများ ဆန်းစစ်ခြင်းနှင့် လက်ငင်းအသုံးပြုရန် အခြေခံပစ္စည်းများဝေငှခြင်း၊ အိမ်အပြန်ခရီးစရိတ်နှင့် စားစရိတ်စီစဉ်ပေးခြင်းများဆောင်ရွက်ပေးမည်ဖြစ်သည်။

အလားတူ မိဘများထံလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားများကို ရန်ကုန်မြို့ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းနှင့် မြဝတီစာပေတိုက်ခန်းမတို့၌ ၂၀၁၂ ခုနှစ်မှ ယနေ့ထိ အခမ်းအနားဖြင့် ၁၈ ကြိမ်၊ တပ်မတော်အစီအစဉ်ဖြင့် လေးကြိမ် ပေါင်း ၂၂ ကြိမ်ရှိခဲ့ရာ စုစုပေါင်းဦးရေ ၁၁၅၀ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၌ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် ၁၈ လတာ လုပ်ငန်းစီမံချက်ကို UNCTFMR နှင့် လက်မှတ်ရေးထိုး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းစီမံချက်သက်တမ်းကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပထမအကြိမ်ခြောက်လ၊ ၂၀၁၄ ခုနှစ် ဇွန် ၂၈ ရက်တွင် ဒုတိယအကြိမ်ခြောက်လ သက်တမ်းတိုးမြှင့်လုပ်ဆောင်ခဲ့သည်။

တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်စစ်သည်များ တပ်မတော်အတွင်း၌ လုံးဝမကျန်ရှိစေရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အရွယ်မရောက်သေးသူ ကလေးသူငယ်များကို လုံးဝစုဆောင်းခြင်း မပြုရန်နှင့် အကြောင်းအမျိုးမျိုးဖြင့် မှားယွင်းစုဆောင်းခဲ့သူများရှိပါကလည်း အမြန်ဆုံးထွက်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက်ရှိသည့်အပြင် တာဝန်ရှိသူများကိုလည်း စစ်စည်းကမ်းနှင့်အညီ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

---


## မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၂၅ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် ပညာပေးဓာတ်လမ်းတို (Short Film ၂-၃မိနစ်)ဖိတ်ခေါ်ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ် ငါးခု ရွေးချယ်မည်ဖြစ်၍ အောက်ပါသတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) တစ်ဦးလျှင် ဆောင်ပုဒ် နှစ်ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(ခ) ဆောင်ပုဒ် တစ်ခုချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။
(ဂ) မြန်မာဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း၊အင်္ဂလိပ်ဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။
(ဃ) ပြိုင်ပွဲဝင်ဆောင်ပုဒ်များအား ၂၀၂၅ ခုနှစ် မတ် ၂၆ ရက် နောက်ဆုံးထားပေးပို့ယှဉ်ပြိုင်ရမည်။
(င) ဆောင်ပုဒ်များကို Fax ၀၆၇၃-၄၀၁၇၄၈ နှင့် Email - ccdac.mm@gmail.com သို့ ပေးပို့ရမည်။
(စ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာပြည့်စုံစွာပါရှိရမည်။

**မှတ်ချက်။** မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူအားလုံးက တက်ကြွစွာပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့**

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ဦးရေ ၃၈၀ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၅၆ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် မတ် ၁၉**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသားဦးရေ ၃၈၀ ကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့ မယ်ထော်သလေးနယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၅၆ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။



နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ဦးရေ ၃၈၀ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၅၆ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၉ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၇၃၆၃ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၄၅၇၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၉၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# ယင်းမာပင်မြို့နယ် ဘန့်ဘွေးကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သဖြင့် အိမ်ခြေ ၁၈ လုံး မီးလောင်ပျက်စီးသွားကြောင်း သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ဘန့်ဘွေးကျေးရွာ၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘန့်ဘွေးမြောက်ကျေးရွာနှင့် ထန်းဇင်ကျေးရွာတို့ရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သဖြင့် အိမ်ခြေ ၁၈ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်ချေမှုန်းမှုများကြောင့် အကျအဆုံးများပြားလာသဖြင့် ကျေးရွာများအတွင်း ဝင်ရောက်၍ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ ၎င်းတို့အလိုကျ လိုက်ပါလုပ်ဆောင်ခြင်းမရှိသည့် ကျေးရွာများကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများသည် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန်သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း၊ ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Min Yoongine” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်ချမ်းသာရပ်ကွက်နေ နေခြည်နွေးအား မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မကွေးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက်မှ ၁၆ ရက်ထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနများက ပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း ၃၉ ဒသမ ၉၉၄၈ တန်၊ သစ်မာ ၃၃ ဒသမ ၅၆၅၇ တန်၊ အခြား ၅၂ ဒသမ ၃၅၉၂ တန် စုစုပေါင်း ၁၂၅ ဒသမ ၉၁၉၇ တန်၊ ယာဉ်၊ ယန္တရား ၁၆ စီး၊ တရားခံ ၃၂ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



# တပ်မတော်နှင့် နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး

ရွှေလင်းမြေကိုကိုညွန့်

"တပ်မတော်"ဟူသောဝေါဟာရကို မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် "ကြည်းတပ်၊ ရေတပ် လေတပ်ပါဝင်သော နိုင်ငံတော်၏ကာကွယ်ရေး တပ်ပေါင်းစု"ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ တက္ကသိုလ်တင်ခ၏ ဇာတိမာန်အဘိဓာန်ကျမ်းတွင်မူ "ပြည်သူတို့၏ မိုခိုအားထားရာဖြစ်ခြင်း၊ အကြီးအမားအင်အားရှိခြင်းနှင့် တော်တည့်ဖြောင့်မတ်သော သဘောရှိခြင်း"ဟု အဓိုင်အမာဖွင့်ဆိုထားသည်။ တစ်ဖန်မုံရွေးဆရာတော်၏ကုသပျို့တွင် "ရှေ့တပ် နောက်တပ်၊ တပ်မတော်နှင့်၊ အဝင်အညီ၊ ရှေ့ချီ နောက်ချီ၊ အစီအဝင်၊ အလျင်နှေးက၊ သာဂလသို့" ဟူ၍ဖွဲ့ဆိုထားသည်ကို တွေ့ရှိရသည်။

ကမ္ဘာ့သမိုင်းစာမျက်နှာများတွင် 'နိုင်ငံတော်' ဟူသောဝေါဟာရသည် "လူဦးရေ၊ တိကျစွာနယ်နိမိတ်ဒေသ သတ်မှတ်ထားသောနယ်မြေဒေသ၊ အုပ်ချုပ်သောအစိုးရနှင့် အချုပ်အခြာအာဏာ ဟူသော အဓိကအင်္ဂါလေးရပ်ဖြင့် ပြည့်စုံရမည်"ဟုဖော်ပြထားသည်။ ဤအင်္ဂါလေးရပ်တွင် အချုပ်အခြာအာဏာသည် အဓိကအရင်းခံဖြစ်သည်။ အချုပ်အခြာအာဏာဟူသည် "မိမိနိုင်ငံနှင့် မိမိလူမျိုး၏ကံကြမ္မာကို မိမိတို့ဘာသာ ဖန်တီးနိုင်ခွင့်ရရှိခြင်း"ဖြစ်သည်။

'အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး' ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုးအတွက် "ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခွင့်တည်မြဲခြင်း" ပင်ဖြစ်ပါသည်။ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည် နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောဖြစ်သည်။ အချုပ်အခြာအာဏာပိုင်ဆိုင်ခြင်းမရှိသောနိုင်ငံသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာသာသနာစသော အမျိုးသားရေးလက္ခဏာနှင့် အမျိုးသားရေးအကျိုးစီးပွားများဆုံးရှုံးကာ ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်မည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် တပ်မတော်နှင့် နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည် တစ်ခုနှင့်တစ်ခု "ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ"ဆက်စပ်နေကြောင်း မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးစာမျက်နှာများတွင် အထင်အရှားတွေ့နိုင်သောကြောင့်ဖြစ်သည်။

ကမ္ဘာ့သမိုင်းတစ်လျှောက်တွင် တပ်မတော်အင်အားကြီးမားသော နိုင်ငံများသည် စီးပွားရေးအင်အား၊ စည်းလုံးညီညွတ်မှုအင်အားနှင့် စစ်ရေးအင်အားများတောင့်တင်းခိုင်မာလျက်ခဲ့ကြကြောင်း တွေ့နိုင်သည်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင်လည်း တပ်မတော်သည် မြန်မာနိုင်ငံတော်နှင့် အမျိုးသားအစွန့်ရှည်တည်တံ့ရေး၊ အမျိုးဘာသာသာသနာယဉ်ကျေးမှုသုခုမအနုပညာများ ထိန်းသိမ်းရေးတို့အတွက် ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ မြန်မာ့သမိုင်းတွင် ပျူခေတ်ကတည်းကပင် ပျူတပ်မြို့ ကိုးမြို့နှင့်အတူ မြို့၏အင်္ဂါခုနစ်ပါးသရုပ်၊ မင်းတို့ပြကတေ့ခုနစ်ပါးသရုပ်၊ စစ်အင်္ဂါလေးပါးသရုပ်၊ စစ်သူကြီးအင်္ဂါကိုးပါး သရုပ် စသောစစ်အင်္ဂါရပ်များ ပေါ်ပေါက်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် အမြဲထည့်သွင်းဦးစားပေး ဆောင်ရွက်ခဲ့ကြောင်း မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲတွင် ဖော်ပြပါရှိသည်။ ထို့ကြောင့် မြန်မာလူမျိုးတို့သည် မိမိနိုင်ငံတော်နှင့် မိမိတို့အမျိုးကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်ဖွဲ့စည်းတည်ထောင်၍ စနစ်တကျဆောင်ရွက်ခဲ့သည်မှာ အထင်အရှားဖြစ်သည်း။

တစ်ဖန် ပုဂံခေတ်ပထမမြန်မာနိုင်ငံတော်ကို စတင်တည်ထောင်ခဲ့သော အနော်ရထာမင်းလက်ထက်တွင် ခံတပ်မြို့ပေါင်း ၄၃ မြို့ကိုတည်၍ သိန်းပြု၊ ထောင်ပြု၊ ရှစ်ရာပြု၊ လေးရာပြု၊ သုံးရာပြု၊ နှစ်ရာပြု၊ တစ်ရာပြု၊ ရှစ်ဆယ်ပြု၊ သုံးဆယ်ပြု၊ နှစ်ဆယ်ပြု စသည်ဖြင့် မြို့များအသီးသီးသတ်မှတ်၍ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန် စနစ်တကျ စီမံဆောင်ရွက်ခဲ့သည်။ တောင်ငူခေတ်၌ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်သော နောင်ရိုးသခင် ဘုရင့်နောင်လက်ထက်တွင် မြန်မာပြည်အထက်ပိုင်း၊ အောက်ပိုင်း သောင်းတပ်ကြီးပေါင်း ၅၀ ကို ဖွဲ့စည်းထားပြီး ဒုတိယမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခဲ့သည်။ ထို့ကြောင့် ဒုတိယမြန်မာနိုင်ငံတော်နှင့်အတူ မြန်မာ့တပ်မတော်ကြီးသည်လည်း 'အာရှတစ်လွှား' ပြိုင်စံရှား၍ အရှိန်အဝါကြီးမားခဲ့လေသည်။ ထို့နောက် အလောင်းမင်းတရားကြီး ဦးဆောင်တည်ထောင်ခဲ့သော ကုန်းဘောင်ခေတ် တတိယမြန်မာနိုင်ငံကြီး ပေါ်ထွန်းခဲ့သည်။ ကုန်းဘောင်ခေတ်တပ်မတော်ကြီးတွင် သောင်းတပ်ကြီးပေါင်း ၄၀၊ ပြည်တွင်းလုံခြုံရေးအတွက် ၁၈ တပ်သုံးကြောင်း၊ တစ်ပါးနိုင်ငံက ခံ့ညားရေးအတွက် လိုအပ်လျှင် ၂၂ တပ် သုံးကြောင်း၊ စစ်သည်အင်အားလေးသိန်းထိ ရှိပြီး နိုင်ငံတော်၏အချုပ်အခြာအာဏာမြဲမြံခိုင်မာ အောင် စွမ်းဆောင်နိုင်ခဲ့ပေသည်။

ဤသို့လျှင် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်ဦးကာလထိ နိုင်ငံတော်ကာကွယ်ရေးအတွက် အမြဲတမ်းတပ်မတော်ဟူ၍ မရှိခဲ့စေကာမူ လိုအပ်သောအချိန်တွင် ထောင်ပြု၊ ရာပြု စသောမြို့များတည်ထောင်ဆောင်ရွက်ခဲ့ပေသည်။ ထို့ကြောင့် မြန်မာ့တပ်မတော်၏ ကာကွယ်စောင့်ရှောက်မှုဖြင့် မြန်မာနိုင်ငံသည် "ရွှေရောင်လျှမ်းလျှမ်း၊ ရွှေကြငှန်းနှင့်၊ ရွှေနန်းပမာ၊ ဘုန်းရောင်ဖြာသစ်တို့ ရွှေခေတ်" ကို တည်ထောင်ဝံ့ကြွားနိုင်ခဲ့သည်။ သို့သော် မြန်မာနိုင်ငံစည်းလုံးညီညွတ်မှုလျော့လျဲလာချိန် ၁၉-ရာစုဦးပိုင်းတွင် အင်္ဂလိပ်နယ်ချဲ့တို့၏ သုံးကြိမ်တိုင်ကျူးကျော်စစ် ပြုခြင်းခံရကာ တစ်နိုင်ငံလုံးသူ့ကျွန်ဘဝကျရောက်ခဲ့ရသည်။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံတွင် လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ၊ အမျိုးဘာသာသာသနာရှင်သန်ရာ နယ်မြေတည်တံ့မှုနှင့် အမျိုးသားရေးအကျိုးစီးပွားများကိုကာကွယ်ရန် အင်အားတောင့်တင်း၍ စွမ်းရည်ပြည့်ဝသော တပ်မတော်တစ်ရပ်မရှိမဖြစ်လိုအပ်ပါသည်။ ထိုသဘောတရားကို နားလည်ခဲ့ကြသော မြန်မာ့မျိုးချစ်ခေါင်းဆောင်တို့သည် အမျိုးသားတပ်မတော်တစ်ရပ် ထူထောင်နိုင်ရေးကို တက်ညီလက်ညီ ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်တွင် သခင်အောင်ဆန်း ဦးဆောင်သော ဒေါင်ဒေါင်မြည် မျိုးချစ်လူငယ် ၃၀ တို့သည် ဂျပန်နိုင်ငံဟိုင်နန်းကျွန်းတွင် စစ်ပညာများ သွားရောက်သင်ကြားခဲ့ကြသည်။ ဤသို့ဖြင့် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ဘီအိုင်အေကိုဖွဲ့စည်းလျက် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးအတွက် ကြိုးပမ်းမှုကို နိဒါန်းပျိုးနိုင်ခဲ့သည်။

ဘီအိုင်အေတပ်မတော်မှာ စတင်ဖွဲ့စည်းစဉ်က အင်အား ၃၀၀၀ ကျော်သာရှိခဲ့သော်လည်း ၁၉၄၂ ခုနှစ် မတ် ၈ ရက် ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးချိန်တွင် အင်အား ၅၀၀၀ကျော်ထိ တိုးပွားလာခဲ့သည်။ "သင့်တိုင်းပြည်ကိုချစ်လျှင် တပ်မတော်သို့ဝင်လော့" ဟူသော နှိုးဆော်ချက်များနှင့်အတူ မြန်မာပြည်ဖွားယောက်ျားမှန်သမျှ ဘီအိုင်အေသို့ ဝင်လာကြသည်။

**❖အချုပ်အခြာအာဏာပြန်လည်ပိုင်ဆိုင်ရေး ကြိုးပမ်းမှုတစ်ရပ်ဖြစ်သော အင်္ဂလိပ်နယ်ချဲ့တော်လှန်ရေးကို ဆင်နွှဲနိုင်ခဲ့သည်။ သို့သော် ဖက်ဆစ်ဂျပန်တို့၏လုပ်ကြံပြင်ဆင်မှုဖြင့် မြန်မာ့တပ်မတော်သည် ဘီအိုင်အေမှသည် ဘီဒီအေ၊ ဘီအန်အေ စသည့်ဖြင့်အမည်နာမများ ပြောင်းလဲသွားခဲ့သည်။ မည်သို့ပင်ဖြစ်စေ စစ်မှန်သောမျိုးချစ်တပ်မတော်၏စိတ်ဓာတ်များယိမ်းယိုင်မသွားဘဲ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် တပ်မတော်နှင့်အတူ လှည်းနေလှေအောင်း မြင်းဇောင်းမကျန်သော တိုင်းရင်းသားပြည်သူတို့ပူးပေါင်းကာ ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့ကြသည်။ ထိုသို့ တော်လှန်ခဲ့သော အထိမ်းအမှတ်အဖြစ် နှစ်စဉ် မတ်လ ၂၇ ရက်ကို တပ်မတော်နေ့အဖြစ်သတ်မှတ်ခဲ့သည်။ ❖**

ဤသို့ မျိုးစေ့မှန်၍ အပင်သန်ခဲ့သော တပ်မတော်အင်အားသည် တိုင်းရင်းသားပြည်သူတို့၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ပြန်လည်ရယူလိုစိတ်နှင့် ဆက်လက်တိုက်ပွဲဝင်ခဲ့သည်။ အချုပ်အခြာအာဏာပြန်လည်ပိုင်ဆိုင်ရေး ကြိုးပမ်းမှုတစ်ရပ်ဖြစ်သော အင်္ဂလိပ်နယ်ချဲ့တော်လှန်ရေးကို ဆင်နွှဲနိုင်ခဲ့သည်။ သို့သော် ဖက်ဆစ်ဂျပန်တို့၏ လုပ်ကြံပြင်ဆင်မှုဖြင့် မြန်မာ့တပ်မတော်သည် ဘီအိုင်အေမှသည် ဘီဒီအေ၊ ဘီအန်အေ စသည်ဖြင့်အမည်နာမများ ပြောင်းလဲသွားခဲ့သည်။ မည်သို့ပင်ဖြစ်စေ စစ်မှန်သော မျိုးချစ်တပ်မတော်၏စိတ်ဓာတ်များ ယိမ်းယိုင်မသွားဘဲ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် တပ်မတော်နှင့်အတူ လှည်းနေလှေအောင်း မြင်းဇောင်းမကျန်သော တိုင်းရင်းသားပြည်သူတို့ ပူးပေါင်းကာ ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့ကြသည်။ ထိုသို့တော်လှန်ခဲ့သော အထိမ်းအမှတ်အဖြစ် နှစ်စဉ် မတ် ၂၇ ရက်ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးပြီးသည့်နောက် အင်္ဂလိပ်တို့ စက္ကူဖြူအုပ်ချုပ်ရေးဖြင့် တိုင်းရင်းသားတို့ကို သွေးခွဲရန် ကြံစည်ခဲ့သည်။ ထို့ကြောင့် တောင်ပေါ်မြေပြန့်မကျန် တစ်နိုင်ငံလုံး လွတ်လပ်ရေးညီတူရယူမည်ဟူသော စည်းလုံးညီညွတ်မှုဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပင်လုံစာချုပ်ချုပ်၍ သက်သေပြခဲ့သည်။ ဤသို့ဖြင့် တပ်မတော်သည် အသက်သွေးချွေးများရင်းနှီးကာ ၁၉၄၈ ခုနှစ် ဇန်နဝါရီ၄ရက်တွင် လွတ်လပ်၍အချုပ်အခြာအာဏာပိုင်ဆိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် ရပ်တည်စေနိုင်ခဲ့ပေသည်။

လောကတွင် အပြုနှင့်အဖျက်သည် အမြဲဒွန်တွဲရှိနေတတ်သည်။ လွတ်လပ်ရေးရရှိ၍ စကာလမှာပင် ပြည်တွင်းဆူပူသောင်းကျန်းမှုများ ကျရောက်လာခဲ့ပြန်သည်။ ရောင်စုံသောင်းကျန်းသူတို့ကြောင့် ပြည်တွင်းစစ်မီးကြီး တောက်ခဲ့ရပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာဆုံးရှုံးတော့မည့် အခြေဆိုက်ခဲ့ရသည်။ ဤအခြေအနေတွင် တပ်မတော်က ရောင်စုံသောင်းကျန်းသူတို့ကို ပြည်သူနှင့်အတူ လက်တွဲချေမှုန်းနိုင်ခဲ့သဖြင့်၏ ယိမ်းယိုင်စပြုနေသောနိုင်ငံတော်၏ အချုပ်အခြာအာဏာသည်လည်း ပြန်လည်တည့်မတ်လာနိုင်ခဲ့သည်။ တစ်ဖန် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို တရုတ်ဖြူကူမင်တန်များက ထိပါးလာပြန်ရာ တပ်မတော်ကပင် ဖြေရှင်းခဲ့ရပြန်သည်။ ထို့ပြင် နိုင်ငံရေးအဖွဲ့များ ဂိုဏ်းဂဏကွဲပြားမှု များကြောင့် နိုင်ငံရေးအခြေအနေ မတည်မငြိမ်ဖြစ်လာသဖြင့် တပ်မတော်က အိမ်စောင့်အစိုးရကိုဖွဲ့စည်းကာ ၁၉၅၈ ခုနှစ် အောက်တိုဘာ၂၈ ရက်တွင် နိုင်ငံတော်ကို တာဝန်ယူခဲ့ရသည်။ ၁၉၆၂ ခုနှစ်တွင်လည်း ဖက်ဒရယ်မူကိစ္စဖြင့် ဆူပူလာပြန်ရာ တပ်မတော်ကပင် တော်လှန်ရေးကောင်စီကို ဖွဲ့စည်း၍ အချုပ်အခြာအာဏာကို ဝင်ရောက်ထိန်းသိမ်းခဲ့ရသည်။ ထို့မျှသာမက မြန်မာ့သမိုင်းစာမျက်နှာများ၌ အဆိုးရွားဆုံးကာလဖြစ်သည့် ၁၉၈၈ ခုနှစ်တွင် ဒီမိုကရေစီကိုအကြောင်းပြု၍ ပြည်တွင်း၊ ပြည်ပ ပုဆိန်ရိုးများ၏ပယောဂဖြင့် လူအုပ်စုဖွဲ့ အနိုင်ကျင့်သော မင်းမဲ့ဝါဒများ ပေါ်ပေါက်လာသဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးမည့်အခြေအနေဆိုက်ရောက်ခဲ့ရသည်။ ထို့ကြောင့် တပ်မတော်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းကာ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းပေးခဲ့ရသည်။

တပ်မတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်မြဲရေးကြိုးပမ်းမှုသမိုင်း၌ ဖက်စစ်တော်လှန်ရေးမှစသည့်စည်းလုံးခြင်းသည် ယခုတိုင်မပြယ်နိုင်သေး။ နိုင်ငံတော်အစိုးရအစဉ်အဆက်တွင် နွေဦးကာလ မတ်လ ၂၇ ရက်ရောက်တိုင်း "တပ်မတော်နေ့"ကို ဦးတည်ချက်များချမှတ်လျက် နိုင်ငံတော်အဆင့် အခမ်းအနားများဖြင့် ခြိမ့်ခြိမ့်သဲသဲကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် နှစ် ၈၀ ပြည့်မြောက် အခါသမယတိုင်ခဲ့ပြီဖြစ်သည်။

အချုပ်အားဖြင့် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဟုဆိုလျှင် "တပ်မတော်အင်အားသည် ပြည့်အင်အား"ဟုဆိုရပါမည်။ "တပ်မတော်ကြီးကို အင်အားရှိဖို့ အရာရာမှာကူညီ၊ ရဲဘော်အပေါင်းကို ကိုယ့်သွေးသားမို့ အစဉ်မမေ့အပ်ပေသည်"ဆိုသော သီချင်းစာသားအတိုင်းပင် ပြည်သူတစ်ရပ်လုံးက တပ်မတော်အင်အားတောင့်တင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ကြရန် လိုပေသည်။ တစ်ဖန် "ရဲရင့်သောသူသည် လက်နက်နှင့်ကင်း၍ စစ်မြေသို့မသွားရာ၊ ပညာရှိသည် ကျမ်းဂန်နှင့်ကင်း၍စကားမဆိုရာ၊ အစွန့်ရှည်သော ခရီးကိုသွားသော ကုန်သည်သည်လည်း အဖော်နှင့်မကင်းရာ"ဟူသော လောကနီတိဖွင့်ဆိုမှုနှင့်အညီ ပြည်သူတစ်ရပ်လုံးက တပ်မတော်နှင့်အတူလက်တွဲ၍ နိုင်ငံတော်၏အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲအောင် လုံ့လစိုက်ထုတ်လျက် စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

**ကိုးကား**

- **တပ်မတော်သမိုင်း**
- **နေ့စဉ်ထုတ်သတင်းစာများ**
- **တပ်မတော်နေ့အသိမ်း စာမှတ်ဆောင်းပါးများ**

ဝတ္ထုတိုကဏ္ဍ

# မပြယ်သောအဆိပ်

လင်းယုန်မော်



(၁)

"အို မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး လုံးဝကိုမဖြစ်နိုင်ဘူး"

ခင်သူဇာတစ်ယောက် အရူးတစ်ယောက်လို အော်ဟစ်လိုက်မိသည်။ ဒါဘယ်လိုဖြစ်နိုင်မှာလဲ သူ့ဘဝမှာ ဒီလိုဖြစ်စရာအကြောင်းတွေလုပ်ခဲ့တာမှ မဟုတ်တာလေ။

"အဲဒါကို မယုံဘူး မဟုတ်ဘူး"

"စိတ်ကိုထိန်းပါ ညီမ မဖြစ်နိုင်ဘူးဆိုတာလက်ခံပေးလိုရပေမဲ့ အခုကဖြစ်သွားခဲ့ပြီလေ။ အစ်ကိုတို့ စိတ်အေးအေးထားပြီး စဉ်းစားကြတာပေါ့။ ပုစ္ဆာတိုင်းမှာအဖြေရှိပါတယ် ညီမရယ်"

သူ့အရှေ့ကဆရာဝန်ကပြောနေသော်လည်း သူ့အမြင်တွေက ဝေးလိုက်နီးလိုက်။

အသံတွေက မကြားတစ်ချက်ကြားတစ်ချက်။ ဒီအဖြစ်မှန်ကြီးကို ဟုတ်ပါတယ်လို့ သူဘယ်လိုမှ ယုံလိုမရနိုင်ပါလေ။ ဘာကြောင့်များ ဒီအဖြစ်မှန်ကြီးက သူ့ဘဝထဲကို ဝင်ရောက်လာခဲ့ရပါသနည်း။ အတွေး တို့ဖြင့်ချာချာလည်ရင်း မျက်စိကိုစုံမှိတ်ထားလိုက်မိသည်။ အတွေးစိတ်အစဉ်တို့က ဟိုးအဝေးအတိတ်ဆီကို လွင့်မျောသွားသည်။

(၂)

"အမေ သမီးသူငယ်ချင်းတွေနဲ့အလုပ်ကိစ္စလေးရှိလို့ ဒီညအပြန်နောက်ကျမယ် အမေစိတ်မပူနဲ့နော်"

"အေးပါသမီးရယ် ဒါပေမဲ့ သတိလေးတော့ထားသွားနော်"

"ဟုတ်ကဲ့ အမေ"

အမေ့ကိုအသိပေးပြီးသည်မို့ ခင်သူဇာတစ်ယောက် ထည့်စရာရှိတာများကို လွယ်တဲ့ကျောပိုးအိတ်ထဲထည့်ထားလိုက်သည်။ သင်းသင်းတို့နှင့် ချိန်းထားတာက ညနေငါးနာရီခွဲပြီဖြစ်သဖြင့် ရေမိုးချိုးပြီးအလှပြင်လိုက်သည်။ မိမိကိုယ်ကို အလှဆုံးဟုသတ်မှတ်ပြီး ချိန်မှ မှန်ရှေ့ကခွာလိုက်သည်။ အမေက အသက်ကြီးမှကလေးရသဖြင့် ခင်သူဇာအရွယ်လေးရောက်လို့ အထည်ချုပ်မှာအလုပ်လုပ်သောအခါ အမေက အသက်ကြီးပြီး အဘွားအိုတစ်ပိုင်းဖြစ်နေပြီ။ တစ်ဦးတည်းသောသမီးဖြစ်သဖြင့် အလိုလိုက်အကြိုက်ဆောင်ထားခဲ့သောကြောင့် ခင်သူဇာဆိုးနွဲ့သမျှကို ဘာမျှမပြောသာပေ။ ဖတစ်ဆိုးလေးဖြစ်သဖြင့် သနားသည်ကတစ်ကြောင်း၊ သမီးကိုယုံကြည်မှုလွန်ကဲသည်ကတစ်ကြောင်း ခင်သူဇာပြောသမျှ ခေါင်းညိတ်တတ်သည်။ ယခုလည်း အထည်ချုပ်မှာအလုပ်လုပ်ကာ မိခင်အိုကြီးကို လုပ်ကျွေးနေရှာသည်မို့ ဘာမျှမပြောသာပေ။

(၃)

"သမီး ပြန်လာပြီလား နောက်ကျလိုက်တာ သမီးရယ်"

အိမ်ပေါ်ကို ခြေလှမ်းဖွဖွလေးဖြင့် တက်လာခဲ့သော်လည်း အမေရဲ့စကားသံကြောင့် ခင်သူဇာအံ့သြသွားသည်။ အမေသည် သူ့ပြန်မလာမချင်း မအိပ်တတ်၊ သမီးလာမှ ထမင်းစားတတ်ပြီး သမီးပြန်လာမှအိပ်ပျော်တတ်သူဖြစ်သည် ။

အမေ ညက အိပ်ရောပျော်ရဲ့လားဟု ခင်သူဇာတွေးမိသည်။ မိမိရဲ့တစ်ကိုယ်ရေ ပျော်ရွှင်မှုအတွက် အမေ့ကို သူလျစ်လျူရှုခဲ့ဖူးတာ အကြိမ်ကြိမ်။ နေ့လယ်ကလည်း ကျော်ကျော်ရဲ့တောင်းဆိုမှုနှင့် သူကိုယ်တိုင်က ကျော်ကျော်ကိုချစ်တဲ့စိတ်ကြောင့် တစ်နေ့လုံးအပျော်ကျူးခဲ့ကြသည်။ ပြန်တွေးမိရင်တောင်ယခုထိရင်ခုန်ပျော်ရွှင်နေဆဲ။ ကျော်ကျော်သည် သူ့ကိုတအားချစ်သလို သူကလည်းကျော်ကျော်ကို တအားချစ်ရသည်မဟုတ်လား။ ချစ်သည့်စိတ်ကြောင့် ကျော်ကျော်ဘယ်လိုအရာများတောင်းဆို တောင်းဆို သူလိုက်လျောဖို့အသင့်ရှိပြီးသား။ အတွေးတို့ဖြင့် ပြန်လည်ကြည်နူးနေစဉ်–

"သမီးရေ စားပွဲပေါ်မှာ ထမင်းဟင်း တွေပြင်ထားတယ် စားပြီးမှအိပ်နော်"

အမေ၏ သမီးပေါ်ထားသည့် စေတနာစကားကြောင့် ထမင်းစားရန် ခင်သူဇာပြင်လိုက်တော့သည်။

(၄)

ကျော်ကျော်နှင့် ချိန်ထားသောနေရာသို့အရောက်တွင် ကျော်ကျော်ကိုကြည့်ရသည်မှာ မူမမှန်ပေ။ အရက်မူးနေသည်ဟု ခင်သူဇာအစကထင်ခဲ့သည်။ သို့သော် အနားကပ်သော်လည်း အရက်နံ့မရ။ သို့သော် ကျော်ကျော်ပုံစံက အရင်လိုမဟုတ် တစ်ခုခုမူးနေပုံပေါက်နေသည်။ မူးယစ်ဆေးတစ်ခုခုများ သုံးထားသည်ဟု ခင်သူဇာအထင်ရောက်၏။ သို့သော် ချစ်သူနှင့်တွေ့ရချိန်လေးအတွင်းမှာ ပျော်စရာတွေပဲ ဖန်တီးချင်သည်။ စိတ်ညစ်စရာများကိုမသိချင်။ ဒါကြောင့်လည်း ကျော်ကျော်ခေါ်သည့်နေရာကို ခင်သူဇာရောက်အောင် လာခဲ့ခြင်းဖြစ်သည်။ သူ့ဘဝတွင် ကျော်ကျော်သည် အချစ်ဦးဖြစ်သကဲ့သို့ အချစ်ဆုံး ဟုလည်း သတ်မှတ်ထားသည်။ ထို့ကြောင့်လည်း ကျော်ကျော်တောင်းဆိုသမျှ အပျိုစင်ဘဝပင်မချန် ယုံကြည်စွာဖြင့် ပုံအပ်ထားခဲ့သည်မဟုတ်ပါလား။ သင်းသင်းတို့၏ "နင့်လူက နဲနဲရှုပ်တယ်နော် သတိထား" ဆိုသောစကားတို့ကိုပင် လျစ်လျူရှုခဲ့သည်မဟုတ်လား။ ကျော်ကျော် သူ့ကိုတအားချစ်သည်ဟု ခင်သူဇာယုံကြည်ထားသည်။

(၅)

ယခုတလော ခင်သူဇာ နေလို့သိပ်မကောင်း။ ဆေးခန်းပြလည်း ခဏပင် တရှောင်ရှောင်ဖြစ်နေသည်။ ကိုယ်ဝန်တော့မဖြစ်နိုင်။ သူ ကျော်ကျော်နှင့် မှားပြီးတိုင်း သန္ဓေတားဆေးကိုသောက်နေကျဖြစ်သည်။ ကိုယ်ဝန်တော့မဖြစ်နိုင်။ သူ့ကျန်းမာရေးအကြောင်း သင်းသင်းကို ရင်ဖွင့်တိုင်ပင်မိသည်။ အမေ့ကိုလည်းမပြောချင်။ အမေတစ်ခု၊ သမီးတစ်ခုဖြစ်သဖြင့် အမေ့ကိုအားမငယ်စေချင်။ သင်းသင်း၏ အကြံပေးမှုကြောင့် သူဆေးခန်းပြဖြစ်သည်။ ဆရာဝန်၏စမ်းသပ်မှုအပြီး သွေးစစ်ရန်အကြံပေးလာသဖြင့် သူသွေးစစ်ရန်အကြောင်းဖန်လာတော့သည်။ ယခုတော့ သွေးအဖြေသည် သူလုံးဝမျှော်လင့်မထားသော HIV ပေါ့်စတစ် ဖြစ်နေသည်။ သူလုံးဝမယုံနိုင်ပါ။ မဖြစ်နိုင်ဘူးဟုသူထင်မိသည်။ သူဘာများအမှားလုပ်ထားလို့လည်း။ ချစ်ရသူ ကျော်ကျော်မှလွဲပြီး သူဘယ်လိုအမှားမျိုးမှ မကျူးလွန်ထားသည်မှာ သူသာအသိဆုံးဖြစ်သည်။ ယခုတော့ မပြေးသော်ကန်ရာရှိ လူတိုင်းကြောက်ရွံ့ရသောရောဂါမှ လာရှိနေရသည့်အဖြစ်။ သည်ကြားထဲ တစ်ပူပေါ်နှစ်ပူဆင့်ဆိုသည့်နှယ် ကျော်ကျော်တို့သူငယ်ချင်းတစ်စု မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် သက်ဆိုင်ရာက လာရောက်ဖမ်းဆီးသွားကြောင်း သတင်းစကားကြောင့် ခင်သူဇာ ရူးမတတ်ဖြစ်ခဲ့ရပြန်သည်။ ဘယ်သူ့ကိုတိုင်ပင်ပြီး ဘယ်သူကို အားကိုးရမှန်းမသိသောအခြေနေဖြစ်သဖြင့် မိမိကိုယ်ပင်သတ်သေရန်စဉ်းစားမိသည်ထိ အကြီးအကျယ်စိတ် ထိခိုက်ခဲ့ရလေတော့သည်။

**❖ ယခုတလော ခင်သူဇာနေလို့သိပ်မကောင်း။ ဆေးခန်းပြလည်း ခဏပင် တရှောင်ရှောင်ဖြစ်နေသည်။ ကိုယ်ဝန်တော့မဖြစ်နိုင်။ သူ ကျော်ကျော်နှင့် မှားပြီးတိုင်း သန္ဓေတားဆေးကိုသောက်နေကြဖြစ်သည်။ ကိုယ်ဝန်တော့မဖြစ်နိုင်။ သူ့ကျန်းမာရေးအကြောင်း သင်းသင်းကို ရင်ဖွင့်တိုင်ပင်မိသည်။ အမေ့ကိုလည်းမပြောချင်။ အမေတစ်ခု၊ သမီးတစ်ခုဖြစ်သဖြင့် အမေ့ကိုအားမငယ်စေချင်။ သင်းသင်း၏ အကြံပေးမှုကြောင့် သူဆေးခန်းပြဖြစ်သည်။ ဆရာဝန်၏စမ်းသပ်မှုအပြီး သွေးစစ်ရန်အကြံပေးလာသဖြင့် သူသွေးစစ်ရန် အကြောင်းဖန်လာတော့သည်။ ယခုတော့ သွေးအဖြေသည် သူလုံးဝမျှော်လင့်မထားသော HIV ပေါ့်စစ်တစ်ဖြစ်နေသည်။ ❖**

(၆)

"အဆိုးထဲက အကောင်းလို့ပဲ သတ်မှတ်ရမယ်။ ညီမကိုယ်ဝန်မရခဲ့တာဘဲ ကံကောင်းတယ်။ ပြီးတော့ HIV အတွက် ပိုးထိန်းဆေးလို့ခေါ်တဲ့ ART ဆေးတွေ ပေါ်နေပါပြီ။ တအားကြီးမစိုးရိမ်ပါနဲ့ ညီမရယ်။ ဆေးကို ပုံမှန်ဂရုစိုက်ပြီးသောက်ရင် သက်တမ်းစေ့နေနိုင်ပါတယ်"

"ကျွန်မ အရေးပေါ်တားဆေးအမြဲသောက်တယ် ဆရာ"

"အင်း တကယ်တော့ညီမရယ် အရေးပေါ်သန္ဓေတားဆေးကလဲ ခဏခဏ သောက်လို့မကောင်းဘူးကွဲ့။ ကြာလာရင် သားအိမ်ကိုထိခိုက်ပြီး သားအိမ်ကင်ဆာထိဖြစ်နိုင်တယ်။ ပြီးတော့ တားဆေးက ကိုယ်ဝန်မရအောင်ဘဲ တားပေးနိုင်တယ်။ ကျန်တဲ့ကာလသားရောဂါတို့၊ HIV တို့ကို မတားပေးနိုင်ဘူးလေ။ အခုခေတ် လူငယ်တော်တော်များများက လက်မထပ်သေးခင်မှာ ချစ်သူနဲ့အတူတူနေကြတယ်။ ပြီးရင် ကလေးမရအောင် တားဆေးစားကြတယ်။ ကျန်တဲ့ရောဂါအတွက်ကျတော့ သိပ်မစဉ်းစားတတ်ကြဘူး။ ဒါကြောင့်မို့ မလိုလားအပ်တဲ့ကူးစက်ရောဂါတွေ ကူးစက်ခံကြရတာပဲ အခုတော့ ART ဆေးကို ဂရုစိုက်ပြီးသောက်ပါ ညီမရေ"

ဆရာဝန်၏စကားအဆုံးမှာ ခင်သူဇာတစ်ယောက် နှောင်တများ၊ အသိတရားများဖြင့် နှုတ်ဆက်ပြန်လာခဲ့တော့သည်။

တကယ်တော့ ငယ်ရွယ်သူဖြစ်သဖြင့် အချစ်ကိုဦးစားပေးမိပြီး အသိတရားများ မကြွယ်ဝခဲ့သူမို့ အချစ်ကပေးသည့် ဘယ်တော့မှ မပြယ်တော့သည့် အဆိပ် များကို ဒီထက်ပိုမပြင်းအောင်ဆေးသောက်ပြီး ထိန်းကာ ဘဝခရီးကိုဆက်ရဦးမည်ဖြစ်ပါတော့သည်။

# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမတ်ပဲ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၁၈ ဒသမ ၃၂ တင်းထွက်ရှိ



ရွှေဘို မတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမတ်ပဲ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၃၂ တင်း ထွက်ရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၄၅၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၁၈ ဒသမ ၃၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲဧက ၁၄၅၉၇ ဧကထိပဲစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံရုံမျှမက ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် ရောင်းချနိုင်မည်ဖြစ်ရာ ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ရေကြည်မြို့နယ်တွင် ကြက်ဟင်းခါးသီးများအရောင်းအဝယ်ကောင်းမွန်နေ

ရေကြည် မတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးကဗျာကပြောပြသည်။

ရေကြည်မြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများထွက်ရှိပြီးမတ်လ ဒုတိယပတ်မှစတင်ကာ ယနေ့ထိ ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း အဆိုပါ ဒေသတွင်ထွက်ရှိသည့် ကြက်ဟင်းခါးသီးများကို တစ်ရက်လျှင် အလုံးရေ ၄၅၀၀၀ မှ ၅၅၀၀၀ ထိအရောင်း အဝယ်ဖြစ်ကြောင်း သိရသည်။



"အစ်မတို့ မြို့နယ်ကနေ ထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေ အရောင်းအဝယ် ကောင်းလာပါတယ်။ လက်ရှိ ဒေသမှာ ဆောင်းသီးနှံအဖြစ် စိုက်ထားတဲ့ကြက်ဟင်းခါးသီးတွေ ထွက်ရှိပါတယ်။ ကြက်ဟင်း ခါးသီးတွေကလဲ အရည်အသွေး ကောင်းပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်နဲ့ အခြားဒေသ ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များပါတယ်" ဟု ရေကြည်မြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးကဗျာက ပြောပြသည်။

ရေကြည်မြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၉၅၀၀ ထိသာ ပေါက်ဈေးရှိကြောင်း အဆိုပါဒေသထွက်ကြက်ဟင်းခါးသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ကျောင်းကုန်း စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ငဖဲမြို့နယ် လင်းတဲကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ငဖဲ မတ် ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လင်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို မတ် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လင်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦး ရန်ပုံငွေ ၂၈၄ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦး ရန်ပုံငွေ ၇၉ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦး ရန်ပုံငွေကျပ် ၆၉ သိန်း ၊ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃၃ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းထံမှ သိရသည်။

ဇင်မာ

## မြန်မာ့တပ်မတော် အောင်စေသော်

\- ကမ္ဘာပေါ်မှာ ရွှေမြန်မာဟု
ရည်ကြာတည်တံ့ လေးစားခန့်အောင်
ရှင်းသန့်စိတ်ရင်း မှန်ကန်ခြင်းနှင့်
ကြောင်းရင်းသေချာ ရှေးစဉ်လာကို
မှန်ရာရေးပြ ဖွင့်ဆိုရသော်
မြန်မာ့တပ်မတော် စတင်ပေါ်သည်
ရဲဘော်သုံးကျိပ် အောင်နိမိတ်နှင့်
ထိပ်ဖျားအောင်လံ ပြည်လုံးညံသည်
တိမ်ယံလွှင့်ချီရှိခဲ့ပြီ။

\- အရေးကြုံတိုင်း ချိန်မဆိုင်းဘဲ
တိုင်းပြည်လူမျိုး ဂုဏ်ဆတိုးအောင်
သယ်ပိုးခဲ့ပြီ အောင်စစ်သည်တို့
ပြည်သူနှင့်တပ် စိတ်ချင်းအပ်လျက်
လွတ်လပ်စေမှု ရည်ရွယ်ပြုကာ
ပေါင်းစုဆင်နွှဲ တော်လှန်ပွဲနှင့်
ရဲဝံ့စွန့်စား ဇာနည်များမှာ
ဝင့်ကြွားသတ္တိမော်ကွန်းရှိ၏။

\- နယ်ချဲ့ဖက်ဆစ် တိုက်ထုတ်စစ်မှာ
မျိုးချစ်ပြည်သူ များဗိုလ်လူတို့
ကူညီရိုင်းပင်း ပါဝင်ခြင်းက
ဘေးကင်းရန်ကွာ အောင်ပွဲသာသည်
မြန်မာဆိုသည့် ဖွဲ့သတ္တိဖြင့်
ထိကမခံ ဇာတိမာန်လည်း
အားမာန်ပြည့်ဝ ပြည့်ဂုဏ်လှ၏။

\- ချိန်ခါရောက်ကြ နွေမတ်လမှာ
ရန်စကျူးနေ ဖက်ဆစ်တွေကို
ခြေနေကောင်းမွန် နှစ်ဆယ့်ခွန်မှာ
အားသွန်ခွန်စိုက် တိုက်ထုတ်လိုက်သော်
နှစ်ခြိုက်ရွှင်လန်း စိတ်အေးချမ်းပြီ
လမ်းကောင်းရောက်လာပြည်မြန်မာ။

\- တပ်မတော်သား လူစွန့်စားတို့
စွမ်းအားညီညီ အောင်ခဲ့ပြီဟု
ပြန်လည်တွက်စစ် ၈၀နှစ်သို့
ထွန်းသစ်တစ်ဖန် ရောက်ခဲ့ပြန်ပြီ
စစ်ချီတေးသံ စစ်ရေးမာန်နှင့်
လူဟန်ထွားထွား ပြည့်ချစ်သားဟု
လေးစားခါခါ ဂုဏ်ပြုပါသည်
မြန်မာ့တပ်မတော် အောင်စေသော်။ ။

ခိုင်မြတ်မော်(မြဝတီ)

# တရုတ်နိုင်ငံ၏ စားနပ်ရိက္ခာလုံခြုံရေးဆိုင်ရာမဟာစီမံကိန်းအလားအလာ အပိုင်း(၂)

တရုတ်နိုင်ငံသည် အမျိုးသားစားနပ်ရိက္ခာထုတ်လုပ်မှုနှင့် ဆက်စပ်စားနပ်ရိက္ခာလုံခြုံမှု ရည်မှန်းချက်များအောင်မြင်မှုရရှိရေးအတွက် စိုက်ပျိုးရေးဆန်းသစ်တီထွင်မှုတွင်ကြိုးပမ်းမှုများကိုအားပေးခြင်း၊ အထူးသဖြင့် အဓိကကျသောကောက်ပဲသီးနှံများ၊ ဆီထွက်သီးနှံများနှင့်စပ်လျဉ်း၍ တီထွင်ဆန်းသစ်မှုများကို ဆက်လက်အားပေးဆောင်ရွက်သွားမည်ဟု မျှော်မှန်းရပေသည်။

ထို့ကြောင့်ပေကျင်းသည်ဒေသထုတ်ကုန်တိုးမြှင့်ခြင်း၊ မူဝါဒအစီအမံများချမှတ်ခြင်း၊ ရည်မှန်းချက်များထားရှိခြင်းနှင့် ငါးနှစ်စီမံကိန်းများအတွက်လိုအပ်ချက်များကို တစိုက်မတ်မတ်အလေးထားလုပ်ဆောင်လျက်ရှိသည်။ နည်းပညာပိုင်းဆိုင်ရာပြောင်းလဲဖော်ဆောင်မှုတွင် အထောက်အကူပြုခြင်းနှင့် တိုင်းပြည်၏အနာဂတ်စားနပ်ရိက္ခာ ကာကွယ်စောင့်ရှောက်မှုကိုကူညီခြင်းများ လုပ်ဆောင်နိုင်ရန် တရုတ်နိုင်ငံသည် ဇီဝနည်းပညာနှင့် ဒစ်ဂျစ်တယ်နည်းပညာတို့တွင် အမြောက်အမြားရင်းနှီးမြှုပ်နှံလုပ်ဆောင်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်ရာတွင် ပဲပိစပ်၊ ပြောင်းကဲ့သို့သော မျိုးရိုးဗီဇပြုပြင်ထား(GM)သည့်ကောက်ပဲသီးနှံများ သုတေသနပြုထုတ်လုပ်ရေးတို့ပါဝင်သည်။

GM ကောက်ပဲသီးနှံများ စီးပွားရေးအရထုတ်လုပ်ရောင်းချမှုကို တိုင်းပြည်၏စားနပ်ရိက္ခာလုံခြုံမှုတွင် ထည့်သွင်းခြင်းသည် ဂယက်ရိုက်ခတ်မှုများရှိနေသော်လည်း များစွာသောလုပ်ဆောင်ချက်များက အဆိုပါလားရာကိုဦးတည်လျက်ရှိသည်။ အထူးသဖြင့် ၂၀၂၄ ခုနှစ် နှောင်းပိုင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်ရေးရာဝန်ကြီးဌာန(MARA)သည် GM ကောက်ပဲသီးနှံ ၁၂ မျိုးအတွက် ဘေးကင်းလုံခြုံမှုအသိအမှတ်ပြုလက်မှတ်များကို အတည်ပြုပေးခဲ့သည့်အတွက် ဇီဝနည်းပညာကိုတရုတ်နိုင်ငံ၏ စားနပ်ရိက္ခာလုံခြုံမှု မူဘောင်အတွင်းသို့ပေါင်းစည်းသွားမည့် ရေရှည်မဟာဗျူဟာကိုပြသလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းကလည်း MARA သည် အမျိုးသားစိုက်ပျိုးရေးနည်းပညာဆန်းသစ်မှု အဓိကနယ်ပယ်များထုတ်ပြန်ခဲ့သည်။ ၎င်းထုတ်ပြန်ချက်တွင် ကောက်ပဲသီးနှံအမယ်သစ်များ စိုက်ပျိုးခြင်း၊ မြေဆီလွှာအရည်အသွေးမြှင့်တင်ခြင်း၊ စိုက်ပျိုးရေးသုံးစက်ပစ္စည်းများတိုးတက်အောင်ဆောင်ရွက်ခြင်း၊ ကောက်ပဲသီးနှံများတွင်ပိုးမွှားများကာကွယ်ခြင်း၊ မွေးမြူရေးတိရစ္ဆာန်နှင့်အပင်များတွင် ပိုးမွှားများထိန်းချုပ်ခြင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အစိမ်းရောင်နှင့်ကာဗွန်ထုတ်လွှတ်မှုနည်းသောစိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းစဉ်နှင့် စားနပ်ရိက္ခာထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးထုတ်ကုန်အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုဆိုသည့် ဦးစားပေးနယ်ပယ် ၁၀ ခုကို မီးမောင်းထိုးပြထားသည်။ ၎င်းထုတ်ပြန်ချက်သည် တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာစိုက်ပျိုးရေးလုပ်ငန်းဦးဆောင်မှုတွင် နည်းပညာဆန်းသစ်မှု၊ အထူးသဖြင့် AI နှင့် ဇီဝနည်းပညာများအရေးပါမှုကို မီးမောင်းထိုးပြသလျက်ရှိသည်။

တစ်ပြိုင်တည်းမှာပင် တရုတ်ဗဟိုအစိုးရသည် မျိုးစေ့အသစ်များထုတ်လုပ်နိုင်ရန် တွန်းအားပေးလုပ်ဆောင်လျက်ရှိသည်။ မကြာသေးမီနှစ်များအတွင်း တရုတ်သမ္မတရှီကျင့်ဖျင်သည် အမှီအခိုကင်းသည့် မျိုးစေ့စက်မှုလုပ်ငန်းထူထောင်သွားရန် တိုက်တွန်းထားသည်။ အဆိုပါတိုက်တွန်းချက်သည် မျိုးစေ့သုတေသနပြုထုတ်လုပ်မှုတွင် နည်းပညာပိုင်းဆိုင်ရာကျော်လွှားနိုင်ရေးဆိုသည့် ယခင်ခေါင်းဆောင်များ၏ ရည်မှန်းချက်နှင့်ကိုက်ညီလျက်ရှိသည်။

လက်ရှိသုတေသနလုပ်ငန်းသည်လည်း ပြည်ပမျိုးစေ့များအပေါ် မှီခိုအားထားနေရမှုလျှော့ချရေးရည်မှန်းလျက် အထွက်နှုန်းကောင်းသော ပေါင်းစပ်မျိုးစေ့နည်းပညာများ ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။ အဆိုပါကြိုးပမ်းမှုများသည် အမျိုးသားကာလလတ်နှင့် ကာလရှည်သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၂၁-၂၀၃၅)နှင့် ၁၄ ကြိမ်မြောက် စိုက်ပျိုးရေးငါးနှစ်စီမံကိန်း (၂၀၂၁-၂၀၂၅)ကဲ့သို့သောအမျိုးသား ငါးနှစ်စီမံကိန်းများနှင့် ကျယ်ပြန့်စွာချိတ်ဆက်လျက်ရှိသည်။ ၎င်းစီမံကိန်းများသည် တရုတ်နိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းမြှင့်တင်မှုမဟာဗျူဟာအောင်မြင်မှုရရှိရေးအတွက် စားနပ်ရိက္ခာအရင်းအမြစ်သစ်များ ဖန်တီးသွားရန်အလေးထားလုပ်ဆောင်လျက်ရှိသည်။



တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းခေတ်မီအဆင့်မြှင့်တင်ရန် နောက်ဆုံးအခြေအနေနှင့်ကိုက်ညီသော သတင်းအချက်အလက်များကိုမျှဝေပေးလျက်ရှိသည်။ အမျိုးသား ခေတ်မီစိုက်ပျိုးရေးအကောင်အထည်ဖော်မှုစီမံကိန်း(၂၀၂၄-၂၀၂၈)နှင့် စိုက်ပျိုးရေးလုပ်ငန်းခေတ်မီတိုးတက်ရေးဆိုင်ရာ ၁၄ ကြိမ်မြောက် ငါးနှစ်စီမံကိန်း(၂၀၂၁-၂၀၂၅)ကဲ့သို့သော အမျိုးသားစီမံကိန်းများဖြင့် ဘက်ပေါင်းစုံမှတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

ဒစ်ဂျစ်တယ်ကျေးရွာများနှင့် ခေတ်မီစိုက်ပျိုးရေးဇုန်ကြီးများတည်ဆောက်ခြင်းသည် နည်းပညာဆန်းသစ်တီထွင်မှုမှတစ်ဆင့် ကုန်ထုတ်လုပ်မှုမြှင့်တင်သွားရန်ရည်မှန်းထားရှိသည်။ ၎င်းလုပ်ငန်းများသည် ဒစ်ဂျစ်တယ်နည်းပညာများနှင့် တိုးတက်လာသောစွမ်းဆောင်ရည်များမှတစ်ဆင့် စိုက်ပျိုးရေးလုပ်ငန်းများပြုပြင်ပြောင်းလဲသွားမည့် တရုတ်နိုင်ငံ၏မျှော်မှန်းချက်အတွက် များစွာအရေးပါလျက်ရှိသည်။

**စားနပ်ရိက္ခာစိန်ခေါ်မှုများ**

တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းပြုပြင်ပြောင်းလဲမှုနှင့် စားနပ်ရိက္ခာလုံခြုံမှုကို အကာအကွယ်ပေးနိုင်ရေးကြိုးပမ်းမှုများသည် ပြည်တွင်း၊ ပြည်ပစိန်ခေါ်မှုများနှင့်ဝိုင်းရံလျက်ရှိသည်။ တိုင်းပြည်၏စားသုံးမှုပုံစံပြောင်းလဲလာစေသည့် စားသုံးဆီကဲ့သို့သော အဓိက စိုက်ပျိုးရေးထုတ်ကုန်များတင်သွင်းနေရမှုများပြားလာခြင်းနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်နေရမှုများနှင့် ဒေသတွင်းကုန်ထုတ်လုပ်မှုများ ပျက်စီးစေသော အစွန်းရောက်ရာသီဥတုများအပြင် အခြားသောအကြောင်းအရာများကိုလည်း ထည့်သွင်းစဉ်းစားသွားသင့်ပေသည်။

တရုတ်နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းတွင် အောင်မြင်မှုများရရှိနေသော်လည်း စိန်ခေါ်မှုများတည်ရှိနေဆဲပင်ဖြစ်သည်။ ရည်မှန်းချက်များ ပြည့်မီရေးအတွက် ဂျုံနှင့်ဆန်စပါးတိုးမြှင့်ထုတ်လုပ်မှုသည် ရေ၊ မြေနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာဖိအားများနှင့်ရှုပ်ထွေးလျက်ရှိသောကြောင့် နည်းပညာနှင့် အခြေခံအဆောက်အအုံတို့တွင် စဉ်ဆက်မပြတ်ရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးတည်ဆောက်မှုပိုင်းဆိုင်ရာပြောင်းလဲမှုများလုပ်ဆောင်သွားရန် လိုအပ်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် အဆိုပါရည်မှန်းချက်များ ပြည့်မီနိုင်မလားဆိုသောအချက်မှာ အခက်အခဲများကိုကျော်လွှားနိုင်မှုအပေါ် မူတည်လျက်ရှိသည်။

နိုင်ငံတစ်ဝန်းပြန့်ကြဲနေသော မိသားစုလယ်ယာလုပ်ငန်းများအပေါ်အခြေခံထားသည့် တရုတ်နိုင်ငံ၏စိုက်ပျိုးရေးပုံစံသည် ခေတ်မီအဆင့်မြှင့်တင်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်။ အထူးသဖြင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများနှင့် စံနှုန်းပြည့်မီသောအလေ့အထများကို လက်ခံကျင့်သုံးရာတွင်အခက်အခဲများနှင့်ရင်ဆိုင်ရလျက်ရှိသည်။

အမျိုးသားစိုက်ပျိုးရေးနည်းပညာနှင့်ပညာပေးပလက်ဖောင်းကဲ့သို့သော လုပ်ငန်းစဉ်များသည် အွန်လိုင်းသင်တန်းများပေးကာ နည်းပညာကွာဟချက်ကိုဖြေရှင်းပေးရန်ရည်မှန်းထားရှိသည်။ သို့သော် ရေရှည်စားနပ်ရိက္ခာလုံခြုံမှုခိုင်မာသေချာစေမည့် စိုက်ပျိုးရေးလုပ်ငန်းများ တီထွင်ဆန်းသစ်မှုအောင်မြင်မှုရရှိရေးအတွက် ပိုမိုခိုင်မာအားကောင်းသောကြိုးပမ်းမှုများလိုအပ်လျက်ရှိသည်။

ထို့ပြင် အရည်အသွေးမြင့်မားသောစိုက်ပျိုးရေးထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်ခြင်းသည် အမေရိကန်ကဲ့သို့သောနိုင်ငံများထက် တရုတ်နိုင်ငံတွင် စိုက်ပျိုးစရိတ်ပိုမိုးကြီးမားနိုင်သည့်အပြင် အထွက်နှုန်းလည်းနည်းပါးနိုင်ပေသည်။ တရုတ်နိုင်ငံတွင် ပြောင်းနှင့်ပဲပိစပ်အထွက်နှုန်းသည် အမေရိကန်ရှိ ပို့ကုန်တင်ပို့နေသောနိုင်ငံများ၏ အထွက်နှုန်း၏ ထက်ဝက်ခန့်သာရှိကြောင်း၊ အဆိုပါနိုင်ငံများသည် တစ်ဟက်တာလျှင် အထွက်နှုန်းများစွာတိုးတက်နေပြီဖြစ်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (UNFAO)ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပါသည်။

တစ်ချိန်တည်းမှာပင် ဒေသဆိုင်ရာအစိုးရများသည် ကြွေးမြီမြင့်မားလာပြီး အခွန်ငွေရရှိမှုနည်းပါးလာသောသံသရာတွင် ထောင်ချောက်မိလျက်ရှိသည်။ ထို့ကြောင့် ကျေးလက်စီမံကိန်းများတွင်ရန်ပုံငွေထည့်ဝင်ရန်ရုန်းကန်နေရသည့်အတွက် ၎င်းစီမံကိန်းများကို အလေးထားဆောင်ရွက်နိုင်စွမ်းမရှိတော့ပေ။ အစိုးရအနေဖြင့် လယ်သမားများ၏ဝင်ငွေမြှင့်တင်ရန် ၂၀၂၃ ခုနှစ်တွင် အမတော်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံထုတ်ချေးပေးခဲ့သော်လည်း ဘဏ္ဍာရေးနှင့်ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အတားအဆီးများကို ကျော်လွှားနိုင်ခြင်းမရှိပေ။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံရှိသော ၂၀၂၄ ခုနှစ် ကြွေးမြီသက်သာရေးအစီအမံကိုလည်း ခေတ္တရွှေ့ဆိုင်းခဲ့ရသည်။ အကြောင်းမူကာ အိမ်ခြံမြေရောင်းဝယ်ရေးတွင် အကျပ်အတည်းများရှိလာပြီး မြူနီစီပယ်ဌာနများအနေဖြင့် မြေယာရောင်းချမှုမရရှိသော အခွန်ငွေကျဆင်းသွားသောကြောင့်ပင်ဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်တွင် အစိုးရကြွေးမြီစုစုပေါင်းသည် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၁၅၀ ရာခိုင်နှုန်းခန့်ရှိလာမည်ဟု မျှော်မှန်းရပြီး ဒေသဆိုင်ရာအစိုးရများသည် ဘဏ္ဍာရေးအကျပ်အတည်းများ ပိုမိုရင်ဆိုင်သွားရဖွယ်ရှိနေသည်။

၂၀၅၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၌ စိုက်ပျိုးလုပ်သားအင်အားအချိုးအစားသည် သုံးရာခိုင်နှုန်းလောက်သာရှိပြီး လုပ်သားအင်အား ၃၁ သန်းအောက်ထိကျဆင်းလာဖွယ်ရာရှိနေသည်။ အဆိုပါလုပ်သားအင်အားလိုအပ်ချက်စိန်ခေါ်မှုများသည် စိုက်ပျိုးရေးလုပ်ငန်းအပြင် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်အရောင်းကွင်းဆက်အတွက်အရေးပါသော ပို့ဆောင်ရေးနှင့် အုပ်ချုပ်ထောက်ပံ့မှုအပေါ်တွင်လည်း သက်ရောက်မှုရှိနေသည်။ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်း၌ တရုတ်နိုင်ငံသည် ထရပ်ကားယာဉ်မောင်းလိုအပ်ချက် လေးသန်းထိဖြစ်ပေါ်ခဲ့သည်။ လုပ်သားအင်အားကျဆင်းလာသည့်အပြင် လူငယ်များအနေဖြင့် မြို့ကြီးများသို့သွားရောက်ကာ အခွင့်အလမ်းပိုမိုကောင်းမွန်သော အလုပ်အကိုင်များရှာဖွေလာလျက်ရှိသည်။

၂၀၂၁ ခုနှစ်တွင် ကျေးလက်ဒေသမှရွှေ့ပြောင်းလုပ်သားဦးရေသည် ၂၉၂ ဒသမ ၅၁ သန်းရှိခဲ့ပြီး နှစ်စဉ် ၆ ဒသမ ၉၁ သန်းတိုးတက်လာခဲ့သည်။ ထိုသို့ လူဦးရေရွှေ့ပြောင်းနေထိုင်လာမှုကြောင့် တရုတ်နိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းခွင်၌လုပ်သားအင်အားနည်းပါးလာမည့်အပြင် စားနပ်ရိက္ခာပံ့ပိုးဖြန့်ဖြူးရေးကွင်းဆက်ထိန်းသိမ်းရာတွင် အရေးပါသော ပို့ဆောင်ရေးနှင့်အုပ်ချုပ်ထောက်ပံ့မှုများကဲ့သို့သော အရေးပါသည့်ကဏ္ဍများအတွက်လည်း ကျေးလက်လုပ်သားရရှိနိုင်မှု ရှားပါးလာနိုင်ကြောင်း ဖော်ညွှန်းလျက်ရှိသည်။

၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း၌ကိုယ်ပိုင်ရပ်တည်နိုင်အောင် ဆောင်ရွက်နေမှုသည် စိန်ခေါ်မှုများစွာနှင့်ရင်ဆိုင်ရလျက်ရှိသည်။ နည်းပညာဆိုင်ရာကန့်သတ်ချက်များမှသည် လူဦးရေရွှေ့ပြောင်းနေထိုင်မှုထိ အတားအဆီးမျိုးစုံကို ကျော်လွှားနိုင်ရေး တရုတ်နိုင်ငံ၏စွမ်းဆောင်ရည်သည် တိုးတက်လာသောလူဦးရေအတွက် စားနပ်ရိက္ခာပံ့ပိုးဖြန့်ဖြူးမှုခိုင်မာသေချာမှုကို အဆုံးအဖြတ်ပေးသွားနိုင်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပေသည်။

**ကိုးကား**

- China’s grand plan for food self-sufficiency By Asia Times.

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ကလေးခရိုင်တွင် မြေထောက်ပဲ ၁၃၂၆ ကေထိ ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၇ ဒသမ ၃၉ တင်းထွက်ရှိ



**ကလေး မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် မြေထောက်ပဲ ၁၃၂၆ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၇ ဒသမ ၃၉ တင်း ထွက်ရှိကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၂၈၄၆ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောမြေထောက်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကလေးမြို့နယ်တွင် ၈၈၄ ကေနှင့်မင်းကင်းမြို့နယ်တွင် ၄၄၂ ကေ စုစုပေါင်း ၁၃၂၆ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေထောက်ပဲ ၂၈၄၆ ကေ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေထောက်ပဲခင်းတွေ လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၃၂၆ ကေရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

မြေထောက်ပဲကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ် ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပုစွန်အစုံပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပုစွန်အစုံပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမိုးက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းများသည် ဒေသမှ ထွက်ရှိသည့် ပုစွန်များဝယ်ယူကာ စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် ဇန်နဝါရီလအတွင်း ပုစွန်အစုံပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ပုစွန်အစုံပိဿာချိန် ၇၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဘိုကလေးမြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ပုစွန်အစုံပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ရန်ကုန်ဈေးကွက်က ပုစွန်တွေဝယ်ယူမှုများပြားလာတာကြောင့် တင်ပို့မှုများပြားလာတာဖြစ်ပါတယ်''ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမိုးက ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်တစ်ပိဿာဈေးနှုန်းသည် ပုစွန်ဘော့ချိတ် ငွေကျပ် ၂၀၅၀၀ မှ ၂၂၅၀၀၊ ပုစွန်ဆိတ်သေး ငွေကျပ် ၁၇၅၀၀ မှ ၁၉၅၀၀၊ ပုစွန်ဆိတ်ကြီးငွေကျပ် ၂၂၅၀၀ မှ ၂၄၀၀၀၊ ပုစွန်တုပ်ကြီး ငွေကျပ် ၃၇၅၀၀ မှ ၅၅၀၀၀ စသဖြင့် လတ်ဆတ်မှုအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ခရမ်းမြို့နယ် မောင်းမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**ခရမ်း မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၁၈ ရက် နံနက်ပိုင်းက မောင်းမကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်က မောင်းမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက မောင်းမကျေးရွာတွင် နှမ်း၊ မြေပဲနှင့် နေကြာအပါအဝင် အခြားသော ဆီထွက်သီးနှံစိုက်ပျိုးမည့် အသင်းသား၊ အသင်းသူ ၁၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်ထံမှ သိရသည်။

**ချိုသန်းညွန့်**

# ဖြူးမြို့နယ် တံခွန်တိုင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ဖြူး မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တံခွန်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက တံခွန်တိုင်ကျေးရွာရှိ ကျေးရွာကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးကျေးရွာတွင်းလမ်းနှင့်ရေသန့်စင်စက်အား အကျိုးရှိစွာ အသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဖြူးမြို့နယ် တံခွန်တိုင်ကျေးရွာ၌ လမ်း အရှည် ပေ ၁၅၉၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းနှင့် တစ်နာရီရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေကျပ် ၈၂ သိန်းဖြင့် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံးရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**

# မိတ္ထီလာမြို့နယ် အိုင့်ကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိတ္ထီလာ မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိတ္ထီလာမြို့နယ်အတွင်းရှိ မြင်းကန်ကျေးရွာအုပ်စု အိုင့်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေဖြင့် ဆိုလာရေတင်စနစ် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၁၈ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် အတူ အိုင့်ကျေးရွာ၌ နိုင်ငံတော်ပံ့ပိုးရန်ပုံငွေဖြင့် ဆိုလာရေတင်စနစ် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အိုင့်ကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေး 2 Hp DC Surface Pump၊ ၅၅၀ ဝပ် ဆိုလာ ခြောက်ချပ်၊ ၃ ဒသမ ၃ ကီလိုဝပ် ဆိုလာတပ်ဆင်ခြင်း လုပ်ငန်းများကို နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ် ၉ ဒသမ ၃၂၇ သန်းဖြင့် မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ တတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ တောင်သူ ငါးဦး၊ ဆီထွက်သီးနှံ စိုက်ဧက ၂၀ကို အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။ **သန်းလွင်(မကွေး)**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# ကနေဒါနိုင်ငံ ဗန်ကိုဗားကျွန်းတွင် တောမီးလောင်ကျွမ်းသည့်ရာသီ ရောက်ရှိလာတော့မည်ဖြစ်၍ မီးသတ်တပ်ဖွဲ့ဝင်များကို ပြန်လည်စုစည်း



**အော့တဝါ မတ် ၁၉**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ဗန်ကိုဗားကျွန်းတွင် ဧပြီလမှစ၍ တောမီးလောင်ကျွမ်းသည့်ရာသီ စတင်တော့မည်ဖြစ်၍ တောမီးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များကို ပြန်လည်စုစည်းနေပြီဖြစ်ကြောင်း Coastal Fire Centre က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

Coastal Fire Centre အနေဖြင့် မီးသတ်တပ်ဖွဲ့ဝင်များကို ပြန်လည်စုစည်းကာ ဧပြီ ၁ ရက်မတိုင်မီ ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သကဲ့သို့ တောမီးငြိမ်းသတ်ရေး အတွက်လည်း လိုအပ်သော အထောက်အကူပြုပစ္စည်းများကို ပြည့်စုံအောင်စုစည်းနေပြီဖြစ်ကြောင်း၊ Coastal Fire Centre ၏ သန္နေမီးသတ်တပ်ဖွဲ့ဝင်များကို ပြန်လည်စုစည်းနေခြင်းဖြစ်ပြီး လိုအပ်ပါက အရန်မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း စုစည်းသွားမည်ဖြစ်ကြောင်း Coastal Fire Centre မှ သတင်းအချက်အလက်တာဝန်ခံ ဂျူလီယာက ပြောကြားခဲ့သည်။

"တောမီးလောင်ကျွမ်းတဲ့ရာသီရောက်လာတော့မှာ ဖြစ်တဲ့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေကို ပြန်လည်စုစည်းတာတွေ ပြုလုပ်နေပါပြီ။ ဗန်ကိုဗားကျွန်းမှာ ပြန်လည်စုစည်းပြီးတော့ လိုအပ်တဲ့ လေ့ကျင့်ပြင်ဆင်မှုတွေပြုလုပ်သွားမယ်။ လာမဲ့ မေလမှာ မျှော်မှန်းထားတဲ့ မီးသတ်တပ်ဖွဲ့ဝင်ပမာဏရရှိမယ်လို့ မျှော်လင့်ပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေအတွက် တစ်ဦးချင်းသိရှိတတ်မြောက်ရမဲ့ လေ့ကျင့်မှုတွေကိုလဲ စတင်ဆောင်ရွက်တော့မှာ ဖြစ်ပါတယ်"ဟု Coastal Fire Centre မှ သတင်းအချက်အလက် တာဝန်ခံ ဂျူလီယာက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# မင်းဘူးမြို့နယ် ပေါက်ကုန်းကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**မင်းဘူး မတ် ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ လေထုညစ်ညမ်းမှု အန္တရာယ်မှ ကင်းဝေးစေရန်နှင့် ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန်အတွက် ပေါက်ကုန်းကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို မတ် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးခင်မောင်ကျော်က မီးခိုးမြူငွေ့အန္တရာယ် အကြောင်း သိကောင်းစရာများ ဆွေးနွေးပြောကြားပြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ထမ်းများက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲသို့ ပေါက်ကုန်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများတက်ရောက်ခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဇင်မာ

# ဟောင်ကောင်ဒေသတွင် ယခုနှစ်အတွင်း အပူချိန်မြင့်တက်မှုများနှင့် ပုံမှန်ထက်ပိုသည့် အပူချိန်ပမာဏဖြင့်ရင်ဆိုင်ရဖွယ်ရှိနေ

**ပေကျင်း မတ် ၁၉**

တရုတ်နိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသတွင် ယခုနှစ်အတွင်း အပူချိန်မြင့်တက်မှုများနှင့် ပုံမှန်ထက်ပိုများသည့်အပူချိန်ပမာဏဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ မိုးလေဝသဆိုင်ရာ လေ့လာသူများအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသတွင် နှစ်စဉ် ဇွန်လမှ အောက်တိုဘာလအတွင်းမုန်တိုင်း တိုက်ခတ်လေ့ရှိပြီး ၂၀၂၄ ခုနှစ်တွင် မုန်တိုင်းငါးကြိမ် တိုက်ခတ်ခဲ့ကြောင်း၊ ယခုနှစ်တွင် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်းအရေအတွက်ထက် ပိုများမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်သည် အပူချိန်အမြင့်ဆုံး ဖြစ်ပေါ်ခဲ့သောနှစ်အဖြစ် မှတ်တမ်းဝင်ထားပြီး ၂၀၂၄ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော အပူချိန်ပမာဏထက် ယခုနှစ်တွင် ပိုမြင့်တက်ဖွယ်ရှိကြောင်း မိုးလေဝသဆိုင်ရာ လေ့လာသူများအဖွဲ့၏ ဒါရိုက်တာ ချန်ပက်ဝေက ပြောကြားခဲ့သည်ဟု သိရသည်။



"ဒီနှစ်အတွင်း အပူချိန်ပမာဏက အရင်နှစ်တွေကထက် ပိုများလာဖွယ်ရှိနေသလို မုန်တိုင်းရာသီမှာလဲ အရင်နှစ်တွေကထက် ပိုများမှာဖြစ်ပါတယ်။ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းဟာ ဒီနှစ်အတွင်း ငါးကြိမ်ကနေ ရှစ်ကြိမ်ထိ ဝင်ရောက်လာနိုင်တယ်။ မုန်တိုင်းဟာ ကီလိုမီတာ ၅၀၀ အတွင်းကို တောက်လျှောက် တိုက်ခတ်လာဖွယ်ရှိနေပါတယ်။ ရာသီဥတုပြောင်းလဲမှုတွေက အခြေအနေပိုဆိုးလာနိုင်တယ်"ဟု မိုးလေဝသဆိုင်ရာ လေ့လာသူများအဖွဲ့၏ ဒါရိုက်တာ ချန်ပက်ဝေက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# စပိန်နိုင်ငံ အန်ဒါလူစီယာနယ်မြေတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်း

**မက်ဒရစ် မတ် ၁၉**

စပိန်နိုင်ငံ အန်ဒါလူစီယာနယ်မြေ တောင်ဘက်ပိုင်းတွင် ရက်သတ္တ သုံးပတ်ဆက်တိုက် မိုးရွာသွန်းကာ ရေကြီးရေလျှံမှု ဖြစ်ပွားနေပြီး ဒေသခံတချို့ကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် စပိန်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုမှာ အန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိခဲ့ပြီး မတ် ၁၇ ရက်မှစတင်၍ ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းနေရခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် လူနှစ်ဦးပျောက်ဆုံးနေပြီး ပျောက်ဆုံးနေသူနှစ်ဦးမှာ အန်ဒါလူစီယာနယ်မြေ၏ အဓိကမြို့ကြီးဖြစ်သည့် ဆီဗီလာမြို့မှဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော မိသားစု ၃၆၈ စုထိရှိနေပြီး ဘေးလွတ်ရာရွှေ့ပြောင်းရဖွယ်ရှိနေသည့်လူဦးရေ ဆက်လက်မြင့်တက်လာဖွယ် ရှိနေကြောင်း စပိန်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

"အန်ဒါလူစီယာ နယ်မြေအတွင်း နေရာအနှံ့အပြားမှာ မိုးသည်းထန်စွာ ရွာသွန်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ မိုးရွာနေတာ ရက်သတ္တ သုံးပတ်ဆက်တိုက် ရှိနေပြီဖြစ်ပါတယ်။ ရေကြီးရေလျှံမှုဟာလဲ အန္တရာယ်ရှိတဲ့အဆင့်ဖြစ်တဲ့အတွက် ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားချက်လက်ခံရရှိထားတဲ့ ဒေသခံတွေအနေနဲ့ အမြန်ဆုံးဘေးလွတ်ရာရွှေ့ပြောင်းပေးကြပါ"ဟု အန်ဒါလူစီယာနယ်မြေ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မိုရီနိုက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# FEMA ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးလုပ်ငန်းတာဝန်များကို သက်ဆိုင်ရာသို့လွှဲပြောင်းပေးသည့်အမိန့်စာတွင် သမ္မတဒေါ်နယ်ထရန့် လက်မှတ်ရေးထိုး

**ဝါရှင်တန် မတ် ၁၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဖက်ဒရယ်အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီ(FEMA) ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာပြည်နယ်နှင့် နယ်မြေအာဏာပိုင် အဖွဲ့အစည်းထံ လွှဲပြောင်းပေးသည့် အမိန့်စာတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံအတွင်း ဖြစ်ပေါ်ခဲ့သော သဘာဝဘေးဒဏ်များနှင့်ပတ်သက်ပြီး ဖက်ဒရယ်အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီ(FEMA) ၏ စီမံခန့်ခွဲမှုများမှာ ထိရောက်ခြင်းမရှိကြောင်း ဒေါ်နယ်ထရန့်က မှတ်ချက်ပြုခဲ့ကြောင်း၊ FEMA ကို ဖျက်သိမ်းခြင်းမျိုးမဟုတ်ဘဲ FEMA ၏ မူဝါဒတချို့ကို ပြင်ဆင်ခြင်းဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ဖြင့် ရင်ဆိုင်ရသောပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကို ပြည်နယ်အလိုက်၊ သက်ဆိုင်ရာဒေသအလိုက် အာဏာပိုင်အဖွဲ့အစည်းများက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

"အမိန့်စာအရ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာရင် သက်ဆိုင်ရာပြည်နယ်နဲ့ ဒေသအလိုက်က အာဏာပိုင်အဖွဲ့အစည်းကတာဝန်အရှိဆုံးဖြစ်ပါမယ်။ ပြည်နယ်အလိုက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတွေအတွက် လိုအပ်တဲ့အခြေခံအဆောက်အအုံတွေကိုလဲ ဖက်ဒရယ်အဆင့်ကနေ တာဝန်ယူတာမျိုးမဟုတ်ဘဲ သက်ဆိုင်ရာပြည်နယ်အလိုက်၊ ဒေသအလိုက် အာဏာပိုင်အဖွဲ့အစည်းက တာဝန်ယူပြင်ဆင်ပေးသွားရမယ်"ဟု Union of Concerned Scientists မှ သုတေသီ ရှာနာယူဇက်ဒီက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ဇီဝမျိုးစုံမျိုးကွဲများတည်ရှိရာထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော



ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ကျက်စားနေသည့်ဘင်္ဂလားကျားကို တွေ့ရစဉ်။

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့အတွင်းတည်ရှိပြီး အကျယ်အဝန်း ၂၁၅၀ ဒသမ ၇၃ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။ အဆိုပါဘေးမဲ့တောသည် ချင်းတွင်းမြစ်ကြီးဘေးတွင်တည်ရှိပြီး ဥရုချောင်းနှင့်လည်း နီးကပ်သည့်အတွက် တောရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားရာ သဘာဝဘေးမဲ့ဥယျာဉ်ကြီးတစ်ခုဖြစ်သည်။

ကမ္ဘာ့ရှားပါးတောရိုင်းတိရစ္ဆာန်အဖြစ် သတ်မှတ်ခံထားရသည့် ဘင်္ဂလားကျား၊ ဝက်ဝံမျိုးစိတ်နှင့် အခြားတောရိုင်းတိရစ္ဆာများ ရှင်သန်ကျက်စားရာ ဘေးမဲ့တောကြီးတစ်ခုဖြစ်သည့်အပြင် အခြားသော မျိုးသုဉ်းလုနီး တိရစ္ဆာန်များရှင်သန်ကျက်စားရာ ဘူမိနက်သန်နေရာတစ်ခုအဖြစ်တည်ရှိနေခြင်းသည် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ပင်ဖြစ်သည်။ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၁၉၇၄ ခုနှစ် မေလတွင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၉၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ဟုမ္မလင်းမြို့၌ အုပ်ချုပ်ရေးမှူးရုံးကို ဖွင့်လှစ်၍ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို လာအိုနိုင်ငံ ပါဆီမြို့၌ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခံခဲ့ရကြောင်း သိရသည်။

**ထမံသီဘေးမဲ့တော**

မြန်မာနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အမျိုးသားဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်စုစုပေါင်း ၅၉ ခုရှိပြီး အာဆီယံအမွေအနှစ်စာရင်းဝင်ရှစ်ခုရှိသည်။ ၎င်းတို့မှာ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ အင်းလေးကန်၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ နတ်မတောင်အမျိုးသားဥယျာဉ်၊ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်နှင့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ဖြစ်သည်။ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ကမ္ဘာ့ရှားပါးတောရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားလျက်ရှိရာ သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်သည့်အပြင် ဂေဟဗေဒဆိုင်ရာကောင်းမွန်သောနေရာတစ်ခုဖြစ်ခြင်း၊ တိုင်းရင်းသားများ၏ယဉ်ကျေးမှုဓလေ့ထုံးတမ်းများတည်ရှိရာနေရာဖြစ်ခြင်း၊ တောဆင်ရိုင်း၊ ကျား၊ အင်းကျား၊ ဝက်ဝံနက်၊ သင်းခွေချပ် စသည့်ရှားပါးတောရိုင်း တိရစ္ဆာန်နှင့် အပင်မျိုးစိတ်များကျက်စားလျက်ရှိခြင်းတို့ကြောင့် အာဆီယံအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထမံသီဘေးမဲ့တောသည် အမြဲစိမ်းသစ်တောဖြစ်သည်နှင့်အညီ ရာသီမပြတ်စိမ်းစိုလှပလျက်ရှိပြီး နိုင်ငံပေါင်းကိုးနိုင်ငံကို ဖြတ်သန်းထားသည့် အမေဇုန်မိုးသစ်တောနှင့် ဆင်တူလျက်ရှိသည်။ အမေဇုန်မိုးသစ်တောသည် မြစ်၊ ချောင်းများ ပေါများပြီး ကမ္ဘာ့မိုးသစ်တောများ၏ထက်ဝက်ကို ကိုယ်စားပြုလျက်ရှိရာ ကမ္ဘာ့ရာသီဥတုအပြောင်းအလဲကို ထိန်းချုပ်ပေးသည်ထိ အမေဇုန်သစ်တောသည် လူသားနှင့်ကမ္ဘာကို အကျိုးပြုလျက်ရှိသည်။

**တွေ့ရှိရသည့်မျိုးစိတ်များ**

ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် နို့တိုက်သတ္တဝါ ၅၇ မျိုး၊ ငှက်မျိုးစိတ် ၃၃၂ မျိုး၊ ငါးမျိုးစိတ် ၆၇ မျိုး၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၇၇ မျိုး၊ အပင်မျိုးစိတ် ၄၃၂ မျိုး၊ ဆေးဖက်ဝင်အပင် ၁၉ မျိုး၊ ဝါး ၁၄ မျိုး၊ ကြိမ်ရှစ်မျိုး၊ ရေနေပင် ၂၃ မျိုး၊ မြက် ၁၈ မျိုးနှင့် သစ်ခွမျိုးစိတ် ၁၆ မျိုးတည်ရှိနေသည့်အပြင် တိုက်လိပ်အပါအဝင် ရှားပါးတောရိုင်းတိရစ္ဆာန် မျိုးစိတ်များလည်း တည်ရှိနေသည်။

အဆိုပါဘေးမဲ့တောဥယျာဉ်တွင် အမြဲစိမ်းတောနှင့် ရွက်ကြွေတော စသည့်သစ်တောအမျိုးအစားများ ပေါက်ရောက်ကြသည်။ မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နေသည့် ရှားပါးမျိုးစိတ်များဖြစ်သည့် တောဘဲမန်ဒါလီ၊ အာရှဆင်၊ ကျား၊ မျောက်လွှဲကျော်မျက်ခုံးဖြူ၊ ရေဗလုံမျိုးစိတ်များ ကျက်စားနေထိုင်လျက်ရှိသည်။ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အထူးသဖြင့် ကမ္ဘာ့ရှားပါးစာရင်းဝင် ဘင်္ဂလားကျား၊ ရင်ဘတ်တွင် အဖြူရောင်ဗွီပုံသဏ္ဌာန်ရှိသည့် ဟိမဝန္တာဝက်ဝံနှင့် ရင်ဘတ်တွင် အဖြူရောင်ယူပုံသဏ္ဌာန်ရှိသည့် မလေးရှား ဝက်ဝံမျိုးစိတ်နှစ်မျိုး ရှင်သန်ကျက်စားလျက်ရှိသည်။

**အခွင့်အလမ်းများ**

သဘာဝတောရိုင်းတိရစ္ဆာန်များ ကျက်စားနေထိုင်ရာ တောတောင်များ ရှင်သန်တည်ထောင်နိုင်မှုသည် သစ်တောထွက်ပစ္စည်းများကို အသုံးပြုနိုင်ခြင်း၊ ဆေးဖက်ဝင်အပင်များမှ ဆေးဝါးများထုတ်လုပ်နိုင်ခြင်း၊ သစ်တောအတွင်းရှိ မြစ်ချောင်းအင်းအိုင်နှင့် ရေတံခွန်တို့တွင် ဒေသမျိုးရင်း ငါးမျိုးစိတ်များကို ထိန်းသိမ်း၍ သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ခြင်း၊ သစ်တောထွက်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ခြင်းတို့ကြောင့် နိုင်ငံခြားဝင်ငွေရရှိစေနိုင်မည်ဖြစ်သည်။ ရှားပါးတောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသည် နိုင်ငံ၏ဂုဏ်ကို ထုတ်ဖော်ပြသ

**❖ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရှားပါးငှက်များ နေထိုင်ကျက်စားလျက်ရှိသောကြောင့် သုတေသနလုပ်ငန်းများ ပြုလုပ်နိုင်ခြင်း၊ ငှက်ကြည့်ရှုသူများ လာရောက်လေ့လာနိုင်ခြင်း၊ တောရိုင်းတိရစ္ဆာန်ခြေရာများကို ဗဟုသုတအဖြစ် လေ့လာနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကို လေ့လာကြည့်ရှုနိုင်ခြင်း၊ တောတွင်းခရီးစဉ်များသွားလာနိုင်ခြင်း၊ ဒေသခံရှမ်းနီလူမျိုးများ၊ နာဂတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုနှင့် နေထိုင်မှုဓလေ့တို့ကို လေ့လာနိုင်ခြင်း၊ ထမံသီဘေးမဲ့တောသင်တန်းနှင့် သုတေသနစင်တာတို့တွင် ကြည့်ရှုလေ့လာလည်ပတ်နိုင်ခြင်းဖြင့် ဘေးမဲ့တော၏ သဘာဝအလှကို အနီးကပ်ခံစားတွေ့မြင်နိုင်မည်ဖြစ်သည်။ ❖**

နိုင်ခြင်းဖြစ်ပြီး ဘေးမဲ့တောများ စိမ်းစိုလှပရှင်သန်မှုသည် နိုင်ငံ၏ရာသီဥတုမျှတမှုကိုလည်း အကျိုးပြုလျက်ရှိသောကြောင့် ဘေးမဲ့တောများသည် နိုင်ငံ၏ရတနာသိုက်များပင်ဖြစ်သည်။ ချင်းတွင်းမြစ်ဘေးတွင်တည်ရှိသည့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ စစ်တမ်းများအရ ဘင်္ဂလားကျားကောင်ရေ ၂၀ ခန့် ကျက်စားနေထိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။

**သဘာဝအလှကိုအနီးကပ်ခံစားတွေ့မြင်နိုင်**

သဘာဝအခြေခံကောင်းများ ကြွယ်ဝသော မြန်မာနိုင်ငံတွင် ပွင့်လင်းခရီးသွားရာသီ၌ ပြည်တွင်းပြည်ပမှ ခရီးသွားများသွားရောက်လည်ပတ်နိုင်ရန် ခရီးသွားဒေသတို့၌ ကြိုတင်ပြင်ဆင်ကြလျက်ရှိပြီး ခရီးစဉ်များ အဆင်ပြေစွာသွားရောက်လည်ပတ်နိုင်ရန်ဖိတ်ခေါ်လျက်ရှိသည်။ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရှားပါးငှက်များနေထိုင်ကျက်စားလျက်ရှိသောကြောင့် သုတေသနလုပ်ငန်းများပြုလုပ်နိုင်ခြင်း၊ ငှက်ကြည့်ရှုသူများ လာရောက်လေ့လာနိုင်ခြင်း၊ တောရိုင်းတိရစ္ဆာန်ခြေရာများကို ဗဟုသုတအဖြစ် လေ့လာနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကို လေ့လာကြည့်ရှုနိုင်ခြင်း၊ တောတွင်းခရီးစဉ်များ သွားလာနိုင်ခြင်း၊ ဒေသခံရှမ်းနီလူမျိုးများ၊ နာဂတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုနှင့် နေထိုင်မှုဓလေ့တို့ကိုလေ့လာနိုင်ခြင်း၊ ထမံသီဘေးမဲ့တောသင်တန်းနှင့် သုတေသနစင်တာတို့တွင် ကြည့်ရှုလေ့လာလည်ပတ်နိုင်ခြင်းဖြင့် ဘေးမဲ့တော၏ သဘာဝအလှကို အနီးကပ်ခံစားတွေ့မြင်နိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသော ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မြန်မာနိုင်ငံတွင် အကြီးဆုံးသော တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဧရိယာများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး တောရိုင်းတိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေး၊ သဘာဝသယံဇာတစီမံခန့်ခွဲမှု တိုးတက်စေရေးနှင့် ဒေသခံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့သည် အဆိုပါဘေးမဲ့တောကြီး၏ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝမှုအပေါ်တွင် မူတည်လျက်ရှိပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၂၀၂၄ခုနှစ် ဩဂုတ်လထုတ် မြန်မာ့အလင်းသတင်းစာ။

**နှင်းအိ(ရာမည်မြေ)**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**

**စည်သူဦးစိုင်းလုံးဆိုင်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ဝင်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(ငြိမ်း)**

**အသက်(၇၈)နှစ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ အမှတ်(၄)ရပ်ကွက်၊ မိုင်းယန်းလမ်း၊ အိမ်အမှတ်-၆(က) နေ စည်သူဦးစိုင်းလုံးဆိုင် (၇၈)နှစ်သည် ၁၉-၃-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၉:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**



# ဝန်ထမ်းအလိုရှိသည်

လျှပ်စစ်ပစ္စည်းဖြန့်ချိရေး Company အတွက် အမှန်တကယ်ကြိုးစားလုပ်ကိုင်၍ ပိုမိုတိုးတက်သော အခွင့်အလမ်းဖန်တီးလိုသော ဝန်ထမ်းအလိုရှိသည်။

**အမှတ်စဉ်(၁) Sale Leader အမျိုးသား/အမျိုးသမီး (၃) ဦး**

- ✔ အရောင်းပိုင်းအတွေ့အကြုံ (၂)နှစ်အထက်
- ✔ လိုအပ်လျှင် နယ်ခရီးထွက်နိုင်ရမည်။
- ✔ လစာ + % + ရက်မှန်ကြေး

**အမှတ်စဉ်(၂) ဂိုဒေါင်စာရင်းကိုင် အမျိုးသမီး (၂) ဦး**

- ✔ ဂိုဒေါင်ပိုင်းအတွေ့အကြုံ (၁)နှစ်အထက်
- ✔ Computer Basic ကျွမ်းကျင်ရမည်
- ✔ လစာ + % + ရက်မှန်ကြေး

အမှတ်စဉ် (၁)နှင့် (၂)အတွက် ပညာအရည်အချင်း အနည်းဆုံး အထက်တန်းအောင်မှ ဘွဲ့ရထိဖြစ်ပါသည်။

အသက် (၂၀)မှ (၃၀)အတွင်းဖြစ်ရမည်။

လိုအပ်သော စာရွက်စာတမ်းနှင့်တကွ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

အလုပ်လျှောက်ရန်အချိန်။ ။ နံနက် (၉)နာရီမှ ညနေ (၄)နာရီထိ (ဥပုသ်ပိတ်သည်။)

လျှောက်လွှာပိတ်ရက် ။ ။ ၃၁-၃-၂၀၂၅

လိပ်စာ - **Q.Star LED Lighting Co.,Ltd**
**67(A) လမ်းနှင့် 42 လမ်းထောင့်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

ဖုန်း - **09-798931198၊ 09-773688880၊ 09-968888173**


## အဖိုးတန် ရေချိုကို ချွေတာပါ




# မုံရွာခရိုင်တွင် ထောပတ်ပဲကေ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၆ ဒသမ ၆၂ တင်းထွက်ရှိ



**မုံရွာ မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ထောပတ်ပဲ ၁၄၁၄ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၄၁၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောထောပတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ မုံရွာမြို့နယ်တွင် ၉၆၂ ဧက၊ ဘုတလင်မြို့နယ်တွင် ၇၇ ဧကနှင့် ချောင်းဦးမြို့နယ်တွင် ၃၇၅ ဧက စုစုပေါင်း ၁၄၁၄ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၆၂ တင်းထွက်ရှိကြောင်း သိရသည်။

"မုံရွာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ထောပတ်ပဲ ၁၄၁၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ထောပတ်ပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ထောပတ်ပဲကိုဆောင်းမှာ ပဲစိုက်ပျိုးကြတာပါ။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ပါတယ်။ ထောပတ်ပဲဟာ ဈေးကောင်းရရှိတဲ့အတွက်ကြောင့် အားထား စိုက်ပျိုးကြတာဖြစ်ပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲများကို သီးသန့်စိုက်ပျိုးကြသလို အချို့တောင်သူများက အပိုဝင်ငွေရရှိစေရန်အတွက် သီးညှပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေးဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ကြာအင်းဆိပ်ကြီးမြို့နယ် ကော့ကမာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြာအင်းဆိပ်ကြီး မတ် ၁၉**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကော့ကမာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဌမအကြိမ် ထုတ်ချေးခြင်းကို မတ် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကော့ကမာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူနှစ်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူခုနစ်ဦး၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူနှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၃၂ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့်ထုတ်ချေး ပေးခဲ့ကြောင်း ကြာအင်းဆိပ်ကြီး မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းထံမှ သိရသည်။

**ကိုသက်**







## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တိုးချဲ့(၂)ရပ်ကွက်တွင်နေထိုင်သော ဒေါ်ဖြိုးငယ်ဝင်း(၁/မညန(နိုင်)၁၄၇၆၆၄)၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်ဖြိုးငယ်ဝင်း၏ အကျိုးစီးပွားအား ထိခိုက်နစ်နာစေရန်သော်လည်းကောင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန်သော်လည်းကောင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေသော မဟုတ်မမှန်သတင်းများကို ဆက်သွယ်ရေးကွန်ရက်အားအသုံးပြု၍ လူ့ပတ်ဝန်းကျင်တွင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အသေရေဖျက်စေသည့်စာသားများ မဟုတ်မမှန်ရေးသားခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖြန့်ဝေခြင်းများပြုလုပ်ခြင်း၊ အင်တာနက်လူမှုကွန်ရက်များပေါ်တွင် Post များတင်ခြင်း၊ မဟုတ်မမှန် တစ်ဖက်သတ်အမြင်တစ်ခုတည်းဖြင့် အထင်အမြင်လွဲမှား၍ စွပ်စွဲပြောဆိုသည့် Comments များဝင်ရောက်ရေးသားခြင်း၊ ပြောဆိုခြင်းများ လုံးဝ(လုံးဝ)မပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ ပြုလုပ်ထားမှုများရှိပါက ယနေ့မှစ၍ ပြန်လည်ဖျက်သိမ်းပေးပါရန်နှင့် အထက်ပါကိစ္စရပ်များအား ပြုလုပ်သူနှင့် တစ်ဆင့်ပြန်လည်ဖြန့်ဝေသူများကို မည်သူ့ကိုမဆို မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ယဉ်ဝေသန့်
အထက်တန်းရှေ့နေ(စဉ်-၅၆၂၉၇)
ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့။
ဖုန်း ၀၉-၉၅၁၅၄၄၁၅၅




## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်တင်ဇာဝင်း (ခ) မဖြူ (ဘ) ဦးအေးကြူ(၉/ပကခ(နိုင်)၀၀၄၂၄၉)၊ မဟာအောင်မြေ ကျောက်အရောင်းအဝယ်လုပ်ငန်းနှင့် ဦးဇော်ဇော်သန့် (ခ) ဖြူဖွေး (ဘ) ဦးသန့်ဇင်(၉/တတဥ(နိုင်)၁၁၄၉၃၇) မဟာအောင်မြေ ကျောက်အရောင်းအဝယ်လုပ်ငန်းတို့သည် စာချုပ်အမှတ်စဉ် (၈/၂၀၂၅) ဒုတိယဦးစီးမှူး ဒေါ်အေးမြမြအောင် တံတားဦးခရိုင်တရားရုံး၊ မန္တလေးတိုင်းဒေသကြီး ရှေ့မှောက်၌ (၁၇-၃-၂၀၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်မ ဒေါ်တင်ဇာဝင်း (ခ) မဖြူနှင့် ဦးဇော်ဇော်သန့် (ခ) ဖြူဖွေးတို့သည် စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတို့တွင် မည်သို့မျှပတ်သက်ဆက်နွယ်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်ဇာဝင်း (ခ) မဖြူ
(၉/ပကခ(နိုင်)၀၀၄၂၄၉)
မဟာအောင်မြေ ကျောက်အရောင်းအဝယ်လုပ်ငန်း
ရပ်တန်းရပ်၊ တံတားဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ နန်းထိုက်တော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးစိုင်းကျော်လွင်ဦး၏သား မောင်စိုင်းခေးဟန်ဖ၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ (၉-၉-၂၀၁၃)ဖြစ်ပါကြောင်း။

မောင်စိုင်းခေးဟန်ဖ(၉-၉-၂၀၁၃)

## အမည်မှန်


မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မှော်အရှေ့အကွက်အမှတ်(၄၃၂)၊ မန်းတော်သာရပ်နေ ဦးခင်ရွှေ၏သမီး မသီရိလှိုင်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မသီရိအောင်ဖြစ်ပါကြောင်း။ **မသီရိအောင်(၉/မဟမ(နိုင်)၀၀၃၄၇၉)**

## အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မှော်အရှေ့အကွက်အမှတ်(၄၃၂)၊ မန်းတော်သာရပ်နေ ဦးခင်ရွှေ၏သား ဦးဝင်းမြတ်သူ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝင်းမျိုးဦးဖြစ်ပါကြောင်း။ **ဦးဝင်းမျိုးဦး(၉/မဟမ(နိုင်)၀၀၃၄၇၈)**

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်...**

❖ **လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ၂၀၂၅ ခုနှစ် ၅၁ နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်ချီးမြှင့်



မော်လမြိုင် မတ် ၁၉

၂၀၂၅ ခုနှစ် ၅၁ နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးသည် မော်လမြိုင်မြို့ သမိန်ဗရမ်း(ဘက်စုံသုံးကွင်း)၌ ကျင်းပသည့် ၅၁ နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊

စာမျက်နှာ ၁၇ ကော်လံ ၁ ☞

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။
Tel: 95-01-8373255,8373265,8373267, 8373291
Fax: 95-01-8373257